mgyoe.com

SAMPLE BOOK

မိုးသက်ဟာန်

# နော်ဝေဂျီယန်ဝုဒ်

Haruki
**Murakami**

**Norwegian**
**WOOD**



mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - နိုဝင်ဘာလ၊ ၂၀၁၂ ခုနှစ်၊ စံမီရာစာအုပ်တိုက်။
ဒုတိယအကြိမ် - မတ်လ၊ ၂၀၁၇ ခုနှစ်။ ကံ့ကော်ဝတ်ရည်စာပေ။
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်းပုံနှိပ်တိုက်(၀၀၄၃၅)
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ် - စွယ်တော်ပုံနှိပ်တိုက်(၀၀၄၁၁)
အမှတ် (၁၄၇)၊ (၅၁) လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးဒီဇိုင်း - ဝင်းမြင့်ဦး
တန်ဖိုး - ၁၃၀၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

# မိုးသက်ဟန်

## နော်ဝေဂျီယန်ဝုဒ်

**ကံ့ကော်ဝတ်ရည်စာပေ**
အမှတ်-၂၂၊ မဟာဧယျလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁ ၈၆၁၀၇၄၄၊ ၀၉ ၇၃၀ ၄၁၁၃၇
email: kantkawwutyee@gmail.com

**http://kantkawwutyee.myanmaronlinesales.com**
**www.facebook.com/KantKawWutYeePublishing**
တွင် ဝင်ရောက်ကြည့်ရှု မှာယူနိုင်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## ဒုတိယအကြိမ် အတွက်အမှာစကား

ဂျပန်စာရေးဆရာ ဟာရူကိမူရာကာမိ (Haruki Murakami) ရဲ့ "Norwegian Wood" ဝတ္ထုရှည်ကို ၂၀၁၂-ခုနှစ်မှာ 'နော်ဝေတောအုပ်' လို့ အမည်ပေးပြီး ကျွန်တော်ဘာသာပြန်ခဲ့တာကို စံမိရာစာအုပ်တိုက်က ထုတ်ဝေခဲ့ပါတယ်။ ကျွန်တော် ဘာသာပြန်လို့ပြီးတာ ၂၀၁၀ ခုနှစ် မကုန်ခင်ကဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် နောက်ကျမှ ထုတ်ဝေနိုင်ခဲ့ပါတယ်။ ပထမအကြိမ် ထုတ်ဝေဖို့ ကြိုးစားခဲ့စဉ်က စာပေစိစစ်ရေးလို့ခေါ်တဲ့ လွတ်လပ်စွာ ထုတ်ဖော်ရေးသားမှုမှန်သမျှကို ဖြတ်တောက်၊ ချုပ်ထိန်းတဲ့ ဌာနကို ဖြတ်ကျော်ရတာမို့ ဘာသာပြန်စာမူရဲ့ သုံးပုံတစ်ပုံလောက်ဟာ ပယ်ဖျက်ရမှာမို့ ကျွန်တော်နဲ့ စံမိရာစာအုပ်တိုက်က ကိုလူမာန်သာတို့ တိုင်ပင်ပြီး နောက်ဆုတ်ခဲ့ပါတယ်။ အဲဒီ စာပေစိစစ်ရေးဌာနဆိုသဟာကြီး မရှိတော့တဲ့နောက်မှာမှ ကျွန်တော်တို့ ထုတ်ဝေခဲ့ပါတယ်။ "Norwegian Wood" ကို ထိုစဉ်က အခြားဘာသာပြန် စာရေးဆရာတစ်ယောက်က ကျွန်တော်တို့ထက် စောပြီး စာအုပ်ထုတ်ခဲ့ပေမယ့် ကျွန်တော့် ဘာသာပြန်မှု ထွက်လာတဲ့အခါမှာလည်း စာဖတ်ပရိသတ်ရဲ့ ထိုက်သင့်တဲ့ အားပေးမှုရခဲ့တာကြောင့် ကျေနပ်ပီတိ ဖြစ်ရသလို စာဖတ်သူများ ကိုလည်း အထူးကျေးဇူးတင်မိပါတယ်။ ပထမအကြိမ် ထုတ်ဝေခဲ့စဉ်က စာလုံးပေါင်းသတ်ပုံ အမှားအယွင်း၊ စာအကျအပေါက် အဆင်မပြေတာတွေ

mgyoe.com

mgyoe.com SAMPLE BOOK

များစွာ ရှိခဲ့တဲ့အတွက် စာဖတ်ပရိသတ်များကို အနူးအညွတ် တောင်းပန်ချင်ပါတယ်။ ယခု ဒုတိယအကြိမ်မှာတော့ စာအကျအပေါက် မရှိသလောက် အမှားအယွင်း မရှိလောက်အောင် အားထုတ်ထားပါတယ်။

ပထမအကြိမ် ထုတ်ဝေခဲ့စဉ်က 'နော်ဝေတောအုပ်' လို့အမည်ပေးပြီး ယခု ဒုတိယအကြိမ် ထုတ်ဝေရာမှာတော့ 'နော်ဝေဂျီယန်ဝုဒ်' လို့ အမည်ပြောင်းလဲ ထုတ်ဝေလိုက်တာနဲ့ ပက်သက်လို့ ကျွန်တော် နည်းနည်း ရှင်းပြချင်ပါတယ်။ မူရင်းစာရေးသူ မူရာကာမိဟာ သူ့ဝတ္ထုတွေကို နာမည်ပေးရာမှာ သူနှစ်သက်တဲ့ ဂီတအဖွဲ့တွေရဲ့ သီချင်းတွေထဲက သူနှစ်သက်ရာ သီချင်းတွေရဲ့နာမည်တွေကို ယူသုံးလေ့ရှိပါတယ်။ 'Norwegian Wood' ဆိုတဲ့ နာမည်ဟာ ၁၉၆၀ နောက်ပိုင်းနှစ်တွေမှာ ကမ္ဘာတစ်လွှား အုတ်အော်သောင်းတင်း အောင်မြင်ခဲ့တဲ့ The Beatles အဖွဲ့ရဲ့ သီချင်းတစ်ပုဒ် ဖြစ်ပါတယ်။ ဒီအကြောင်းကို မူရာကာမိကိုယ်တိုင်လည်း အင်တာဗျူးတွေမှာ ထုတ်ဖော်ပြောလေ့ရှိပါတယ်။ 'Norwegian Wood' ဆိုတာ ဒီအတိုင်းကြည့်ရင်တော့ 'နော်ဝေတောအုပ်' လို့ ပြန်ဆိုလို့ရပေမယ့် သူ့ရဲ့သီချင်းထဲက အဓိပ္ပာယ်ကတော့ ဒီလိုမဟုတ်ပါဘူး။

'I once had a girl, or should I say she once had me.
She showed me her room, Isn't it good Norwegian Wood.

သီချင်းရဲ့ဆိုလိုရင်းက သီချင်းထဲက ကောင်လေးကို သီချင်းထဲက ကောင်မလေးက သူမနေထိုင်ရာ အိမ်ကိုပြခဲ့တယ်။ အိမ်က နော်ဝေသစ်သားနဲ့လုပ်ထားတာမို့ ကောင်းတယ်မဟုတ်လားလို့ တစ်နေရာမှာ ဖော်ပြထားတယ်။ သူတို့နှစ်ယောက် တစ်ညလုံးထိုင်ပြီး ဝိုင်တွေသောက်ရင်း စကားတွေ ပြောခဲ့ကြတယ်။ မနက်လင်းတော့ ကောင်လေးတစ်ယောက်ပဲ ကျန်တော့တယ်။ ငှက်ကလေးထပျံသွားပြီ ကောင်မလေး မရှိတော့ဘူးလို့ ဆိုလာပြန်တယ်။ ပြီးတော့ သူဟာလည်း မနေ့က ရှိခဲ့တဲ့ အိမ်ထဲမှာ မဟုတ်တော့ဘဲ နွားစာခွက်ထဲကို ရောက်လို့နေတယ်။ သူတစ်ယောက်ထဲ ဟာတာတာဖြစ်လို့ ကျန်ခဲ့ရတယ်လို့ သီချင်းက ဆိုထားပါတယ်။ ဒီတော့ မြန်မာလို ပြန်ရာမှာ Norwegian Woods ကို နော်ဝေသစ်သားလို့ ပြန်ဖို့ရာကလည်း စာအုပ်ခေါင်းစဉ်အနေနဲ့က မလှပပြန်ဘူး။ ပထမအကြိမ်မှာ ဘာသာပြန်သူ ကျွန်တော်က 'နော်ဝေတောအုပ်' လို့ ပမာဒလေခ ပြန်ခဲ့မိပေမယ့် ဒုတိယအကြိမ်မှာတော့ 'နော်ဝေဂျီယန်ဝုဒ်'

mgyoe.com

mgyoe.com
SAMPLE BOOK

လို့ပဲ တိုက်ရိုက် အသံဖလှယ်သုံးလိုက်ပါတယ်။ ဘာသာပြန်ရာမှာ မူရင်းနဲ့ အနီးစပ်ဆုံး ပြန်ဆိုထားပေမယ့် လိုနေတာတွေ၊ မချောမွေ့တာလေးတွေ ရှိကောင်းရှိနေနိုင်ပါသေးတယ်။ အဲဒီလို အဆင်မပြေတာတွေရှိခဲ့ရင် အယူအကောက်လွဲတာမျိုးတွေ ရှိခဲ့ရင် ဘာသာပြန်သူရဲ့ အပြစ်သာဖြစ်ကြောင်း ကြိုတင်တောင်းပန်ထားပါရစေ။

ဒုတိယအကြိမ် ထုတ်ဝေမှုအတွက် 'ကံ့ကော်ဝတ်ရည်' စာအုပ်တိုက်ကို အထူးကျေးဇူးတင်ပါတယ်။ ပြီးတော့ အထူးကျေးဇူးတင်လိုတာက စာဖတ်သူချစ်မိတ်ဆွေများကိုပါပဲ။

အားလုံးပဲ ရွှင်လန်းချမ်းမြေ့ကြပါစေခင်ဗျာ။

*လေးစားလျက်*

မိုးသက်ဟန်

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၁)

အခု ကျွန်တော့်အသက် ၃၇ နှစ်ရှိခဲ့ပြီ။ ဧရာမ ၇၄၇ လေယာဉ်ကြီးဟာ ဟမ်းဘတ်လေဆိပ်ကို ချဉ်းကပ်နေရင်း တိမ်တိုက်တွေကို ခွင်းဖောက်နေလေရဲ့။ ကျွန်တော်က ခုံပေါ်မှာ ခါးပတ်,ပတ်ပြီး ထိုင်နေပါတယ်။ အေးစက်စက် နို့ဝင်ဘာ မိုးရေစက်တွေဟာ ကမ္ဘာမြေကို စိုစိုရွှဲနေစေလေရဲ့။ မြင်ကွင်း တစ်ခုလုံးဟာ ညှို့ညှို့မှိုင်းမှိုင်းနဲ့ပေါ့။ မြေပြင်ပေါ်က လေယာဉ်ကွင်း ဝန်ထမ်းတွေဟာ မိုးကာအင်္ကျီတွေ ကိုယ်စီနဲ့။ လေဆိပ်အဆောက်အဦထက်မှာ အလံတစ်ခု၊ BMW ကြော်ငြာဘုတ်ကြီး တစ်ခု။ ဒီလိုနဲ့ပဲ ကျွန်တော် ဂျာမနီကို တစ်ခေါက် ထပ်ရောက်ခဲ့ပြန်ပြီပေါ့။

လေယာဉ်ဟာ ပြေးလမ်းကို ဆင်းသက်လာချိန်မှာ မျက်နှာကျက် စပီကာတွေဆီကနေ ဂီတသံချိုအိအိလေး ပေါ်ထွက်လာတယ်။ ဘီတဲလ်အဖွဲ့ရဲ့ 'နော်ဝေဂျီယန်ဝုဒ်' ဆိုတဲ့ သြခတ်စတြာ သီချင်းအချိုလေးပေါ့။ ဒီသီချင်းဟာ ကျွန်တော့်ကို အမြဲတမ်း ခြောက်လှန့်၊ ကြောက်ရွံ့စေတဲ့ သီချင်းလေးတစ်ပုဒ် ဖြစ်ပါတယ်။ ဒီတစ်ကြိမ်မှာတော့ အရင်ကထက် ကျွန်တော့်ကိုပိုပြီး အထိနာစေသလိုပဲ။

ကျွန်တော်ခုံကို မှီပြီးခေါင်းကို လက်နှစ်ဖက်နဲ့ အုပ်ထားလိုက်မိတယ်။ ကျွန်တော့် ခေါင်းတစ်ခုလုံး ပွင့်မထွက်သွားအောင်လို့ပေါ့။ ခဏနေတော့

mgyoe.com

mgyoe.com SAMPLE BOOK

ဂျာမန်လေယာဉ်မယ်တစ်ဦး ကျွန်တော့်အနားကို ရောက်လာပြီး "နေမကောင်းဘူးလားလို့" မေးပါတော့တယ်။ "ကောင်းပါတယ်။ ခေါင်းမူးလို့ပါ" လို့ ပြန်ဖြေလိုက်ပါတယ်။

"သေချာရဲ့လား"

"သေချာပါတယ်။ ကျေးဇူးတင်ပါတယ်"

သူပြုံးပြပြီး ပြန်ထွက်သွားတယ်။ ဂီတသံဟာ ဘေလီဂျိုအယ်ရဲ့ သီချင်းဖြစ်သွားတယ်။ ကျွန်တော်ကတော့ လေယာဉ် ပြတင်းပေါက်ကနေ အပြင်မှာရှိနေတဲ့ မှောင်မှောင်မည်းမည်း တိမ်တွေကို ကြည့်နေမိတယ်။ မြောက်ပင်လယ်က စီးဆင်းလာတဲ့ ဒီတိမ်တွေကို ကျွန်တော်ကြည့်ရင်း ကျွန်တော့်ဘဝရဲ့ ပြောင်းလဲလာမှုတွေကို ကျွန်တော် စဉ်းစားနေမိတယ်။ အချိန်ဆိုတဲ့ အရာဟာ ပြောင်းလဲသွားတတ်တာပဲ မဟုတ်လား။ သူငယ်ချင်းတွေဟာ သေဆုံးသွားကြတယ်။ ဒါမှမဟုတ်ပျောက်ဆုံး သွားတတ်ကြတယ်။ အဲဒီခံစားမှုတွေဟာ နောက်ထပ် မရနိုင်တော့သလိုပဲလို့ ကျွန်တော်ခံစားမိတယ်။

လေယာဉ်ဟာ ပြေးလမ်းဆုံးသွားခဲ့လေပြီ။ လူတွေက သူတို့ရဲ့ ထိုင်ခုံခါးပတ်တွေကို ဖြုတ်ကြလေပြီပေါ့။ ပြီးတော့ သူတို့ရဲ့ အထုပ်အပိုးတွေကို အသင့်ပြင်ကြတော့တာပေါ့။ ဒီအချိန်မှာပဲ ကျွန်တော်ဟာ မြက်ခင်းစိမ်းစိမ်းရဲ့ အနံ့အသက်ကို ခံစားရတော့တာပေါ့။ မြက်ခင်းရဲ့ အနံ့အသက်တွေကို ကျွန်တော်ခံစားမိလာတယ်။ လေရဲ့အထိအတွေ့ဟာလည်း ကျွန်တော့် မျက်နှာကို ထိသပ်လာတယ်။ ငှက်ကလေးတွေရဲ့ အသံကိုလည်း ကျွန်တော်ကြားလာတယ်။ ၁၉၆၉ ခုနှစ် ဆောင်းဦးကာလတုန်းက ကျွန်တော်ဟာ အသက်နှစ်ဆယ်ပဲ ရှိခဲ့သေးတယ်။

လေယာဉ်မယ်ဟာ ကျွန်တော့်ဆီ နောက်တစ်ကြိမ် ထပ်ရောက်ခဲ့ပြန်တယ်။ ဒီတစ်ကြိမ်မှာတော့ သူဟာ ကျွန်တော့် ဘေးကခုံမှာထိုင်ခဲ့တယ်။ ကျွန်တော် အဆင်ပြေရဲ့လားလို့ ထပ်မေးခဲ့တယ်။

"ကျွန်တော် နေကောင်းပါတယ်။ အခုလိုမေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော် အထီးကျန်ဝေဒနာကို ခံစားနေရတာပါ" လို့ ကျွန်တော်ပြောမိတယ်။

"ကျွန်မ ရှင့်ရဲ့ခံစားမှုကို နားလည်ပါတယ်။ မကြာခဏဆိုသလို ကျွန်မလည်း အထီးကျန်ခြင်းကို ခံစားမိပါတယ်" လို့ လေယာဉ်မယ်က ပြောခဲ့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော့် ဘေးနားမှာ ထိုင်သွားပြီး ကျွန်တော့်ကို ပြုံးပြသွားခဲ့ပါတယ်။ "ကောင်းပါပြီရှင်။ ဒါဆိုရင်လည်း ပျော်ရွှင်ဖွယ်ခရီးဖြစ်ပါစေလို့ နှုတ်ဆက်ပါတယ်။ ဘိုင့်ဘိုင်"

"ဘိုင့်ဘိုင်ပါဗျာ"

♥ ♥ ♥

အချိန်ဆယ့်ရှစ်နှစ် ကုန်လွန်ခဲ့ပြီပေါ့။ ကျွန်တော်ကတော့ မြက်ခင်းပေါ်က အဲဒီနေ့ကလေးကို အသေးစိတ် မှတ်မိနေဆဲပဲ။ နွေရာသီရဲ့ ဖုန်မှုန့်တွေကို နူးနူးညံ့ညံ့ မိုးရာသီနေ့ရက်တွေက ဆေးကြောဖွတ်လျှော်ပြီးခါစ အချိန်လေးရယ်၊ တောင်တန်းတွေဟာ စိမ်းစိမ်းစိုစို တောက်ပလို့ပေါ့။ အောက်တိုဘာလေပြေဟာ မြက်ဖျားကလေးတွေကို ယိမ်းထိုးနေခဲ့လေရဲ့။ ရှည်လျားတဲ့ တိမ်တိုက်တစ်အုပ် အပြာရောင် အနားကွပ်များနဲ့ ဖြတ်သန်းသွားတယ်။ ဟိုးဝေးဝေးကို လှမ်းကြည့်ဖို့ မဖြစ်နိုင်ဘူး။ မြက်ခင်းကို ဖြတ်ကျော်လာတဲ့ လေဟာ သူ့ရဲ့ ဆံနွယ်ဖျားတွေကို ပွတ်တိုက်ပြီးတော့ တောအုပ်အတွင်း ဝင်ရောက်သွားတယ်။ ပြီးတော့ အဲဒီ လေကပဲ တောအုပ်ထဲက သစ်ကိုင်းတွေကို တရှဲရှဲ အသံမြည်စေတယ်။ ပြီးတော့ ဟိုးဝေးဝေးက အူသံတွေကို ပျောက်ကွယ်စေတယ်။ ဝိုးတိုးဝါးတား ဖြစ်နေတဲ့ အဲဒီအသံတွေဟာ ကျွန်တော်တို့ကို အခြားကမ္ဘာတစ်ခုရဲ့ တံခါးဝကို ရောက်ရှိသွားစေတယ်။ တခြားဘာအသံမှ ကျွန်တော်တို့ မကြားရဘူး။ တခြား ဘယ်သူ့ကိုမှလည်း ကျွန်တော်တို့ မတွေ့ရဘူး။ မြက်ခင်းပြင်ရဲ့ အလယ်က ကြောက်လန့်တကြား ထပျံပြီး တောအုပ်ထဲ တဟုန်ထိုးပျောက်ကွယ်သွားတဲ့ နီနီရဲရဲ ငှက်နှစ်ကောင်ပဲ တွေ့လိုက်ရတယ်။ ကျွန်တော်တို့ နှစ်ယောက်ဟာ လမ်းကို စိမ်ပြေနပြေ အေးအေးဆေးဆေး လျှောက်လာကြတယ်။ နာအိုကိုကလည်း ကျွန်တော့်ကို သာယာနာပျော်ဖွယ် စကားတွေပဲ ပြောနေလေရဲ့။

မှတ်ဉာဏ်ဟာ ရယ်စရာကောင်းတဲ့အရာတစ်ခုပါပဲ။ အဲဒီနေ့တုန်းကတော့ ကျွန်တော်ဟာ ပတ်ဝန်းကျင်ကို အထူးတလည် ဂရုစိုက်ကြည့်ခဲ့ခြင်း မျိုးမရှိခဲ့ဘူး။ ဒီလိုအချိန် အကြာကြီးစွဲမြဲနေအောင် တာရှည်ခံရတဲ့ တစ်စုံတစ်ခုသော အကြောင်းအရာကို စဉ်းစားနေမိတာကို ကျွန်တော် မရပ်နိုင်တော့ဘူး။ အချိန် ဆယ့်ရှစ်နှစ်အကြာမှာ ဒီလိုအသေးစိတ်ပြန်မှတ်မိ နေလိမ့်မယ်ဆိုတာ

mgyoe.com

mgyoe.com

ကျွန်တော် ဘယ်တုန်းကမှ မထင်ထားခဲ့ဘူး။ အဲဒီနေ့က မြင်ကွင်းတွေ ပြန်အမှတ်ရနေတာကိုလည်း ကျွန်တော် အပြစ်မတင်ချင်ပါဘူး။ ကျွန်တော်က ကိုယ့်အကြောင်းကိုယ်ပဲ စဉ်းစားနေမိတာပါ။ ကျွန်တော့်နဘေး လိုက်ပါပြီး အတူလမ်းလျှောက်ခဲ့တဲ့ လှလှပပ ကောင်မလေးအကြောင်းကိုပဲ စဉ်းစားနေမိတာပါ။ ကျွန်တော်တို့နှစ်ယောက် အတူရှိခဲ့တာကို စဉ်းစားနေတာလို့ ဆိုရမှာပေါ့။ ပြီးတော့ ကိုယ့်ကိုကိုယ်ပဲ ပြန်စဉ်းစားနေမိတာပဲပေါ့။ အဲဒီအချိန်တုန်း အသက်အရွယ်၊ ဘဝရဲ့အဲဒီအချိန်တုန်းက မြင်ကွင်းတွေ၊ ခံစားချက်တွေ၊ အတွေးအခေါ်တွေဟာ ဘူမာရန်း (တစ်နေရာသို့ လှမ်းပစ်လိုက်လျှင် မိမိထံပြန်လာတတ်သည့် အာဖရိကလက်နက်တစ်မျိုး) တစ်ခုလို ကျွန်တော့်ဆီ ပြန်လာခဲ့ပါပြီ။ ဆိုးတာက အဲဒီတုန်းက ကျွန်တော်ဟာ ချစ်စိတ်ဝင်နေတာ။ ရှုပ်ထွေးပွေလီမှုများစွာနဲ့ အချစ်လေ။ ကျွန်တော့်စိတ်ထဲမှာ အဝေးကမြင်ကွင်းပဲ နောက်ဆုံး ကျန်တော့တယ်။

အခုတော့ မြက်ခင်းပေါ်က မြင်ကွင်းဟာ ကျွန်တော့်ထံ ပထမဆုံး ပြန်လာခဲ့ပြီ။ မြက်ပင်လေးတွေရဲ့ အနံ့အသက်၊ လေရဲ့အထိအသပ်၊ တောင်ကုန်းတွေရဲ့ကောက်ကြောင်း၊ ဟောင်နေတဲ့ခွေးတစ်ကောင် ... အဲဒါတွေကို ပြန်မြင်လာရတယ်။ မှုန်ဝါးနေရာကနေ အခု ကြည်လင်ပြတ်သားလာပြီ။ ကျွန်တော်ဟာ အဲဒီနေရာကို ပြန်ရောက်နေပြီး အားလုံးကို လက်ဖျားလေးတွေနဲ့ ထိတွေ့လို့ရတော့မလို ခံစားမိတယ်။ ခုချိန်ထိတော့ မြင်ကွင်းဟာ ကြည်လင် ပြတ်သားနေပေမယ့် မြင်ကွင်းထဲမှာ လူတစ်ယောက်မှ မရှိသေးဘူး။ တစ်ယောက်ဆို တစ်ယောက်မှ မရှိဘူး။ နာအိုကို မရောက်သေးသလို ကျွန်တော်လည်း မရှိသေးဘူး။ ကျွန်တော်တို့ နှစ်ယောက် ဘယ်ကိုများ ပျောက်နေခဲ့ပါလိမ့်။ ဒီလိုပုံစံမျိုး ဘာလို့ဖြစ်နေရတာလဲ။ ဒီမြင်ကွင်းထဲမှာ အရေးအကြီးဆုံးဖြစ်တဲ့ နာအိုကိုနဲ့ ကျွန်တော်ကျမှ ပျောက်နေရတယ်လို့။ အဲဒီတုန်းက ကျွန်တော် ရရှိခဲ့တဲ့ကမ္ဘာ ၊အဲဒီတုန်းက ကျွန်တော်တို့နှစ်ယောက်ဟာ ဘယ်ကိုများ ထွက်သွားသလဲ။ တကယ်ပါ။ ကျွန်တော်ဟာ နာအိုကိုရဲ့ မျက်နှာလေးကို တောင် ပြန်အမှတ်မရနိုင်ဖြစ်နေတယ်။ လူတွေမပါတဲ့ နောက်ခံဆက်တင်ကိုပဲ ကျွန်တော် ပြန်အမှတ်ရနေတယ်။

အချိန်လေးနည်းနည်းကြာတော့ ကျွန်တော်ဟာ သူ့မျက်နှာကို တကယ်ပဲ ပြန်အမှတ်ရလာတယ်။ ပုံရိပ်တွေအားလုံးကို ပြန်သတိရလာပါပြီ။

mgyoe.com

mgyoe.com SAMPLE BOOK

သူ့ရဲ့ သေးငယ်အေးစက်နေတဲ့လက်၊ ကိုင်ကြည့်တိုင်း အေးအေးလေးဖြစ်နေတဲ့ ဖြောင့်စင်းနက်မှောင်နေတဲ့ သူ့ရဲ့ ဆံနွယ်တွေ၊ ပျော့ပြီးဝိုင်းနေတဲ့ သူ့ရဲ့ နားကွင်းအစုံ၊ နားကွင်းတွေရဲ့အောက်က သေးသေးငယ်ငယ် မှဲ့ကလေး၊ ဆောင်းဦးမှာ သူဝတ်တဲ့ ကုလားအုတ် သားမွေးကုတ်အင်္ကျီ၊ မေးစရာရှိရင် တစ်ဖက်သားရဲ့ မျက်လုံးတွေကို စိုက်ကြည့်တတ်တဲ့ သူ့အကျင့် … စတာတွေ။ မကြာခဏ ခပ်ဖျော့ဖျော့လေး တုန်ယင်တတ်တဲ့ သူ့ရဲ့အသံကိုတောင် အခုကြားမိနေတယ်။ (သူဟာ လေထန်တဲ့ တောင်ကုန်းထိပ်မှာ စကားပြောနေသလိုပဲ) ရုတ်တရက် မြင်ကွင်းထဲ သူ့ရဲ့ မျက်နှာ ရောက်လာတယ်။ နာအိုကိုနဲ့ ကျွန်တော်ဟာ မကြာခဏ ဘေးချင်းယှဉ် လမ်းလျှောက်နေကြ။ လမ်းလျှောက်နေရင်း သူဟာ ကျွန်တော့်ဘက် လှည့်ပြီးပြုံးပြတယ်။ သူခေါင်းလှည့်ပုံက မြန်တယ်။ ပြီးတော့ စကားစပြောတယ်။ ကျွန်တော့် မျက်လုံးတွေကို စိုက်ကြည့်နေတယ်။ နွေဦး ရာသီရဲ့ ကြည်လင်နေတဲ့ကန်တစ်ကန်ထဲ လွန့်လူးသွားနေတဲ့ ငါးသိုင်း ငါး တစ်ကောင်ကို ကြည့်နေသလိုမျိုးပေါ့။

နာအိုကိုရဲ့ မျက်နှာပေါ်လာဖို့ ကျွန်တော် အချိန်ယူရပါဦးမယ်။ နှစ်များစွာလွန်ခဲ့ပြီဆိုတော့ အချိန်ဟာ ပိုကြာလာတာပေါ့။ ဝမ်းနည်းဖို့ကောင်းတာက ကျွန်တော်အရင်က ငါးစက္ကန့်နဲ့ ပြန်အမှတ်ရနိုင်တာတွေကို အခု ကျွန်တော် ဆယ်စက္ကန့်၊ ဒါမှမဟုတ် စက္ကန့်သုံးဆယ်၊ တစ်ခါတစ်လေ တစ်မိနစ် လောက် အချိန်ယူဖို့လိုလာတာပါပဲ။ နေဝင်ဖြိုးဖြအချိန်ဆိုရင် အရိပ်က ပိုရှည် လာတတ်သလိုပေါ့။ တစ်နေ့နေ့ကျရင် ဒီအတိတ်က အရိပ်တွေဟာ အမှောင်ထဲ ရောက်သွားလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။ ဖြစ်တတ်တဲ့သဘောပဲ မဟုတ် လား။ ကျွန်တော့် မှတ်ဉာဏ်ဟာ နာအိုကိုရပ်လေ့ရှိတဲ့နေရာ၊ ကျွန်တော် ရပ်လေ့ရှိတဲ့နေရာကနေတောင် ပိုဝေးလို့လာခဲ့တယ်။ အဝေးက မြင်ကွင်းက လွဲလို့ ဘာမှမရှိတော့ပြန်ဘူး။ အောက်တိုဘာလရဲ့ အဲဒီ မြက်ခင်းလေးဟာ ရုပ်ရှင်တွေထဲက သင်္ကေတဆန်တဲ့ရိုက်ချက်လို ထပ်ပြန်တလဲလဲ မြင်နေရတယ်။ အဲဒီမြင်ကွင်း တစ်ကြိမ်ပေါ်လာတိုင်း ကျွန်တော့် စိတ်ရဲ့ တစ်နေရာကို ကန်ကျောက်နှိုးဆော်နေတယ်။ "ထတော့။ ငါဒီမှာရှိနေဆဲပဲ။ နိုးထပြီးစဉ်းစား လိုက်စမ်းပါ။ ငါဘာကြောင့်ဒီနေရာမှာ ရှိနေသလဲဆိုတာကို ရအောင်စဉ်းစား" လို့မြင်ကွင်းက ကျွန်တော့်ကိုပြောနေတယ်။ သူ့ရဲ့ ကန်ကျောက်မှုတွေဟာ ကျွန်တော့်ကို လုံးလုံးမနာကျင်စေပါဘူး။ ဘာဆိုဘာမှမဖြစ်ဘူး။ ကန်ချက်တိုင်း

mgyoe.com

mgyoe.com

မှာ လှိုဏ်သံပါတဲ့ ပဲ့တင်သံဖြစ်တာပဲရှိတယ်။ ပြီးတော့ နေ့တစ်နေ့ကို လွင့်ပျောက်စေဖို့ အကူအညီပေးနေသလိုပဲ။ ဟမ်းဘတ်လေဆိပ်မှာ ဖြစ်ပေါ်နေတဲ့ ဒီကန့်ချက်တွေက အခါတိုင်းထက်ပိုပြီး ပြင်းထန်ကြာရှည်နေတာ အမှန်ပဲ။ အဲဒါကြောင့်ပဲ ကျွန်တော် ဒီစာအုပ်ကို ရေးနေမိတာဖြစ်တယ်။ ပြန်စဉ်းစားဖို့၊ နားလည်ဖို့ပေါ့။ ကျွန်တော်ဆိုတဲ့အရာဟာ ဖန်ဆင်းခံခဲ့ရတဲ့အတိုင်း ရိုးရိုးလေး တွေ့ကြုံခဲ့ပါတယ်။ ချရေးဖို့ကျတော့ ကျွန်တော် ရှင်းရှင်းလင်းလင်း နားလည်ခံစားမိဖို့လိုတာပေါ့။

အဲဒီနေ့က နာအိုကို ဘာတွေပြောခဲ့သလဲ ဆိုတာကို ပြန်စဉ်းစားရပါဦးမယ်။

♥ ♥ ♥

ဟုတ်ပြီ။ နာအိုကိုဟာ မြက်ခင်းထဲက ရေတွင်းအကြောင်းကို ပြောခဲ့တယ်။ သူပြောတဲ့ရေတွင်းဟာ တကယ်ရှိသလားဆိုတာကို ကျွန်တော် လုံးဝမသိပါဘူး။ နာအိုကိုရဲ့ စိတ်ထဲမှာသာရှိနေတဲ့သင်္ကေတ ဒါမှမဟုတ် နိမိတ်ပုံတစ်ခုပဲထင်ပါတယ်။ နာအိုကိုဟာ အထီးကျန်မှောင်မိုက်တဲ့နေ့ရက်တွေတုန်းက သူ့စိတ်ထဲမှာ ရှိတဲ့အရာတွေကို အပြင်လောကမှာ ရှိနေသယောင်လည်း ပြောတတ်ပါတယ်။ ဒါပေမဲ့ ဒီလိုရှည်လျားတဲ့ မြက်ခင်းပြင်ကြီးမှာ ရေတွင်းတစ်တွင်း ရှိနေလိမ့်မယ်လို့တော့ ကျွန်တော် မထင်ပါဘူး။ သူ အဲဒီလို ပြောခဲ့တဲ့နေ့ကစလို့ ကျွန်တော် မြင်ယောင်မကြည့်ဘူးတဲ့ ရေတွင်းပုံရိပ်ဟာ မျက်စေ့ရှေ့မှာ အမှန်တကယ်ရှိနေတဲ့ မြက်ခင်းပြင်မှာ ခွဲမရအောင်ကို အမှန်တကယ်ရှိလာသလို ခံစားမိလာတယ်။ ကျွန်တော်ရေတွင်း အကြောင်းကို မိနစ်ပိုင်းအတွင်း အသေးစိတ် ထပ်ပြောပါဦးမယ်။ ရေတွင်းဟာ မြက်ခင်းပြင်ရဲ့အဆုံး၊ တောအုပ်ရဲ့အစပ်မှာ ရှိတာပါ။ ရေတွင်းဟာ မြက်တွေနဲ့ ဖုံးလွှမ်းနေပြီး တစ်ကိုက်လောက် အကျယ်ရှိတဲ့ မှောင်မှောင်မည်းမည်းတွင်းပါ၊ ရေတွင်းရှိနေကြောင်း ဘာနဲ့မှ အမှတ်အသားမလုပ်ထားဘူး။ ကျောက်တုံးလေး တစ်တုံးလောက်နဲ့တောင် သင်္ကေတမပြထားဘူး။ (မြက်ခင်းနဲ့ တစ်ပြေးညီဖြစ်နေပြီး ဘယ်လိုမှကို မသိသာတာ။ ) ဘာမှတော့မဟုတ်ပေမယ့် အပေါက်ကျယ်တဲ့ တွင်းတစ်တွင်းပေါ့။ ရေတွင်းအဝ အုတ်အနားကွပ်တွေဟာ ရာသီဥတု တိုက်စားမှုဒဏ်ကြောင့်

mgyoe.com

mgyoe.com SAMPLE BOOK

ညစ်ထေးအဖြူရောင်ဖြစ်လို့နေပြီတဲ့။ အနားကွပ်အုတ်တွေ ပြိုပျက်နေပြီး ကြီးကြီးမားမား အကာအရံ ဘာမှကိုမရှိတော့တာ။ အစိမ်းရောင် အိမ်မြှောင် တစ်ကောင်ဟာ အဆုံးမရှိတဲ့ ရေတွင်းအောက်ခြေကို လျှောဝင်သွားတယ်။ ရေတွင်းအဝကနေ ကြည့်လိုက်ရင် ဘာမှတွေ့ရမှာမဟုတ်ဘူး။ ဒီရေတွင်းနဲ့ ပတ်သက်လို့ ကျွန်တော် သိသမျှကတော့ ကြောက်ရွံ့ဖို့ကောင်းလောက်အောင် နက်ရှိုင်းတယ်ဆိုတာပါပဲ။ တိုင်းတာလို့ မရလောက်အောင် နက်တဲ့ပုံမျိုးပဲ။ အတွင်းမှာရှိတဲ့ မှောင်မိုက်မှုတွေက ကမ္ဘာမြေရဲ့ အမြင့်မားဆုံး မှောင်မိုက်မှု တွေလို့တောင် ဆိုရမှာဖြစ်တယ်။

"အတော့် အတော်ကြီးကို နက်တာ" နာအိုကိုက စကားကို ရွေးချယ် စိစစ်ပြောလေတယ်။ တစ်ခါတစ်လေကျရင် သူပြောချင်တဲ့ အဓိပ္ပာယ်ကို ကွက်တိရဖို့ စကားလုံးဖြည်းဖြည်းချင်း ရှာဖွေပြောတတ်တဲ့အကျင့် နာအိုကိုမှာ ရှိတယ်။ "ရေတွင်း ဘယ်နေရာမှာ ရှိသလဲဆိုတာ ဘယ်သူမှ တိတိကျကျ မပြောနိုင်ဘူး။ သေချာတာ တစ်ခုကတော့ ရေတွင်းဟာ ဒီအနီးနားတစ်ဝိုက် မှာ ရှိနေတယ်" နာအိုကိုက ဆက်ပြောတယ်။

တွီသားကုတ်အင်္ကျီထဲ လက်နှစ်ဖက် ထိုးထည့်လိုက်ပြီး ကျွန်တော့်ကို ပြုံးပြတယ်။ သူ့အပြုံးက တကယ့်အမှန်ကို သူပြောနေတာဆိုတဲ့ ပုံစံမျိုးပေါ့။

"ရေတွင်းဟာ ဧရာမ အန္တရာယ်ကြီးတစ်ခုပဲ။ ဘယ်နေရာမှာရှိနေမှန်း ဘယ်သူမှမသိတဲ့ ရေတွင်းနက်နက်တစ်ခုရှိတယ်။ နင်လည်း ရေတွင်းထဲကျသွား နိုင်တာပဲ။ ကျသွားပြီဆိုရင်တော့ နင့်ဘဝဆုံးပြီ"

"အား ... လို့အော်ပြီး အရာရာ အဆုံးသတ်လိုက်ရလိမ့်မယ်"

ရေတွင်းထဲလူတွေကျတာ တကယ်ကို ဖြစ်ခဲ့ဖူးတယ်။

"နှစ်နှစ်တစ်ကြိမ်၊ သုံးနှစ်တစ်ကြိမ်လောက် ရေတွင်းက လူစား တယ်။ ကျသွားတဲ့လူတွေဟာ တစ်မဟုတ်ချင်း ပျောက်သွားတယ်။ ကျန်တဲ့ လူတွေကလည်း သူ့ကို လိုက်ရှာလို့ မတွေ့နိုင်ဘူး။ ဒီနားတစ်ဝိုက်ကလူတွေက လူတစ်ယောက်ယောက် ပျောက်သွားပြီဆိုရင် သူ ရေတွင်းထဲ ကျသွားပြီလို့ သတ်မှတ်တတ်ကြတယ်" နာအိုကိုကပြောတယ်။

"ရေတွင်းထဲ ကျသေရတာ မကောင်းလိုက်တာ" ကျွန်တော် ပြန်ပြော ခဲ့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

''ကြောက်ရွံ့ဖို့ကောင်းတဲ့ သေခြင်းမျိုးပေါ့ဟာ'' လို့နာအိုကိုက သူ့ ကုတ်အင်္ကျီထဲ လက်နှိုက်ရင်းပြောတယ်။

''အကောင်းဆုံးကတော့ ကိုယ့်လည်ပင်းကိုယ် ဖြတ်ပစ်လိုက်တာပဲ ရှိလိမ့်မယ်။ ဒါပေမဲ့ ကိုယ့်ခြေထောက်ကိုယ်ပဲ ဖြတ်ပစ်မိလိမ့်မယ်။ အဲပြီးတော့မှ တစ်ခြားဘာမှ မလုပ်နိုင်တော့မှာ။ အဆုတ်ထဲမှာ ရှိသမျှလေတွေ ကုန်သွားအောင် နင် အော်ချင် အော်နေလိမ့်မယ်။ ဒါပေမဲ့ နင့်အသံကို ဘယ်သူမှ ကြားရမှာမဟုတ်ဘူး။ တစ်ယောက်ယောက်က နင့်ကိုရှာတွေ့လိမ့်မယ်လို့လည်း နင် မျှော်လင့်လို့မရဘူး။ နင့် ခန္ဓာကိုယ်ပေါ်ကို ကင်းခြေများအကောင်တွေ၊ ပင့်ကူကောင်တွေ တွားသွားတက်လာလိမ့်မယ်။ နင့်ရှေ့က သေခဲ့တဲ့လူတွေရဲ့ အရိုးတွေဟာ နင့်ဘေးနားမှာ ပတ်ပတ်လည် ဝိုင်းရံနေလိမ့်မယ်။ နင့် ပတ်ဝန်းကျင် တစ်ခုလုံးဟာ မှောင်မည်းပြီး စိုစွတ်နေလိမ့်မယ်။ နင့်ရဲ့ ခေါင်းပေါ်က မြင်ကွင်းဟာ ဆောင်းဥတုရဲ့ လမင်းလို သေးငယ်တဲ့ စက်ဝိုင်းကလေးအနေနဲ့သာ လင်းနေလိမ့်မယ်''

''ငါ ကြက်သီးတွေတောင် ထလာပြီ။ အဲ့ဒီ ရေတွင်းကို တစ်ယောက်ယောက်ကတွေ့ပြီး ဘောင်ခတ်လိုက်ရင် သိပ်ကောင်းမှာပဲ'' လို့ ကျွန်တော် ပြောလိုက်တယ်။

''ဘယ်သူမှ တွေ့နိုင်မှာ မဟုတ်ဘူး။ ကိုယ့်ဘာသာကိုယ် ပြုတ်မကျအောင်ပဲ သတိထား''

''စိတ်မပူပါနဲ့။ ငါ ပြုတ်မကျနိုင်ပါဘူး''

နာအိုကိုဟာ ကုတ်အင်္ကျီထဲက သူ့ လက်ကို ထုတ်လိုက်ပြီး ကျွန်တော့် လက်ကို ဆုတ်ညှစ်လိုက်တယ်။ ''နင် စိတ်မပူပါနဲ့။ နင် ဘာမှ ဖြစ်မသွားနိုင်ပါဘူး။ ညနက်သန်းခေါင်ကြီးမှာ နင် လျှောက်ပြေးနေရင်တောင်မှ ရေတွင်းထဲ ကျ မသွားနိုင်ပါဘူး။ နင့် လက်ကို ငါ ကိုင်ထားသရွေ့ ငါလည်း ကျမသွားနိုင်ပါဘူး''

''ဘယ်တော့မှ မကျဘူးလား''

''ဟုတ်တယ်။ ဘယ်တော့မှ မကျဘူး''

''နင် ဘယ်လိုလုပ်သိတာလဲ''

''ငါ ဒီလိုပဲသိတာပေါ့'' သူပြောရင်း ကျွန်တော့် လက်ကိုပိုပြီး ကျစ်ကျစ်ဆုပ်လာတယ်။ ပြီးတော့ ခဏတိတ်ဆိတ်သွားတယ်။ ''အဲဒါတွေကို

mgyoe.com

mgyoe.com SAMPLE BOOK

ငါ သိနေတယ်။ ငါ ထင်တာတွေက အမြဲမှန်တတ်တယ်။ ငါ သိနေပုံက ယုတ္တိဗေဒနဲ့တော့ မဆိုင်ဘူး။ ငါ ခံစားမိနေတာ။ ဥပမာပြောရရင် ငါ နင်နဲ့ ဒီလို နီးနီးကပ်ကပ်ရှိနေရင် နည်းနည်းလေးတောင် မကြောက်ဘူး။ အမှောင်ရော ကြောက်စရာတွေရောဟာ ငါ့ကို မခြောက်လှန့်နိုင်ဘူး''

''ဒီလိုဆိုရင် နင် လုပ်ရမှာက ငါနဲ့ အခုလို အချိန်ပြည့် နေနေတော့'' လို့ ကျွန်တော် ပြောလိုက်တယ်။

''ငါ နင်နဲ့ အချိန်ပြည့် ဒီလိုနေရမယ်လို့ နင်ဆိုလိုတာလား''

''ဟုတ်တယ်။ ငါ ဆိုလိုချင်တာ အဲ့ဒါပဲ''

နာအိုကို ခြေလှမ်းတွေကို ခေတ္တပိတ်ရပ်လိုက်တယ်။ ကျွန်တော်လည်း ရပ်လိုက်တယ်။ သူ့ လက်တွေကို ကျွန်တော့် ပုခုံးပေါ် လှမ်းတင်လိုက်ပြီး ကျွန်တော့် မျက်လုံးတွေကို စိုက်ကြည့်နေတယ်။ သူ့ သူငယ်အိမ်တွေရဲ့ နက်ရှိုင်းတဲ့ နေရာတွေမှာ ငွေ့ရည်ဖွဲ့လို့လာနေတယ်။ သူ့ရဲ့ မျက်လုံးလှလှတွေဟာ အချိန်အတော်ကြီးကြာအောင် ကျွန်တော့်ကို စိုက်ကြည့်နေခဲ့တယ်။ နောက်တော့ သူ ခါးဆန့်လိုက်ပြီး ကျွန်တော်နဲ့ ပါးချင်းအပ်လိုက်တယ်။ သူ့ရဲ့ အပြုအမူဟာ ထူးခြားစွာ နွေးထွေးလှတဲ့အတွက် ကျွန်တော့် နှလုံးသားကို အခိုက်အတန့်လောက် ရပ်တန့်သွားစေတယ်။

''ကျေးဇူးတင်ပါတယ်ဟာ'' လို့ သူက ပြောတယ်။

''နင့်ရဲ့ ကျေးဇူးတင်မှုကို ဝမ်းမြောက်ဝမ်းသာစွာနဲ့ ကြိုဆိုပါတယ်'' လို့ ကျွန်တော် ပြန်ပြောလိုက်တယ်။

''နင် အဲဒီလို ပြောတာကို ငါ ပျော်တယ်။ တကယ့်ကိုပျော်တာ'' လို့ သူ ဝမ်းနည်းတဲ့အပြုံးနဲ့ ကျွန်တော့်ကို ပြောတယ်။ ''ဒါပေမဲ့ မဖြစ်နိုင်ပါဘူးဟာ''

''မဖြစ်နိုင်ဘူးဟုတ်လား။ ဘာကြောင့်လဲ''

''မှားသွားလိမ့်မယ်။ ကြောက်စရာ ဖြစ်သွားလိမ့်မယ်။ အဲဒါ ...''

နာအိုကိုဟာ သူ့ ပါးစပ်ကို ပိတ်လိုက်ပြီး။ လမ်းဆက်လျှောက်တယ်။ သူ့ခေါင်းထဲမှာ အတွေးမျိုးစုံလည်ပတ်နေတယ်ဆိုတာ ကျွန်တော် ပြောနိုင်ပါတယ်။ သူ့ အတွေးတွေကို ကျွန်တော် မနှောင့်ယှက်ချင်လို့ ကျွန်တော် သူ့ရဲ့ ဘေးကနေ ဆက်လျှောက်လာမိတယ်။

''နင့်အတွက်လည်း မှားလိမ့်မယ်။ ငါ့အတွက်လည်း မှားသွားလိမ့်မယ်'' အချိန်အတော်ကြာကြီး ပါးစပ်ပိတ်နေပြီးမှ သူ ပြန်ပြောတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

''ဘယ်လိုမှားမှာလဲ'' ကျွန်တော် ရေရွတ်မိတယ်။

''နင် နားမလည်ဘူးလား။ လူတစ်ယောက်က လူတစ်ယောက်ကို အချိန်ပြည့် စောင့်ကြည့်နေဖို့ဆိုတာ ဘယ်လိုဖြစ်နိုင်မှာမို့လဲ။ ငါ ဆိုလိုချင်တာက ငါတို့ လက်ထပ်ပြီးသွားတဲ့ခါ နင်က နေ့ဘက်ဆို အလုပ်သွားနေရမယ်။ နင် အလုပ်သွားနေတဲ့ အချိန်မှာ ငါ့ကို ဘယ်သူက စောင့်ကြည့်နေနိုင်မှာလဲ။ နင်က အလုပ်ကိစ္စနဲ့ ခရီးသွားနေတဲ့အခါ ငါ့ကို ဘယ်သူက စောင့်ကြည့်ရမှာလဲ။ ငါတို့ဘဝရဲ့ မိနစ်တိုင်းကို ငါဟာ နင်နဲ့ ကော်ကပ်သလို ကပ်ထားနိုင်မှာမို့လား။ အဲ့သလိုသာဆိုရင် ညီမျှမှုဆိုတာ ဘယ်လိုဖြစ်နေမှာလဲ။ အဲ့ဒီ ချစ်ခြင်းက ဘယ်လိုဖြစ်နေမှာလဲ။ အနေးနဲ့အမြန် နင်နဲ့ ငါတို့ ညည်းငွေ့လာမှာပဲ။ နင့်ဘဝမှာ ဘာတွေလုပ်နေမိသလဲဆိုတာကို နင် တွေးလာမိလိမ့်မယ်။ ဘာကြောင့် ဒီမိန်းမကို ကလေးထိန်းသလို အချိန်ပြည့် ပြုစုနေရသလဲဆိုတာကို မေးခွန်းထုတ်လာမိလိမ့်မယ်။ အဲဒီလို အဖြစ်ကို ငါလည်း ခံနိုင်မှာမဟုတ်ဘူး။ ငါ့ ပြဿနာတွေကို တစ်ခုမှ ငါ ရှင်းနိုင်မှာ မဟုတ်ဘူး။

''နင်နဲ့ ပြဿနာတွေဟာ နင့် ဘဝရဲ့ နောက်ပိုင်းအချိန်တွေအထိ ဆက်ရှိနေမှာ မဟုတ်ပါဘူး'' လို့ ကျွန်တော် သူ့ ပုခုံးကိုပွတ်ပြီး ပြောနေမိခဲ့တယ်။ ''တစ်ချိန်မှာတော့ ပြဿနာတွေ အဆုံးသတ်သွားမှာပေါ့။ ပြဿနာတွေ အဆုံးသတ်သွားတဲ့အခါ ဘဝကို ရှေ့ဆက်ဖို့ပုံစံတွေ ငါတို့ ရှာဖွေမိမှာပါ။ နင် ငါ့ကို ကူညီကောင်းလည်း ကူညီရလိမ့်မယ်။ ငါတို့ ဘဝတွေကို စာရင်းဇယား စာအုပ်တွေအတိုင်း ရှင်သန်မှာမှမဟုတ်ဘဲ။ နင် ငါ့ကို လိုအပ်တဲ့အခါ ငါ့ကို အသုံးချပေါ့။ အဲ့ဒါကို နင် နားမလည်နိုင်ဘူးလား။ ဘာ့ကြောင့် ရှုပ်ရှုပ်ထွေးထွေးတွေ စဉ်းစားနေတာလဲ။ စိတ်လျှော့ပြီး ပေါ့ပေါ့ပဲ နေ။ အဆိုးတွေကို တွေးနေရင်တော့ စိတ်ဖိစီးနေမှာပဲ။ စိတ်တွေကို လျှော့ထား။ အဲဒါမှ ပေါ့ပါးလာမှာ''

''နင် ဘာဖြစ်လို့ အဲဒီလို ပြောရတာလဲ'' အားအင်ကုန်ခမ်းသွားတဲ့ ပုံစံမျိုးနဲ့ နာအိုက မေးတယ်။

နာအိုကိုရဲ့ အသံက ကျွန်တော်ဟာ မပြောသင့်တာကို ပြောမိခဲ့ပြီ ဆိုတာကို နားလည်မိစေတယ်။

''ဒီစကားကို ဘာလို့ပြောတာလဲဆိုတာ ငါ့ကို ပြောပါဦး'' သူ့ရဲ့ ခြေထောက်အောက်က မြေကြီးကို ငုံ့ကြည့်ပြီး ကျွန်တော့်ကို ပြောတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

''ငါ မသိသေးတဲ့ အရာတစ်ခုကို ငါ့ကို ပြောတာတော့ မဟုတ်ဘူး။ စိတ်ကို လျှော့လိုက်၊ ပေါ့ပါးလာလိမ့်မယ်ဆိုတာ ဘာအဓိပ္ပာယ်နဲ့ ပြောလိုက်တာလဲ။ ငါ့ ခန္ဓာကိုယ်ကို ငါ အခုလျှော့ချလိုက်ရင် ငါ တစ်စစီဖြစ်သွားလိမ့်မယ်။ ငါအခု နေထိုင်တဲ့ပုံစံကို မပြောင်းလဲနိုင်ဘူး။ ငါ့ လက်ရှိပုံစံက တစ်ခုတည်းသော အသက်ရှင်သန်ဖို့နည်းလမ်းလို့ ငါ ထင်တယ်။ ငါ တစ်စက္ကန့်လောက် စိတ်လျှော့လိုက်ရင် အိမ်ပြန်ဖို့လမ်းကို ငါ ပြန်ရှာတွေ့တော့မှာ မဟုတ်ဘူး။ ငါ တစ်စစီ ဖြစ်သွားလိမ့်မယ်။ ငါ့ အစိတ်အပိုင်းတွေဟာ လေနဲ့ လွင့်ပါးသွားလိမ့်မယ်။ ငါ့ စိတ်ကို နင် ဘာလို့ နားမလည်တာလဲ။ နင် ငါ့စိတ်ကို နားမလည်ဘဲ ငါ့ကို စောင့်ကြည့်မယ်လို့ ဘယ်လိုပြောနိုင်မှာလဲ''

ကျွန်တော် ဘာမှ ပြန်မပြောခဲ့ဘူး။

''ငါ စိတ်ရှုပ်လာပြီ။ တော်တော့်ကို စိတ်ရှုပ်လာပြီ။ နင် ထင်တာတွေ ထက်ပိုပြီး နက်ရှိုင်းတယ်။ ပိုလေးနက်တယ် ... ပိုမှောင်မိုက်တယ် ...ပိုပြီး အေးစက်လာတယ်။ ဒီလို အချိန်မျိုးမှာ နင် ငါနဲ့အတူ ဘယ်လိုအိပ်စက်နိုင်မှာလဲ။ နင် ငါ့ကို တစ်ယောက်ထားပေးထားရမှာလဲ။ အခုချိန်မှာ ကျွန်တော်တို့ဟာ ထင်းရှူးတောရဲ့ ကြောက်ရွံ့ဖွယ် တိတ်ဆိတ်မှုထဲမှာ လမ်းဆက်လျှောက် လာမိတယ်။ နွေရာသီ အပူဒဏ်ခံလမ်းမရဲ့အဆုံးမှာ ခြောက်သယောင်းနေတဲ့ ပုစဉ်းရင်ကွဲအလောင်းလေးတွေကို ကျွန်တော်တို့ နင်းလျှောက်လာမိတယ်။ ကျွန်တော်တို့နှစ်ယောက်ဟာ တောအုပ်ထဲမှာ ပစ္စည်းပျောက် တစ်ခုခုကို ရှာနေသလို လျှောက်သွားနေမိတယ်။

''ငါ စိတ်မကောင်းပါဘူးဟာ'' လို့ သူပြောရင်း ကျွန်တော့် လက်ကို လှမ်းကိုင်ပြီး ခေါင်းကိုခါလိုက်တယ်။ ''ငါ နင့်ကို နာကျင်စေဖို့ မရည်ရွယ်ပါဘူး ဟာ။ ငါ ပြောခဲ့တာတွေအတွက် စိတ်အနှောင့်အယှက် မဖြစ်အောင်ကြိုးစားပါ။ ငါ တကယ့်ကို စိတ်မကောင်းဘူး။ ငါ့ကိုယ်ငါလည်း ဒေါသထွက်မိတယ်''

''ငါတော့ နင့်ကို ခုချိန်ထိ နားမလည်နိုင်သေးဘူး။ ငါက ဉာဏ် သိပ်မကောင်းဘူဟ။ တစ်ချို့ကိစ္စတွေကို ငါ နားလည်နိုင်ဖို့ အချိန်နည်းနည်း ယူရတယ်။ ဒါပေမဲ့ ငါ အချိန်ပေးစဉ်းစားပြီးရင် ငါ နင့်ကို နားလည်လာမှာပါ။ အဲဒီအခါကျရင် ကမ္ဘာပေါ်မှာ ငါ့လောက် နင့်ကို နားလည်နိုင်တဲ့ လူရှိတော့မှာ မဟုတ်ဘူး'' လို့ ကျွန်တော် ပြောလိုက်တယ်။

ကျွန်တော်တို့ဟာ တိတ်ဆိတ်နေတဲ့ တောအုပ်ထဲမှာ ခဏနားလိုက် တယ်။ ထင်းရှူးသီးတွေနဲ့ ပုစဉ်းကောင်အသေတွေကို ကျွန်တော် ခြေထောက်နဲ့

mgyoe.com

mgyoe.com SAMPLE BOOK

ကန်ထုတ်လိုက်တယ်။ ပြီးတော့ ထင်းရှူးကိုင်းတွေကြားထဲက မြင်နေရတဲ့ ကောင်းကင်ကို လှမ်းကြည့်လိုက်မိတယ်။ သူကတော့ ကုတ်အင်္ကျီအိတ်ကပ်တွေထဲ လက်တွေကို ထိုးသွင်းလိုက်တယ်။ နာအိုကိုဟာ ရပ်ပြီး စဉ်းစားနေတယ်။ သူ့ မျက်လုံးတွေဟာ ဘာရယ်မဟုတ်ဘဲ ရီဝေလို့ပေါ့။

"ငါ့ကို ပြောစမ်းပါဦး တိုရူ။ နင် ငါ့ကိုချစ်လား" လို့ သူက မေးတယ်။

"ငါ ချစ်တာကို နင် သိတာပဲ" လို့ ကျွန်တော် ပြန်ဖြေလိုက်တယ်။

"ငါ့ကို အခွင့်အရေးနှစ်ခု ပေးမလား"

"နှစ်ခု မဟုတ်ဘူး။ သုံးခုအထိ တောင်းနိုင်ပါတယ် ...သခင်မခင်ဗျာ"

နာအိုကိုက ပြုံးပြီး ခေါင်းကိုခါလိုက်တယ်။ "မလိုပါဘူး။ နှစ်ခုဆိုရင် လုံလောက်ပါတယ်။ ပထမတစ်ခုက နင် ဒီကိုလာပြီး ငါ့ကို တွေ့တဲ့အတွက် ငါ ကျေးဇူးတင်တာကို နားလည်ပေးပါ။ နင့်ကြောင့် ငါဘယ်လောက် ပျော်ရတယ်ဆိုတာ နင် နားလည်လိမ့်မယ်လို့ ငါ မျှော်လင့်ပါတယ်။ နင့်ကြောင့် ငါ ဘာပဲဖြစ်ဖြစ် အန္တရာယ်ရှိမှာ မဟုတ်ဘူး။ ငါက ထုတ်ဖော်မပြပေမယ့် တကယ်ဆိုတာယုံပါ"

"ငါ နင့်ကို လာကြည့်မှာပါ။ ဒုတိယတစ်ခုကဘာလဲ" လို့ ကျွန်တော် ပြောလိုက်တယ်။

"ငါ့ ကို နင် အမြဲတမ်း သတိရနေစေချင်တယ်။ ငါ အသက်ရှင်တည်ရှိခဲ့တယ်ဆိုတာကို နင် သတိရနေမလား။ ငါ နင့်ဘေးမှာ ဒီလိုရပ်ခဲ့တယ်ဆိုတာကိုပေါ့"

"အမြဲတမ်း သတိရနေမှာပါ" လို့ ကျွန်တော် ပြောလိုက်တယ်။

သူဘာမှ မပြောဘဲ ရှေ့ကို ဆက်လျှောက်သွားတယ်။ ဆောင်းဦး ကာလရဲ့ နေရောင်ဟာ သစ်ကိုင်းတွေကြားကနေ ဆင်းသက်လာပြီး သူ့ ကုတ်အင်္ကျီရဲ့ ပုခုံးထက်မှာ ကခုန်နေလေရဲ့။ ခွေးတစ်ကောင်က ဟောင်လေတယ်။ အရင်ကထက် ပိုနီးလာသလိုပဲ။ နာအိုကိုဟာ တောင်ကုန်းလေးတစ်ခုပေါ်တက်ပြီး ထင်းရှူးတောထဲက ထွက်သွားတယ်။ ပြီးတော့ ဆင်ခြေလျှောကနေ အလောတလျှင်ဆင်းသွားတယ်။ ကျွန်တော် သူ့နောက်က ခြေလှမ်း နှစ်လှမ်း၊ သုံးလှမ်းလောက် နောက်ကျပြီး ဆက်လျှောက်လာတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

''ဒီကိုလာခဲ့'' ကျွန်တော် သူ့နောက်ကနေ အော်ပြောလိုက်တယ်။ ''ဒီအနီးတစ်ဝိုက်လောက်မှာ ရေတွင်းရှိနိုင်တယ်'' နာအိုကိုက ရပ်ပြီးပြုံးတယ်။ ပြီးတော့ ကျွန်တော့်လက်ကို ဆွဲယူလိုက်တယ်။ ကျွန်တော်တို့နှစ်ယောက် ယှဉ်ပြီး လျှောက်လာတော့တယ်။

''နင် ဘယ်တော့မှ ငါ့ကို မမေ့ဘူးလို့ ကတိပေးနိုင်မလား'' သူက ကျွန်တော့်ကို တိုးတိုးလေး မေးလိုက်တယ်။

''ငါ ဘယ်တော့မှ နင့်ကို မမေ့ပါဘူး။ ငါ နင့်ကို မမေ့နိုင်ဘူး'' လို့ ကျွန်တော် ပြောလိုက်တယ်။

♥ ♥ ♥

ဒီနေရာအရောက်မှာ ကျွန်တော့် မှတ်ဉာဏ်ဟာ ဟိုးဝေးဝေးကို လွင့်ထွက်သွားပြန်တယ်။ အကြောင်းအရာ တော်တော်များများကို ကျွန်တော် မေ့သွားပြန်ပြီ။ ဘယ်အရေးကြီးဆုံးကိစ္စကို ကျွန်တော့် မေ့သွားတာလဲ။ ကျွန်တော့်ခန္ဓာကိုယ်အတွင်း မှောင်မည်းနေတဲ့ သောင်မတင် ရေမကျဖြစ်မှု။ အဲ့ဒီနေရာမှာ အရေးပါတဲ့ အစုအလိုက်အပြုံလိုက်ရှိနေပြီး အဲဒီ သောင်မတင် ရေမကျဖြစ်မှုတွေက ရွံ့ညွန်တွေအဖြစ် ပြောင်းလဲသွားရင် ဘာဖြစ်ဦးမလဲ။

ဒါပေမဲ့ ပျောက်ကွယ်သွားတာတွေလည်း ပျောက်ကွယ်သွားပါစေ တော့လေ။ အတတ်နိုင်ဆုံး ပြန်အမှတ်ရဖို့ပဲ ကျွန်တော် ကြိုးစားရတော့မှာပေါ့။ ပျောက်ကွယ်နေပြီဖြစ်တဲ့၊ ပျောက်ကွယ်လုနီးပါးဖြစ်နေတဲ့ ဒီမပြည့်မစုံ အမှတ်ရ မှုတွေကိုပဲ ရင်ဘတ်မှာ စုချည်ထားလိုက်တယ်။ ကျွန်တော်ဟာ ဒီစာအုပ်ကို အစာရေစာ ပြတ်လပ်တော်မွတ်လို့ အရိုးတွေကို အငမ်းမရစုပ်နေပြီး ကြံမိကြံရာ လုပ်နေသူတစ်ယောက်လိုပဲ ဆက်ရေးတော့မှာပါ။ နာအိုကို ကိုပေးထားတဲ့ ကျွန်တော့်ကတိကို ထိန်းသိမ်းနိုင်ဖို့ တစ်ခုတည်းသော နည်းလမ်းက ဒါပဲရှိ တော့တယ်။

ဟိုးတစ်ချိန် ကျွန်တော် ငယ်ငယ်တုန်းကဆိုရင် ကျွန်တော့် မှတ်ဉာဏ် ဟာ အခုချိန်ထက်ပိုပြီး ကောင်းမွန်ခဲ့ပါတယ်။

နာအိုကို့ အကြောင်းရေးဖို့ကြိုးစားတိုင်း ...

mgyoe.com

mgyoe.com SAMPLE BOOK

ဒါပေမဲ့ အဲဒီတုန်းက ကျွန်တော် ဝါကျတစ်ကြောင်းတောင် ချမရေး နိုင်ခဲ့ပါဘူး။ တကယ်လို့များ ကျွန်တော်သာ ဝါကျတစ်ကြောင်း စရေးနိုင်ရင် စာမျက်နှာတစ်ခုလုံး အလိုလိုပြည့်နှက်သွားမယ်ဆိုတာ ကျွန်တော်သိပါတယ်။ ဒါပေမဲ့ ကျွန်တော်ချမရေးနိုင်ခဲ့ပါဘူး။ အဲဒီတုန်းကလည်း ကျွန်တော့် မှတ်ဉာဏ် ထဲမှာ သူ့အကြောင်းတွေကို ကြည်ကြည်လင်လင် ရှင်းရှင်းလင်းလင်း မြင်ခဲ့ ပေမယ့် ဘယ်ကစရေးရမလဲဆိုတာ မသိနိုင်ခဲ့ဘူး။ မြေပုံရဲ့ လမ်းညွှန်ပြသမှု တွေဟာ တစ်ခါတစ်လေမှာ အသုံးမဝင်သလိုပေါ့။ အခုအချိန်မှာတော့ ကျွန်တော်ဟာ မပြည့်မစုံဖြစ်နေတဲ့ မှတ်ဉာဏ်တွေနဲ့ အတွေးတွေကို မပြည့် မစုံအရေးအသားအဖြစ် စတင်နိုင်တော့မယ်ဆိုတာ ကျွန်တော်သိနေပါတယ်။ နာအိုကိုနဲ့ ပတ်သက်သမျှ မှတ်ဉာဏ်တွေ ကျွန်တော့်ကိုယ်ထဲမှာ ပိုပျောက် ကွယ်လာလေလေ၊ ကျွန်တော် သူ့ကိုပိုပြီး လေးလေးနက်နက် နားလည် လာနိုင်လေလေပါပဲ။ သူ့ကိုမမေ့ဖို့ ကျွန်တော့်ကို ဘာလို့ တောင်းဆိုလဲဆိုတာကို ကျွန်တော်သိပါတယ်။ နာအိုကိုကိုယ်တိုင်လည်း သိပါတယ်။ ကျွန်တော့် မှတ်ဉာဏ်တွေဟာ ပျောက်ကွယ်လာလိမ့်မယ်ဆိုတာ သူသိခဲ့ပါလိမ့်မယ်။ အဲဒါကြောင့်ပဲ သူ့ကိုမမေ့ဖို့၊ သူတည်ရှိခဲ့တယ်ဆိုတာကို အမှတ်ရဖို့ တောင်းဆို ခဲ့တာပဲ ဖြစ်ပါလိမ့်မယ်။

အဲဒီအတွေးဟာ မခံမရပ်နိုင်လောက်တဲ့ ဝမ်းနည်းပူဆွေးမှုတွေ ကျွန်တော့်ခန္ဓာကိုယ်ထဲ ပြည့်လျှံ စီးဆင်းနေစေပါတယ်။ ဘာကြောင့်လဲဆိုတော့ နာအိုကိုဟာ ကျွန်တော့်ကို ဘယ်တုန်းကမှ မချစ်ခဲ့လို့ပဲ။

▣

mgyoe.com SAMPLE BOOK

# အခန်း (၂)

ဟိုးဝေးဝေး တစ်ချိန်ကပေါ့။ တကယ်တမ်းပြောရရင်တော့ နှစ်ပေါင်းနှစ်ဆယ် ပဲရှိပါသေးတယ်။ အဲဒီတုန်းက ကျွန်တော် အဆောင်မှာနေတယ်။ ကျွန်တော့် အသက်က ဆယ့်ရှစ်နှစ်။ ပြီးတော့ ကျောင်းသားသစ်။ တိုကျိုမြို့ကြီးဟာ ကျွန်တော့်အတွက် အသစ်အဆန်းပဲ။ တစ်ယောက်တည်းနေရတဲ့ အတွေ့အကြုံ ကိုလည်း ပထမဆုံး မြည်းစမ်းကြည့်မိတာပဲ။ အဲဒါကြောင့်ပဲ စိတ်ပူတတ်တဲ့ ကျွန်တော့်မိဘတွေက ကျွန်တော့်ကို ကျောင်းသားအများဆုံး နေတတ်ကြသလို တစ်ယောက်ခန်း ငှားမနေခိုင်းဘဲ ပုဂ္ဂလိကအဆောင်တစ်ခုမှာ ငှားနေစေခဲ့တာ ဖြစ်တယ်။ အဆောင်ဟာ အစားအစာကျွေးသလို အခြားအခွင့်အရေးတွေလည်း စီစဉ်ပေးတဲ့အတွက် ဘာအတွေ့အကြုံမှမရှိသေးတဲ့ ဆယ့်ရှစ်နှစ်သားလေး တစ်ယောက် ရှင်သန်နေထိုင်ဖို့ အထောက်အကူ အများကြီးပေးတယ်လေ။ ဒါ့အပြင် အဆောင်မှာနေတာကတစ်ယောက်တည်း အခန်းငှားနေတာထက် အများကြီးသက်သာတာပေါ့။ အိပ်ရာခင်းတစ်စုံ၊ စာကြည့်မီးချောင်းတစ်ချောင်း ပါလာရုံနဲ့ အခြားပရိဘောဂပစ္စည်းတွေလည်း ဝယ်စရာမလိုဘူးပေါ့။ ကျွန်တော့် အနေနဲ့ကတော့ တိုက်ခန်းတစ်ခန်းငှားပြီး တစ်ကိုယ်တော်နေရမှာကို ပိုကြိုက် ပေမယ့် ကျွန်တော့်မိဘတွေက တက္ကသိုလ်ကျောင်းစရိတ် ကြီးကြီးမားမား

mgyoe.com

mgyoe.com SAMPLE BOOK

ပေးရမယ်ဆိုတာကို ကျွန်တော်သိနေလေတော့ စောဒက မတက်ချင်တော့ပါဘူး။ အဲဒါထက် ကျွန်တော်ဆိုတဲ့ ကောင်ကလည်း နေရမယ့်နေရာနဲ့ ပတ်သက်လို့ ဘာဂရုမှမစိုက်တတ်တဲ့ကောင် ဖြစ်နေလို့ပါပဲ။

ကျွန်တော်နေတဲ့အဆောင်ဟာ တောင်ကုန်းတစ်ကုန်းထက်မှာ ရှိနေလေတော့ မြို့လယ်ကိုအပေါ်စီးက မြင်နေရတယ်။ အဆောင်ခြံဝင်းကို လေးဘက်လေးတန် အုတ်တံတိုင်းခတ်ထားသေးတယ်။ ဝင်းတံခါးဝမှာ ကြီးမားလှတဲ့ ဧရာမဇယ်ကိုဗာ သစ်ပင်ကြီးက မျှော်စင်ကိုအုပ်မိုးနေတယ်။ အဲဒီသစ်ပင်ကြီးဟာ အနည်းဆုံး သက်တမ်း နှစ်တစ်ရာ့ငါးဆယ် ရှိနေပြီလို့ လူတွေက ပြောတတ်ကြတယ်။ အဲဒီ သစ်ပင်ကြီးရဲ့အောက်ခြေမှာ ရပ်နေမယ်ဆိုရင် စိမ်းစိမ်းစိုစို သစ်ရွက်တွေပိတ်နေတာကြောင့် ကောင်းကင်ကိုမမြင်ရဘူး။

သစ်ပင်ကြီးကို ပတ်ပြီးခင်းထားတဲ့လမ်းဟာ မျက်နှာချင်းဆိုင်ဖြစ်နေတဲ့ သုံးထပ်အဆောင် နှစ်ဆောင်ရှေ့ကို ရောက်နိုင်တယ်။ အဆောင်ကြီးတွေဟာ ကြီးမားလှသလို ပြူတင်းပေါက်တွေအများကြီး ရှိနေသလို တစ်ချိန်က အကျဉ်းထောင်ကို လူနေအိမ်အဖြစ် ပြောင်းလဲထားတဲ့ပုံစံမျိုး ဒါမှမဟုတ် လူနေအိမ်ကို အကျဉ်းထောင်အဖြစ် ပြောင်းလဲထားတဲ့ပုံစံမျိုး ဖြစ်နေတယ်။ အဆောင်ကြီးတွေဟာ မှောင်မှောင်မည်းမည်း ဖြစ်မနေသလို အမှောင်ဆန်တဲ့စိတ်မျိုးကိုလည်း မဖြစ်စေဘူး။ ဖွင့်ထားတဲ့ ပြူတင်းပေါက်တွေကနေ ရေဒီယိုသံကို ကြားနိုင်တယ်။ ပြတင်းပေါက်တိုင်းမှာလည်း နေရောင်မဝင်စေဖို့ အရောင်တူ ခန်းဆီးတွေ ကာထားသေးတယ်။

လမ်းအတိုင်းဆက်သွားရင် အဆောင်ကြီးနှစ်ဆောင်ရဲ့ နောက်မှာရှိတဲ့ နှစ်ထပ်ဆောင်ဘုံရိပ်သာကို ရောက်လိမ့်မယ်။ အဲဒီ ဘုံရိပ်သာရဲ့ပထမထပ်မှာ ထမင်းစားခန်းနဲ့ ရေချိုးခန်းတွေရှိပြီး ဒုတိယထပ်မှာတော့ အားကစားခန်းမ တစ်ခု၊ အစည်းအဝေးခန်းမတွေအပြင် ဧည့်သည်အိပ်ခန်းတွေတောင် ရှိလိုက်သေးတယ်။ ဘုံရိပ်သာနဲ့ ကပ်လျက်နေရာကတော့ တတိယမြောက် သုံးထပ်ဆောင်ပါပဲ။ ခြံဝင်းထဲမှာ စိမ်းစိုတဲ့မြက်ခင်းပြင်ကြီးရှိတယ်။ ဘုံရိပ်သာရဲ့ နောက်မှာရှိတဲ့ကွင်းပြင်ကို ဘေ့စ်ဘောနဲ့ ဘောလုံးကွင်းလုပ်ထားပြီး အဲဒီနားမှာ တင်းနစ်ကွင်း ခြောက်ကွင်းလည်းရှိတယ်။ ခြံဝင်းကြီးထဲမှာ လိုချင်တာ ဘာမဆို ရနိုင်တဲ့ အနေအထားပါပဲ။

mgyoe.com

mgyoe.com

ဒီနေရာမှာ ပြဿနာလေးတစ်ခုပဲရှိတယ်။ ဘာလဲဆိုတော့ နိုင်ငံရေးအနံ့ ထုံမွမ်းလွန်းနေတာပါပဲ။ ဒီအဆောင်ကို လက်ယာအစွန်းရောက်ဝါဒီတစ်ဦး တည်ထောင်ထားတဲ့ ဖောင်ဒေးရှင်းတစ်ခုက ထောက်ပံ့နေပါတယ်။ ဒီအဆောင်ရဲ့ လည်ပတ်မှုကို ကျွန်တော်ဉာဏ်မီသလောက် စဉ်းစားကြည့်တိုင်း တစ်ခုခု ထူးဆန်းတယ်လို့ထင်မိတာပဲ။ ဒီအဆောင်ရဲ့ ထူးခြားမှုတွေကို ကျောင်းသားသစ်တွေအတွက်ပေးတဲ့ လက်ကမ်းကြော်ငြာချက် စာရွက်တွေထဲမှာနဲ့ အဆောင်စည်းကမ်းတွေထဲမှာ တွေ့နိုင်ပါတယ်။ အဆောင်တည်ထောင်ရခြင်းရဲ့ အခြေခံစိတ်ဓာတ်က "ပညာရေး အခြေခံစည်းမျဉ်းများမှတစ်ဆင့် နိုင်ငံတော်ကို ဝန်ဆောင်မှုပေးမည့် လူသားအရင်းအမြစ်များအား အပြည့်အဝ ပျိုးထောင်မြေတောင်မြှောက်ပေးရန်" လို့ဖော်ထားပါတယ်။ ဒီအဆောင်ကိုအဓိက ငွေကြေးထောက်ပံ့သူတွေက အခြေခံစိတ်ဓာတ်ကြောင့် ရန်ပုံငွေတွေတိုးပြီး အဆောင်လိုအပ်ချက်တွေကို ပိုမိုဆောင်ရွက်ပေးနိုင်တာလို့ ယုံကြည်ကြပါတယ်။ အဲဒါကတော့ ဒီအဆောင်နဲ့ပတ်သက်လို့ အများပြည်သူ သိတဲ့အပေါ်ယံမျက်နှာစာပါ။ နောက်ကွယ်မှာရှိနေတဲ့ အစွန်းရောက် နိုင်ငံရေးကိစ္စတွေကတော့ ရှုပ်ထွေးလွန်းလှပါတယ်။ တစ်ချို့က ဒါဟာအခွန်ရှောင်တဲ့ကိစ္စလို့ ပြောကြသလို တစ်ချို့ကလည်း ဒါဟာ ငွေကြေးထောက်ပံ့သူတွေအတွက် စတန့်တစ်ခုပဲလို့ ဆိုကြပါတယ်။ တစ်ချို့ကလည်းဒါဟာ အိမ်ခြံမြေရောင်းဝယ်ရေးကိစ္စတွေရဲ့ လှည့်ကွက်တွေမျှသာ ဖြစ်တယ်လို့ ယူဆကြပါတယ်။ သေချာတာ တစ်ခုကတော့ ဒီအဆောင်ဝင်းကြီးထဲမှာ တက္ကသိုလ်ပေါင်းစုံက လူ့မလိုင်အလွှာက တက္ကသိုလ်ကျောင်းသားတွေအတွက် အထူးကလပ်တစ်ခု ရှိနေတယ်ဆိုတာပါပဲ။ သူတို့ဟာ တစ်လမှာ စကျုက်ဝိုင်းဆိုပြီး အကြိမ်ပေါင်းများစွာဆုံတွေ့မှု တွေပြုလုပ်ကြတယ်။ တစ်ချို့ စကျုက်ဝိုင်းတွေမှာဆိုရင် ဒီအဆောင်ကို စတင်တည်ထောင်သူအချို့တောင် ပါဝင်ကြသေးတယ်။ အဲဒီ လူ့မလိုင်တွေရဲ့ စကျုက်ဝိုင်းမှာပါဝင်တဲ့ ဘယ်သူမဆို ကျောင်းပြီးတာနဲ့ အလုပ်ကောင်းကောင်းရနိုင်ကြတာချည်းပဲ။ ဘာကြောင့် သူတို့ အဲ့သလို အလုပ်ကောင်းတွေ ရကြတာလဲဆိုတာကိုတော့ ကျွန်တော် မသိဘူး။ ဒါပေမဲ့ ဒီအဆောင်ဟာ မသင်္ကာဖွယ်ကောင်းတဲ့ နေရာဖြစ်တယ် ဆိုတာကို ကျောင်းသားတွေကတော့ သိနေကြပါတယ်။

ဘာပဲပြောပြော ကျွန်တော်ကတော့ ဒီမသင်္ကာစရာကောင်းတဲ့ အဆောင်ကြီးထဲမှာ ၁၉၆၈ ကနေ ၁၉၇၀ အထိ နှစ်နှစ်ကြာနေထိုင်ခဲ့ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဘာဖြစ်လို့ ကျွန်တော် အဲသလောက် ကြာကြာနေခဲ့သလဲဆိုတာကို ကျွန်တော်လည်း မပြောနိုင်ပါဘူး။ ကျွန်တော်နေထိုင်ခဲ့တဲ့ နေ့စဉ်နေ့တိုင်းကတော့ ကျွန်တော့်အတွက် လက်ဝဲပဲဖြစ်ဖြစ်၊ လက်ယာပဲဖြစ်ဖြစ် ဘာမှခြားနားမှု မရှိခဲ့ပါဘူး။

အဆောင်ရဲ့နေ့စဉ် ဘဝဟာ နိုင်ငံတော်အလံလွှင့်တင်မှုနဲ့ စတင်တယ်။ နိုင်ငံတော်သီချင်းကိုလည်း တီးမှုတ်ကြတယ်။ အားလုံးဟာ နိုင်ငံတော်သီချင်းကို လိုက်ဆိုကြရတယ်။ အလံတော်ဟာ ခြံဝင်းရဲ့ အလယ်တည့်တည့်မှာရှိနေတဲ့အတွက် အဆောင်သုံးဆောင်ရဲ့ ပြတင်းပေါက်တိုင်းကနေ မြင်တွေ့နေရတယ်။ အရှေ့ဘက်အဆောင် (ကျွန်တော်နေတဲ့အဆောင်) က အဆောင်မှူးဟာ အလံတော် လွှင့်တင်ရေးအတွက် တာဝန်ရှိတဲ့သူဖြစ်တယ်။ အဆောင်မှူးဟာ အရပ်ရှည်ပြီး သိန်းငှက်လို မျက်လုံးတွေရှိတဲ့ အသက်ခြောက်ဆယ်ပြည့်ခါနီး ဒါမှမဟုတ် အသက်ခြောက်ဆယ်စွန်းစွန်း အရွယ်ရှိတဲ့ လူတစ်ယောက်ဖြစ်တယ်။ အဲဒီလူရဲ့ ဆံပင်မွေးတိုတိုထူထူတွေဟာ မီးခိုရောင်ဖြစ်နေပြီး နေလောင်နေတဲ့သူ့ လည်ပင်းမှာ အမာရွတ်ရှည်ရှည်တစ်ခုရှိနေတယ်။ သူဟာ စစ်ကာလတုန်းက နာကာနိုသူလျှိုကျောင်းဆင်း တစ်ယောက်ဖြစ်တယ်လို့ ပြောကြတယ်။ ဒါပေမဲ့ ဘယ်သူမှတော့ သေသေချာချာမသိကြဘူး။ သူနဲ့ ကပ်လျက် မတ်တပ်ရပ်တဲ့ ကျောင်းသားဟာ သူ့ရဲ့ လက်ထောက်အဖြစ် လုပ်ဆောင်သူဖြစ်တယ်။ သူရဲ့ လက်ထောက်အကြောင်းကိုလည်း ဘယ်သူမှ မသိကြဘူး။ သူဟာ ကမ္ဘာပေါ်မှာ အတိုဆုံး ခရုကတ်ဆံပင်ပုံစံ (သင်္ဘောသား ဆံပင်ပုံစံ)ကိုညှပ်ထားပြီး အမြဲတမ်းလိုလို ရေတပ်ဝတ်စုံပုံစံ ကျောင်းသား ယူနီဖောင်းကို ဝတ်ထားလေ့ရှိတယ်။ သူ့ရဲ့ နာမည်ရယ် သူနေတဲ့ အခန်းရယ်ကို ကျွန်တော် မသိသလို သူ့ကို ကျွန်တော် ထမင်းစားခန်းထဲမှာရော၊ ရေချိုးခန်းထဲမှာပါ တစ်ခါမှ မတွေ့ဖူးဘူး။ သူဟာ ကျောင်းသား ဟုတ်မဟုတ်ဆိုတာတောင် ကျွန်တော် မသေချာဘူး။ တစ်ချိန်က ကျောင်းသားဖြစ်နိုင်ခဲ့ဖူးတာကိုတော့ သိသာပါတယ်။ သူ့ကို ကျောင်းသားတွေက ယူနီဖောင်းလို့တောင် အမည်ပြောင် ပေးထားကြတယ်။ နာကာနိုကျောင်းဆင်းကြီးလို့ ယူဆရတဲ့ မစ္စတာနာကာနိုနဲ့ ယှဉ်ကြည့်ရင်တော့ သူဟာ အရပ်ပုတယ်။ တုတ်တုတ်ခိုင်ခိုင်ရှိတယ်။ မျက်နှာ ဖြူဖတ်ဖြူရော်ဖြစ်တယ်။ ကျောချမ်းဖို့ ကောင်းလှတဲ့ သူတို့နှစ်ဦးဟာ ထွက်ပြူစ နေလုံးကြီးအလံပုံပါတဲ့ နိုင်ငံတော်အလံကို မနက်ခြောက်နာရီတိုင်းမှာ လွှင့်ထူကြတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော် ဒီအဆောင်ကိုရောက်ရှိခါစတုန်းက ဒီအင်မတိ အင်မတန်ကြီးကျယ်လှတဲ့ လုပ်ရပ်ကြီးက ကျွန်တော့်ကို စောစောထစေပြီး မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်စေတဲ့ ဒီဓလေ့ကြီးကို လေ့လာမိစေခဲ့တယ်။ သူတို့နှစ်ယောက်စလုံးဟာ ရေဒီယိုက နံနက်ခြောက်နာရီထိုးပြီဖြစ်ကြောင်း ကြေညာလိုက်တာနဲ့ တစ်ပြိုင်နက်လေးထောင့်ပုံစံမြေကွက်လပ်ထဲကို ရောက်လာတော့တာပါပဲ။ ယူနီဖောင်းဟာ အနက်ရောင် သားရေရှူးဖိနပ်တွေကိုစီးပြီး သူ့ရဲ့ယူနီဖောင်းကို ဝတ်ထားမယ်။ ယူနီဖောင်းဟာ အခမ်းအနားကျင်းပရင်သုံးတဲ့ ပြီးဆုံးအောင်မလုပ်ထားရသေးတဲ့ ပေါ်လိုနီယာအသားသေတ္တာကို ကိုင်ထားတတ်သလို မစ္စတာနာကာနိုကလည်း ဆိုဒ်ကက်ဆက်ကြီးကို လက်ထဲမှာ ကိုင်ထားတတ်တယ်။ နာကာနိုက ကက်ဆက်ကြီးကို ချလိုက်ချိန်မှာ ယူနီဖောင်းက သေတ္တာထဲက အလံစကို ထုတ်ယူလိုက်မယ်။ အဲဒီနောက် ယူနီဖောင်းက မစ္စတာနာကာနိုကို တလေးတစားနဲ့ အလံစကို ကမ်းပေးလိုက်မယ်။ မစ္စတာနာကာနိုက အလံစကို အလံတိုင်ရဲ့ကြိုးမှာ ချည်နှောင်လိုက်ပြီး အဖြူနောက်ခံပေါ်က ထွက်ပြူစ နေမင်းကြီး ပုံဖော်ထားတဲ့ အနီရောင်စက်ဝိုင်းကြီးကို အပေါ်ဆွဲတင်လိုက်မယ်။ အဲ့ဒီနောက် ယူနီဖောင်းက နိုင်ငံတော်သီချင်းသံထွက်ဖို့ ကက်ဆက်ခလုတ်ကို နှိပ်လိုက်မယ်။

"ငါတို့ရဲ့ အရှင်အုပ်စိုးနိုင်ပါစေ ...."

ပြီးတော့ အလံကို ဆွဲတင်တယ်။

"ကျောက်စရစ်တုံးခဲတွေဟာ ရေ၊ လေစားသွားသည့်တိုင်"

ဒီအချိန်မှာ အလံတော်ဟာ လမ်းတစ်ဝက်ကို ရောက်ရှိနေလေပြီ။

"ရေညှိတို့ဖြင့် ဖုံးလွှမ်းခံရပါစေ"

ဒီအချိန်မှာ အလံဟာထိပ်ဆုံးကို ရောက်သွားခဲ့ပြီး သူတို့နှစ်ယောက်ဟာ အာရုံစူးစိုက်မှုအပြည့်ကြီးနဲ့ အလံတော်ကို မော့ကြည့်နေပြန်တယ်။ လေတိုက်တဲ့နေ့တွေမှာတော့ ဒီအလံကို အဝေးကနေ ထင်းထင်းကြီးမြင်နိုင်တာပေါ့။

ညနေဘက် အလံသိမ်းတဲ့အခါမှာလည်း အခမ်းအနားနဲ့သိမ်းတယ်။ ဒါပေမဲ့ မနက်ဘက်လုပ်တဲ့ အခမ်းအနားနဲ့တော့ ဆန့်ကျင်ဘက်ပေါ့။ ပထမဆုံး အလံကိုဆွဲချပြီးမှ သေတ္တာထဲထည့်တယ်။ ညဘက်ဆိုရင် အလံတော်က တလူလူ မလွင့်နိုင်တော့ဘူးပေါ့။

mgyoe.com

mgyoe.com


ညဘက်ဆိုရင် အလံကိုအောက်ဘက်ဘာကြောင့် ပြန်ချရတာလဲ ဆိုတာကို ကျွန်တော်မသိဘူး။ ညဘက် မှောင်လာတဲ့အခါမှာလည်း နိုင်ငံတော်ဟာ ဆက်ရှိနေတာပဲ မဟုတ်လား။ ဆောက်လုပ်ရေးလုပ်သားတွေ၊ တက္ကစီမောင်းသမားတွေ၊ အရက်ဆိုင်က ဘားမယ်လေးတွေ၊ မီးသတ်သမားတွေ၊ ညစောင့်အလုပ်သမားတွေ ... သူတို့လို ညဘက် အလုပ်လုပ်ကြတဲ့လူတွေဟာလည်း ဒုနဲ့ ဒေးပဲ။ ညဘက်ဆိုရင် အလံကြီးသိမ်းလိုက်တာဟာ သူတို့အပေါ် မတရားသလိုပဲ။ အဲ့ဒီအချက်ကို ကျွန်တော်ကလွဲလို့ ဘယ်သူမှ သတိထားမိမှာ မဟုတ်ဘူး။ ကျွန်တော်ကိုယ်တိုင်လည်း တိတိပပကြီး တွေ့ရှိသတိထားမိတာမျိုး မဟုတ်ပါဘူး။ ကျွန်တော့် နှလုံးသားကို ဖြတ်သန်းသွားတဲ့ တစ်စုံတစ်ခုသော အကြောင်းအရာမျိုးလိုပါပဲ။

အခန်းခွဲဝေမှု စည်းမျဉ်းစည်းကမ်းကတော့ ပထမနှစ်နဲ့ ဒုတိယနှစ်ကျောင်းသားတွေဟာ နှစ်ယောက်တစ်ခန်းနေထိုင်ပြီး တတိယနှစ်နဲ့ စတုတ္ထနှစ် ကျောင်းသားတွေသာ တစ်ယောက်တစ်ခန်း နေထိုင်ခွင့်ရကြခြင်းပဲဖြစ်တယ်။ နှစ်ယောက်တွဲ အခန်းတွေဟာ တစ်ယောက်ခန်းအကျယ်ကို ပေဆယ့်နှစ်ပေထက် ပိုရှည်လျား၊ ပိုကျဉ်းမြောင်းပြီး တံခါးမကြီးရဲ့ ဆန့်ကျင်ဘက်မှာရှိတဲ့ အလူမိနီယံနံရံမှာ ပြတင်းပေါက်တစ်ခုပါရှိတယ်။ ပြီးတော့ အခန်းတွင်း နေထိုင်သူနှစ်ယောက် ကျောချင်းကပ် စာကျက်လို့ရအောင် စားပွဲနှစ်လုံးကို ခင်းကျင်းထားတယ်။ တံခါးမကြီးရဲ့ ဘယ်ဘက်မှာ စတီးလ်နံရံကပ် အိပ်စင်တစ်ခုကို ထားရှိထားတယ်။ အခန်းထဲမှာ ထားပေးထားတဲ့ ပရိဘောဂတွေဟာ တောင့်တင်းခိုင်မာကြပြီး ရိုးရိုးရှင်းရှင်း နေရာချထားကြတယ်။ ဗီရိုကလေးနှစ်ခုရယ်၊ ကော်ဖီသောက် စားပွဲတစ်ခုရယ်နဲ့ စင်ကလေးတွေရယ်လည်း ပါဝင်တယ်။ အပြစ်ရှာကြည့်တတ်လွန်းသူသာ ဒီအခန်းရဲ့ ဖွဲ့စည်းပုံအနုရသကို အပြစ်တင်နိုင်မှာပါ။ ကျောင်းသား အများစုဟာ စင်တွေပေါ်မှာ ရေဒီယို၊ ဆံပင်အခြောက်ခံစက်၊ လျှပ်စစ် ဖန်ချိုင့်၊ ပေါင်းအိုးနဲ့ ကော်ဖီဖျော်စက်၊ လက်ဖက်ရည်ပန်းကန်လုံး၊ သကြားဘူး၊ ရာမင်ချက်ဖို့ ပန်းကန်လုံးတွေ ထားရှိလေ့ရှိတယ်။ အခန်းနံရံတွေကတော့ အမျိုးသမီးမဂ္ဂဇင်းက ဓာတ်ပုံတွေ ဒါမှမဟုတ် ခိုးယူထားတဲ့ ညစ်ညမ်းဗီဒီယိုကားပိုစတာတွေကို ညည်းညူလို့ နေကြတယ်။ ဝက်တွေ မိတ်လိုက်နေပုံကို ကပ်ထားတဲ့ ရှားရှားပါးပါး ပုဂ္ဂိုလ်တစ်ယောက်ကလွဲလို့ အများစုကတော့ ဝတ်လစ်စလစ် အမျိုးသမီးပုံတွေ။ ဒါမှမဟုတ်

mgyoe.com

mgyoe.com SAMPLE BOOK

အမျိုးသမီးအဆိုတော်ပုံ၊ မင်းသမီးပုံတွေကိုသာ ကပ်ထားလေ့ရှိတယ်။ စာရေးစားပွဲတွေပေါ်က စာအုပ်စင်တွေပေါ်မှာ ကျောင်းပုံနှိပ်စာအုပ်တွေ၊ အဘိဓာန်တွေနဲ့ ဝတ္ထုတွေကိုသာ တွေ့ရလိမ့်မယ်။

ယောကျာ်းလေးအိမ်သာတွေမှာတွေ့ရတဲ့ ညစ်ညမ်းစာသားတွေကတော့ ကြောက်စရာ့ထိတ်လန့်စရာတွေချည်းပဲ။ အိမ်သာတွေထဲက အမှိုက်ခြင်းတောင်းတွေရဲ့ အောက်ခြေတွေမှာ ဟောင်းနွမ်းဆွေးမြေ့နေတဲ့ ရှေးဟောင်းတရုတ်စာသားတွေကို လည်းတွေ့ရတယ်။ ဘူးခွံအလွတ်တိုင်းဟာ စီးကရက်ပြာခံခွက်တွေအဖြစ် အသုံးပြုခံရပြီး စီးကရက်ဖင်စီခံတွေ တောင်လိုပေါက်နေလေရဲ့။ အဲဒီဘူးခွံတွေ ပြာခံခွက်မဖြစ်ခင်က ကော်ဖီ ဒါမှမဟုတ် ဘီယာထည့်တဲ့ခွက်အဖြစ် အသုံးပြုခံခဲ့ကြသေးတယ်။ ဘီယာတွေ၊ ကော်ဖီတွေချဉ်စုပ်ပြီးတော့မှ ပြာခံခွက် ဖြစ်လာကြရတာဖြစ်တယ်။ စင်တွေပေါ်က ပန်းကန်လုံးတွေ၊ ပန်းကန်ပြားတွေပေါ်မှာ အမျိုးအမည်မသိရတဲ့ မည်းညစ်ထေးမှုတွေ တွယ်ကပ်နေကြလေရဲ့။ ကြမ်းပြင်ပေါ်မှာလည်း ရာမင်ထုပ်စက္ကူတွေ၊ ဘီယာဘူးအခွံတွေ၊ ဘီယာဘူးအဖုံးတွေ လွင့်ပြန့်ကျဲနေကြပြန်တယ်။ ကြမ်းပြင်ပေါ်ကအမှိုက်တွေကို ဘယ်သူ့ဘယ်သူကမှ ရှင်းလင်းဖူးပုံမရတဲ့အပြင် အမှိုက်တစ်စလောက်ကိုတောင်မှ အမှိုက်ပုံးထဲ ဘယ်သူမှ ကောက်ပစ်ဖူးပုံမရဘူး။ လေတစ်ချက်တိုက်တိုင်း ဖုန်မှုန့်တွေတိမ်လို ထသွားကြ ာချည်းပဲ။ အခန်းတိုင်းမှာလည်း ကြောက်ရွံ့ဖို့ကောင်းလောက်တဲ့ အနံ့ဆိုးကြီးတစ်ခုက ရှိသေးတယ်။ အဲဒီအနံ့ရဲ့ ဖွဲ့စည်းတည်ဆောက်မှုက တစ်မျိုးတည်းပဲ။ ချွေးနံ့၊ ခန္ဓာကိုယ်အနံ့၊ အမှိုက်အနံ့တွေနဲ့ ပေါင်းစည်းထားတဲ့အနံ့ပေါ့။ အိပ်ရာတွေမှာ ညစ်ပတ်ပေရေနေတဲ့ အဝတ်အစားတွေ အပုံလိုက်ဖြစ်နေကြတယ်။ မွေ့ယာတွေကိုလည်း ဘယ်သူမှ ဖုန်ခါဖူးခြင်းမရှိကြဘူး။ ချွေးနံ့တွေလှိုင်လှိုင်ထနေတဲ့ အိပ်ရာခင်းတွေရဲ့ အနံ့တွေကလည်း သည်းခံနိုင်လောက်စရာကိုမရှိဘူး။ ထူးဆန်းတာတစ်ခုကတော့ ဒီလောက် စုတ်ပြတ်ညစ်ပတ်ကြပေမယ့် ဘာကူးစက်ရောဂါမှ မရှိဖူးဘူးတာပဲ။

ကျွန်တော့်အခန်းကတော့ ကျန်အခန်းတွေနဲ့ လုံးလုံးလျားလျားဆန့်ကျင်ဘက်ပဲ။ ကြမ်းပြင်နဲ့ပြတင်းပေါက်မှာ ဘာအစက်အပြောက် တစ်ခုမှ မရှိဘူး။ မွေ့ရာတွေကိုလည်းအပတ်တိုင်း ဖုန်ခါတယ်။ ခဲတံတွေဟာလည်း ခဲတံထည့်ဗူးထဲမှာ နေရာတကျ။ ခန်းဆီးတွေကို ပုံမှန်လျှော်ဖွတ်ကြောင်းပြောရင်တောင် အဆောင်မှာရှိတဲ့ ဘယ်သူမှမယုံကြည်ကြဘူး။ ခန်းဆီးတွေကို

mgyoe.com

mgyoe.com SAMPLE BOOK

လျှော်ဖွတ်လို့ရတယ်ရယ်လို့တောင် သူတို့သိကြတာမဟုတ်ဘူး။ သူတို့ ယုံကြည်ထားတာက ခန်းဆီးတွေဟာ ပြတင်းပေါက်တွေနဲ့ ပုံသေနီးပါးတွဲလျက်ရှိတဲ့ အရာတွေလို့ထင်ထားကြတာ။ ''ဒီကောင်ဟာ တစ်ခုခုတော့ လွဲမှားနေတဲ့ကောင်ပဲ'' လို့သူတို့က ပြောကြတတ်သေးတယ်။ ဒါ့အပြင် ကျွန်တော့် အခန်းဖော်ကို နာဇီ ဒါမှမဟုတ် မုန်တိုင်းတပ်သားလို့ ခေါ်တတ်ကြသေးတယ်။ ကျွန်တော်တို့ အခန်းနံရံမှာ ပင်အပ်ရာတောင်မရှိဘူး။ လုံးလုံးမရှိတာတော့ မဟုတ်ဘူး။ ကျွန်တော်တို့ အခန်းနံရံမှာ အမ်စတာဒမ် တူးမြောင်းပုံတစ်ပုံတော့ရှိတယ်။ ကျွန်တော် ဝတ်လစ်စလစ်ပုံတစ်ပုံ ကပ်ခဲ့ဖူးတယ်။ ဒါပေမဲ့ ကျွန်တော့်အခန်းဖော်က ပြန်ဖြုတ်ချခဲ့တယ်။ ''ဟော့ ...ဝါတာနာဘီ။ ငါဟာ အဲဒီလိုပုံတွေကို တူးတူးခါးခါးမုန်းတာမျိုးတော့ မဟုတ်ဘူး'' လို့သူက ပြောပြီး တူးမြောင်းပုံကြီး ကပ်ခဲ့ပါတယ်။ ကျွန်တော်ကလည်း ဝတ်လစ်စလစ်ပုံကို သိပ်လိုလိုချင်ချင်ကြီး မဟုတ်တော့ မကန့်ကွက်ခဲ့ဘူးပေါ့။

''ဒီသောက်သုံးမကျတဲ့ ပုံကြီးကဘာလဲ'' လို့အခန်းထဲရောက်လာသူတိုင်းက အမ်စတာဒမ်တူးမြောင်းပုံကို ကန့်ကွက်တဲ့ အနေနဲ့မေးတတ်ကြပါတယ်။

''မုန်တိုင်းတပ်သားက ဒီပုံကိုကြည့်ပြီး စိတ်ဖြေဖျောက်တာ'' လို့ ကျွန်တော်ဖြေလေ့ရှိတယ်။

ကျွန်တော်က ဟာသအနေနဲ့ပြောတာဖြစ်ပေမယ့် သူတို့ကတော့ ကျွန်တော်ပြောတာကို တကယ်ကြီးလို့ ထင်တတ်ကြတော့ ကျွန်တော်ကိုယ်တိုင်တောင် တကယ်လိုလိုထင်လာမိတယ်။

မုန်တိုင်းတပ်သားနဲ့ တစ်ခန်းထဲနေနေရတဲ့ ကျွန်တော့်ကိုအားလုံးက ကိုယ်ချင်းစာကြတယ်။ ဒါပေမဲ့ ကျွန်တော်ကတော့ သူနဲ့နေရလို့ စိတ်မပျက်ပါဘူး။ ကျွန်တော့်နေရာကို ကျွန်တော် သန့်သန့်ရှင်းရှင်းနေသရွေ့ သူ ကျွန်တော့်ကို ဘာမှမပြောတတ်ဘူး။ တကယ့်တကယ်မှာလည်း သူ့လိုအခန်းဖော်နဲ့နေရတာဟာ ကျွန်တော့်အတွက် ကိစ္စအတော်များများမှာ အဆင်ပြေလှသပေါ့။ သူဟာ သန့်ရှင်းရေးတွေအကုန်လုပ်သလို မွေ့ယာနေလှန်းတာ၊ အမှိုက်သွန်တာတွေကိုလည်း လုပ်ပေးတယ်။ ကျွန်တော် အလုပ်ရှုပ်နေလို့ ရက်အနည်းငယ်လောက် ရေမချိုးဖြစ်ရင်လည်း ကျွန်တော့်ကို နှာခေါင်းရှုံ့ပြီး ရေချိုးခိုင်းတတ်သေးတယ်။ ကျွန်တော်ဆံပင်ညှပ်ဖို့ အချိန်တန်ရင်ပဲဖြစ်ဖြစ် မုတ်ဆိတ်ရိတ်ဖို့ အချိန်တန်ရင်ပဲ

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်ဖြစ် သူကပြောလေ့ရှိတယ်။ ကျွန်တော် စိတ်ပျက်တာတစ်ခုကတော့ အခန်းထဲမှာ ခြင်တစ်ကောင်ကောင်လောက်များတွေ့လိုက်တာနဲ့ ခြင်နိုင်ဆေးတွေကို အလိပ်လိုက် အလိပ်လိုက် ဖျန်းတတ်တာကိုပါပဲ။ ဘာကြောင့်လဲဆိုတော့ သူ အဲဒီလိုဖျန်းပက်တိုင်း မစင်နံ့တွေလှိုင်နေတဲ့ အခြားအခန်းတစ်ခန်းခန်းမှာ ကျွန်တော် သွားခိုအောင်းနေရလို့ပါ။

မုန်တိုင်းတပ်သားဟာ အမျိုးသားတက္ကသိုလ်မှာ ပထဝီအထူးပြု ယူထားတယ်။

သူနဲ့ကျွန်တော် ပထမဆုံးတွေ့စဉ်က "ငါက မြေပုံတွေကို လေ့လာနေတာ" လို့ သူကျွန်တော့်ကို ပြောခဲ့တယ်။

"မင်းမြေပုံတွေကို ကြိုက်လို့လား" လို့ ကျွန်တော်မေးခဲ့မိတယ်။

"ဟုတ်တယ်။ ငါကျောင်းပြီးရင် ပထဝီလေ့လာရေး သုတေသနမှာ အလုပ်လုပ်ပြီး မြေပုံတွေရေးဆွဲဦးမှာ"

ဘဝဆိုတာ အိမ်မက်အမျိုးမျိုး၊ ပန်းတိုင်အမျိုးမျိုးကို ပေးနိုင်တာပဲလို့ဆိုတဲ့ အမြင်သစ်ကလေးနဲ့ ကျွန်တော် အထင်ကြီးမိခဲ့တယ်။ ကျွန်တော်တို့ကျိုမြို့ကြီးကို ရောက်ခါစမှာဖြစ်ပေါ်လာတဲ့ အထင်ကြီးမှုတွေထဲမှာ သူ့အပေါ်အထင်ကြီးမှုတစ်ခုလည်း ပါဝင်ခဲ့တယ်။ လူ့အဖွဲ့အစည်းဟာ မြေပုံရေးဆွဲမှုကို တစ်မြတ်တစ်စ်နိုး စိတ်ဝင်စားတဲ့မဆိုစလောက် လူအနည်းစုလေးသာလိုအပ်တာပဲဆိုတဲ့ အတွေးလည်းဖြစ်မိခဲ့တယ်။ ထူးဆန်းပေမယ့်လည်း အစိုးရရဲ့ ပထဝီလေ့လာရေးဌာနမှာ အလုပ်လုပ်တဲ့ ဘယ်သူမဆို ငွေပုံလို့ပြောတိုင်း ထစ်ငေါ့သွားကောင်းသွားနိုင်ကြပေမယ့် မုန်တိုင်းတပ်သားကတော့ ရာနှုန်းပြည့် ပိပိသသကြီး ပြောတတ်ကြတယ်။

"မင်းရဲ့မေ ....မေဂျာကဘာလဲ" လို့သူကမေးတယ်။

"ဒရမ်မာ" ကျွန်တော်ဖြေခဲ့တယ်။

"ပြဇာတ်ကချင်လို့လား"

"မဟုတ်ဘူး။ ပြဇာတ်တွေဖတ်ပြီး သုတေသနတွေလုပ်ချင်လို့။ ရာဆင်း၊ အိုင်အွန်နက်စ်ကို၊ ရှိတ်စပီးယားတို့ရဲ့ ပြဇာတ်တွေလိုပေါ့ "

ရှိတ်စပီးယားကလွဲပြီး ကျန်တာတွေကို မကြားဖူးဘူးလို့ သူက ပြောပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ရှိတ်စပီးယား ကလွဲလို့ ကျန်တဲ့ လူတွေကို သိပ်သိခဲ့တာ မဟုတ်ဘူး။ ကျောင်းရောက်တော့မှ လက်ချာလိုက်ရင်း သိလာခဲ့တာ။

mgyoe.com

mgyoe.com SAMPLE BOOK

"မင်း ပြဇာတ်တွေ ကြိုက်လို့လား" လို့ သူက မေးခဲ့တယ်။

"ကြိုက်လှတယ်လည်း မဟုတ်ပါဘူး" လို့ ကျွန်တော် ဖြေခဲ့တယ်။

ဒီအဖြေက သူ့ကိုစိတ်ရှုပ်ထွေးစေခဲ့တယ်။ သူစိတ်ရှုပ်ထွေးလာတိုင်း စကားပိုထစ်လေ့ရှိတယ်။ ကျွန်တော့်ရဲ့ အဖြေအတွက်တောင် စိတ်မကောင်းဖြစ်မိခဲ့တယ်။

"ငါဘာမေဂျာဖြစ်ဖြစ်ယူနိုင်ခဲ့ပါတယ်။ လူမျိုးစုဗေဒ၊ အာရှသမိုင်းစတဲ့မေဂျာတစ်ခုခုကိုယူနိုင်ခဲ့တယ်။ ဒရမ်မာကို ယူဖြစ်ခဲ့တာပဲရှိတယ်" လို့ ကျွန်တော် ပြောခဲ့တယ်။ ကျွန်တော့်ရဲ့ အဖြေကို သူ သိပ်ကျေနပ်ပုံ မပေါ်ဘူး။

"ငါနားမလည်ဘူး" လို့တကယ်ကိုနားမလည်တဲ့ပုံနဲ့ သူပြောခဲ့တယ်။ "ငါကတော့ မြေ …မြေပုံတွေကိုပဲကြိုက်တယ်။ အဲဒါကြောင့် ငါတိုကျိုကို လာခဲ့ဖို့ ဆုံးဖြတ်ခဲ့တာ။ ငါ့မိဘတွေက ပိုက်ဆံပို့ပေးကြလို့ ငါ့မြေ …မြေပုံတွေကို လေ့လာနိုင်တာပေါ့။ မင်းကတော့ ငါ့လို မဟုတ်ဘူး"

သူ့စကားက ကျွန်တော့်ထက်တော့ ပိုအဓိပ္ပာယ်ရှိတယ်။ ကျွန်တော် သူ့ကို ဆက်ရှင်းပြဖို့ မကြိုးစားတော့ဘူး။ အဲဒီနောက် သူနဲ့ကျွန်တော် မီးခြစ်ဆံတွေနဲ့ အိပ်ရာရွေးခဲ့ကြတယ်။ သူက အပေါ်စင်ကျခဲ့ပြီး ကျွန်တော်ကတော့ အောက်ဘက်ပေါ့။

သူကအရပ်ရှည်တယ်။ ခရုကတ်ဆံပင်ပုံစံ (သင်္ဘောသားများ ညှပ်လေ့ရှိသည့် ဆံပင်တိုတိုပုံစံ)၊ ပါးရိုးငေါငေါနဲ့ဖြစ်ပြီး ဝတ်စုံတစ်မျိုးပဲ ဝတ်လေ့ရှိတယ်။ အင်္ကျီအဖြူ၊ ဘောင်းဘီအနက်၊ ရှူးအနက်၊ ရေတပ်ဆွယ်တာအပြာနဲ့ပေါ့။ အဲဒါတွေအပြင် ယူနီဖောင်းအဖြစ်ဝတ်ရတဲ့ ဂျက်ကတ်ရယ်၊ အနက်ရောင်လက်ဆွဲအိတ်ရယ်ကို ကိုင်ပြီးပြီဆိုရင်တော့ သူကျောင်းကိုသွားပြီ။ သူ့ပုံစံက တကယ့်ကို စံပြကျောင်းသားပုံစံပေါ့။ သူအဲဒီလိုဝတ်တတ်တာကြောင့်လည်း သူ့ကို လူတိုင်းက မုန်တိုင်းတပ်သားလို့ ခေါ်ကြတာဖြစ်တယ်။ ဒါပေမဲ့ သူဟာနိုင်ငံရေးနဲ့ နကန်းတစ်လုံးမှ မပတ်သက်ဘူး။ သူ ကျောင်းယူနီဖောင်းဝတ်တာဟာ အင်္ကျီဝတ်ဆင်ဖို့ ရွေးချယ်ရာမှာ စိတ်မရှုပ်ချင်လို့ပါတဲ့။ သူစိတ်ဝင်စားတာက ပင်လယ်ကမ်းရိုးတန်းမှ အပြောင်းအလဲဖြစ်တာတို့၊ ဥမင်ရထားလမ်း အသစ်တစ်ခုခုဆောက်လုပ်ပြီး စီးသွားတာမျိုးတို့ချည်းပဲ။ အဲဒါတွေအပြင် ဘာကိုမှ စိတ်မဝင်စားဘူး။ အဲဒီလိုအကြောင်းအရာ တစ်ခုခုကို

mgyoe.com

mgyoe.com SAMPLE BOOK

သူလေ့လာနေရင် နာရီတွေ ဘယ်လောက်ကြာလို့ ကြာသွားမှန်းတောင်မသိဘူး။ စောင့်ကြည့်နေရင် စောင့်ကြည့်တဲ့သူသာ အိပ်ပျော်သွားမယ်။ ဒါမှမဟုတ် ထွက်ပြေးသွားမယ်။

"ကျွန်ုပ်တို့ အရှင်မင်းမြတ်အုပ်စိုးပါစေ" ဆိုတဲ့သီချင်းသံ ထွက်ပေါ်တဲ့ မနက်ခြောက်နာရီဆိုတာနဲ့ သူအိပ်ရာက နိုးပြီ။ ဟန်ဓာတ်ခုတ်မှုကြီးလွန်းတဲ့ အလံတင်မှုအစဉ်အလာဟာ အလကားမဟုတ်ဘူးဆိုတဲ့ သဘောပေါ့။ သူနိုးတာနဲ့ တပြိုင်နက် အဝတ်လဲမယ်။ ရေချိုးခန်းသွား၊ မျက်နှာသစ်တာကို အကြာကြီးလုပ်မယ်။ သူသွားတစ်ခါတိုက်ရင် သွားတွေကို တစ်ချောင်းချင်းထုတ်၊ ဆေးကြောနေသလားလို့တောင် တစ်ခါတစ်ခါ ကျွန်တော်တွေးမိတယ်။ ပြန်လာပြီး သူ့ တဘက်တွန့်ကြေနေတာကို ခါဆန့်ပြီး အခြောက်ခံစက်ပေါ်မှာ လှန်းမယ်။ ပြီးတော့ သူ့ရဲ့သွားတိုက်တံကို စင်ပေါ်မှာ နေရာတကျပြန်ထားမယ်။ နောက်ဆုံးတော့ တစ်နိုင်ငံလုံးနဲ့အတူရေဒီယို ကာလစ်စတန်နစ်ကို ဖွင့်နားထောင်တော့တာပဲ။

ကျွန်တော်ကတော့ ညဥ့်နက်အောင် စာဖတ်တတ်လို့ မနက်ရှစ်နာရီမှာမှ အိပ်ရာကထတတ်ပေမယ့် သူအခန်းထဲမှာ လမ်းကို ရုပ်တိုက် လျှောက်ပြီး လေ့ကျင့်ခန်း လုပ်တဲ့အချိန်အထိ ကျွန်တော် အိပ်မောကျနေဆဲပဲ။ သူ ဂျမ်ပင်ခုန်တော့မှ ကျွန်တော်နိုးတယ်။ သူဟာ ဂျမ်ပင်ကို ပြင်းပြင်းထန်ထန်ကို ခုန်တာ။ သူ တစ်ချက်၊ တစ်ချက် ခုန်လိုက်တိုင်း ကျွန်တော့် အိပ်ရာဟာ သိမ့်သိမ့်တုန်သွားတယ်။ ကျွန်တော် စရောက်ခါစသုံးရက်တော့ အများနဲ့ နေရတဲ့ ဘဝမှာ နားလည်ပေးဖို့လိုတယ်ဆိုပြီး သည်းခံခဲ့ပါသေးတယ်။ ဒါပေမဲ့ လေးရက်မြောက်နေ့ မနက်မှာတော့ ကျွန်တော် ဘယ်လိုမှ သည်းမခံနိုင်တော့ဘူး။

"ဟေ့ကောင်… မင်း ခေါင်မိုးပေါ်ဖြစ်ဖြစ် တခြားတစ်နေရာမှာ ဖြစ်ဖြစ် သွားခုန်ပါလား။ ငါ အိပ်လို့ မရဘူး" လို့ ပြောခဲ့တယ်။

"ခြောက်နာရီခွဲပြီလေ" လို့ သူက အသံအကျယ်ကြီးနဲ့ ပြန်ပြောခဲ့တယ်။

"ခြောက်နာရီခွဲတာ ငါ သိတယ်။ ငါ အိပ်ချင်သေးတယ်။ မင်းကို ငါ နားလည်အောင် ဘယ်လိုရှင်းပြရမလဲ။ ဒါ ငါ့ ပုံစံပဲ"

mgyoe.com

mgyoe.com SAMPLE BOOK

"ဘာပဲပြောပြော ငါ ခေါင်မိုးပေါ်မှာ သွားမခုန်နိုင်ဘူး။ သုံးထပ်က ကောင်တွေ ငါ့ကို ပြောလိမ့်မယ်။ ဒီနေရာက စတိုခန်းရဲ့ အပေါ်ထပ်ဆိုတော့ အဆင်ပြေတယ်"

"ဒါဆိုမြက်ခင်းပေါ်မှာ သွားခုန်ပါလား"

"အဲဒါလည်းမဖြစ်ဘူး" ရေဒီယိုဖွင့်ဖို့ ပလက်ပေါက်ထိုးစရာမရှိဘူး။ ရေဒီယိုက ဂီတသံမရှိဘဲ ငါလေ့ကျင့်ခန်း မလုပ်နိုင်ဘူး"

သူ့ရဲ့ရေဒီယိုက ဘက်ထရီထည့်လို့မရတဲ့ ရှေးဟောင်းရေဒီယို အဟောင်း အမြင်းကြီးရယ်။ ကျွန်တော့်မှာရှိတာက အိတ်ဆောင်ရေဒီယို၊ ဒါပေမဲ့ သီချင်းနားထောင်ဖို့ အက်ဖ်အမ်တစ်မျိုးပဲရတယ်။

"အိုကေ ... ငါတို့ညှိကြတာပေါ့။ မင်းရဲ့လေ့ကျင့်ခန်းတွေကို ဆက်လုပ်ပါ။ ဒါပေမဲ့ ခုန်တာတော့ မလုပ်နဲ့။ ခုန်ရင်အသံကျယ်တယ်။ အဲဒါဆို မင်း ဘာပြောချင်လဲ"

"ခုန်တာကို ပြောချင်တာလား"

"ခုန်တာက ခုန်တာပဲ။ အပေါ်ကို မြင့်တက်ပြီးပြန်ဆင်းတာ။ ငါခုန်တာမလုပ်ဘူး"

ကျွန်တော် ခေါင်းကိုက်သွားခဲ့တယ်။ ကျွန်တော် အလျှော့ပေးတော့ မလို့ပါပဲ။ ဒါပေမဲ့ ကျွန်တော့်ဆိုလိုရင်း သူ့ကို သိစေချင်မိတယ်။ ဒါနဲ့ ကျွန်တော် အိပ်ရာထဲကထွက်ပြီး မြင့်တက်၊ ခုန်ဆင်းပြမိခဲ့တယ်။ ပါးစပ်ကလည်း အန်အီချ်ကေရဲ့ ရေဒီယိုကာလစ်စတန်နစ်က ဂီတသံကို လိုက်ရွတ်ပြခဲ့တယ်။ "ငါပြောနေတာ အဲဒါပဲ" လို့ ကျွန်တော်ပြောခဲ့တယ်။

"အိုး ...မင်းပြောတာမှန်တယ်။ ငါတစ်ခါမှ သတိမထားခဲ့ဖူးဘူး"

"ငါပြောတာနားလည်လား" အိပ်ရာထောင့်မှာထိုင်ရင်း ကျွန်တော် ပြောခဲ့တယ်။ "အဲဒါကိုပဲ မလုပ်ပါနဲ့။ ကျန်တာတွေ ငါသည်းခံနိုင်တယ်။ ခုန်တာကိုပဲရပ်ပါ။ ငါအိပ်ပါရစေ"

"ဒါပေမဲ့ မဖြစ်နိုင်ဘူး။ ငါလေ့ကျင့်ခန်းထဲက တစ်ခုကိုမှမလျှော့နိုင်ဘူး။ ဒီလေ့ကျင့်ခန်းတွေကို ငါလုပ်လာတာ ဆယ်နှစ်ရှိပြီ။ ငါစလုပ်ကတည်းက ဒီအလေ့အကျင့်ကို အလိုလိုလုပ်ဖြစ်နေတာ။ ငါတစ်ခုခု ဖြုတ်လိုက်ရင် ဘာမှလုပ်နိုင်တော့မှာမဟုတ်ဘူး"

ကျွန်တော့်ဘက်က ပြောစရာမကျန်တော့ဘူး။ ကျွန်တော်ဘာများ

mgyoe.com

mgyoe.com

ပြောရတော့မှာလဲ။ သူ နောက်နေ့မခုန်အောင်လုပ်ဖို့ အမြန်ဆုံးနည်းလမ်းက သူ့အခန်းထဲက ထွက်တာကိုစောင့်ပြီး သူ့ရဲ့သောက်သုံးမကျတဲ့ ရေဒီယိုကြီးကို ပြတင်းပေါက်ကနေ လွှင့်ပစ်လိုက်ဖို့ပဲရှိတယ်။ ဒါပေမဲ့ ကျွန်တော်လွှင့်ပစ်လိုက်ရင် ပြဿနာတွေအကြီးကြီးဖြစ်မှာ ကျွန်တော်သိတယ်။ မုန့်တိုင်းတပ်သားဟာ သူ့ပိုင်ဆိုင်သမျှကို တယုတယသိပ်ရှိတာ။ ကျွန်တော် ခုတင်ပေါ်မှာထိုင်ပြီး ပြောစရာစကား မရှိတော့တာကိုတွေ့တော့ သူပြုံးတယ်။ ပြီးတော့ ကျွန်တော် စိတ်ပြေအောင် လုပ်သေးတယ်။

"ဝါတာနာဘီရာ ငါနဲ့အတူ စောစောထ၊ လေ့ကျင့်ခန်းလိုက်လုပ်ပါလား" လို့ပြောပြီး မနက်စာစားဖို့ ထွက်သွားတယ်။

♥ ♥ ♥

မုန့်တိုင်းတပ်သားအကြောင်းကို ပြောပြတော့ နာအိုကိုဟာ တခစ်ခစ်ရယ်တော့တာပဲ။ သူ့ကိုရယ်စရာမောစရာအဖြစ် ပြောပြတာ မဟုတ်ပေမယ့် နောက်ဆုံးတော့ ကျွန်တော်ကိုယ်တိုင်လည်း ရယ်ချလိုက်မိတယ်။ နာအိုကိုရဲ့ အပြုံးဟာ ခဏတာလေးအတွင်း ပျောက်ကွယ်သွားပေမယ့် ဒီတစ်ကြိမ်ဟာ သူ့အပြုံးကို အချိန်တော်တော်ကြာ ကျွန်တော်ကြည့်မိတဲ့ ပထမဆုံး အကြိမ်ပါပဲ။

ကျွန်တော်တို့နှစ်ယောက်ဟာ ယိုဆူရာမှာစီးမယ့်ရထားနဲ့ လိုက်မသွားဘဲ ဘူတာနားမှာရှိတဲ့ ရေကာတာဘေးမှာ လမ်းလျှောက်နေဖြစ်တယ်။ အချိန်က မေလလယ်ရဲ့ တနင်္ဂနွေ နေ့လည်ခင်းတစ်ခုပေါ့။ မနက်အစောပိုင်းကရွာခဲ့တဲ့ မိုးပြေးကလေးဟာ နေ့လည်ခင်းမှာမရှိတော့ဘူး။ တောင်လေဟာတွဲလောင်းခိုနေတဲ့ တိမ်တွေကို လှည်းကျင်းပစ်ခဲ့ပြီးပြီ။ ချယ်ရီပင်တွေရဲ့ စိမ်းစိမ်းစိုစိုသစ်ရွက်တွေဟာ လေထဲမှာယိမ်းထိုးနေကြလေရဲ့။ ပြီးတော့ နေရောင်ခြည်ကိုနေရာအစုံပြန့်အောင်ဖြန့်ဖြူးပေး နေကြပြန်တယ်။ ဒီနေ့ဟာ နွေရာသီရဲ့ အစောပိုင်းနေ့တစ်နေ့ပေါ့။ ကျွန်တော်တို့နဘေး ဖြတ်သွားဖြတ်လာတွေဟာ ဆွယ်တာတွေ၊ အပေါ်အင်္ကျီတွေကို ပုခုံးပေါ်မှာ တင်ထားကြတာတွေ့ရတယ်။ တချို့ကလည်း လက်တွေပေါ်မှာတင်လို့ပေါ့။ တနင်္ဂနွေ နေ့လယ်ခင်းရဲ့ နွေးဖျတဲ့နေရောင်အောက်မှာ လူတိုင်းပျော်ရွှင်နေပုံပဲ။ ရေကာတာရဲ့ တစ်ဖက်မှာရှိတဲ့ တင်းနစ်ကွင်းမှာ တင်းနစ်ရိုက်နေကြတဲ့ လူငယ်လေးတွေဟာ ဘောင်းဘီတိုတိုလေး

mgyoe.com

mgyoe.com SAMPLE BOOK

တွေကလွဲလို့ ဘာမှမဝတ်ထားကြဘူး။ ပန်းခြံထဲက ခုံပေါ်မှာ ထိုင်စကားပြောနေကြတဲ့ သီလရှင်နှစ်ပါးကတော့ နွေနေရောင်ခြည်ဟာ သူတို့ဆီ မရောက်သလိုမျိုးပဲ။ သူတို့နှစ်ယောက်ဟာ ပုလောင်ပုံမပေါ်တဲ့အပြင် နေရောင်ခြည်အောက်မှာ စကားစမြည်ပြောရတာကိုပဲ ကျေနပ်နှစ်ခြိုက်နေပုံပေါက်နေတယ်။

ဆယ့်ငါးမိနစ်လောက် လမ်းလျှောက်ပြီးတော့ ကျွန်တော် ချွေးတွေရွှဲလာလို့ အပေါ်ရှပ်အင်္ကျီကိုချွတ်ပြီး တီရှပ်နဲ့ပဲ ဆက်လျှောက်လာမိတယ်။ နာအိုကိုဟာလည်း သူ့ရဲ့ ရှပ်အင်္ကျီကို တံတောင်ဆစ်အထိ ခေါက်တင်လိုက်တယ်။ သူ့ရဲ့အင်္ကျီဟာ အကြိမ်ကြိမ် လျှော်ဖွပ်ခံထားရလို့ အရောင်လွင့်စပြုနေပြီ။ သူဒီအင်္ကျီကို အရင်ကလည်း ဝတ်ခဲ့ဖူးတာ ကျွန်တော် မြင်ဖူးလိမ့်မယ်လို့ ထင်နေမိတယ်။ တိတိကျကျမှတ်မိတာမျိုး မဟုတ်ဘဲ အလိုလိုခံစားသိရှိတဲ့ အကျင့် ကျွန်တော့်မှာရှိတယ်။ နာအိုကို့ကို ဒီလောက်ကြီး မှတ်မိလောက်စရာ အကြောင်း ကျွန်တော့်မှာ မရှိသေးဘူးထင်ပါတယ်။

"အဆောင်နေကျောင်းသားဘဝကို ဘယ်လိုခံစားမိလဲ။ လူတွေအများကြီးနဲ့ နေရတာကိုပျော်လား" လို့သူက မေးတယ်။

"ငါမပြောတတ်ဘူး။ ငါနေတာတော့ တစ်လလောက်ရှိပြီ။ သိပ်မဆိုးဘူးလို့ ငါထင်တယ်။ ငါနေနိုင်ပါတယ်" လို့ ကျွန်တော်ပြန်ဖြေခဲ့တယ်။

သူရေပန်းနားမှာ ခဏရပ်ပြီး ရေတစ်ကျိုက်သောက်လိုက်တယ်။ ပြီးတော့ ဘောင်းဘီအိတ်ထဲက လက်ကိုင်ပုဝါကို ထုတ်ပြီးပါးစပ်ကို သုတ်လိုက်တယ်။ ပြီးတော့ သူကိုယ်ကိုရှေ့ထိုင်လိုက်ပြီး ရှူးဖိနပ်ကြိုးကို သေသေချာချာ ချည်လိုက်တယ်။

"ငါ နင့်လို လုပ်နိုင်ပါ့မလား"

"ဘာပြောတာလဲ။ အဆောင်နေတာကို ပြောတာလား"

"အာ ..."

"ကိုယ့်စိတ်ပေါ်မှာပဲ မူတည်လိမ့်မယ်လို့ ထင်တယ်။ စိတ်ပျက်စရာကိစ္စတွေကိုလည်း လျစ်လျူရှုနိုင်ဖို့လိုတယ်။ စည်းမျဉ်းစည်းကမ်းတွေရယ်၊ ညစ်တီးညစ်ပတ်နေတတ်တဲ့ အခန်းဖော်တွေရယ်၊ မနက်ခြောက်နာရီခွဲမှာ အိပ်ရာကထပြီး ရေဒီယိုကာလစ်စတန်းနစ် ဖွင့်တတ်တဲ့ အခန်းဖော်လို အခန်းဖော်တွေကိုလည်း သည်းခံရမယ်။ အဲဒီလိုစိတ်လေးမွေးနိုင်ရင် အားလုံးအေးဆေးပဲ"

"ဟုတ်ပါတယ်" လို့ပြောပြီး သူခေါင်းငြိမ့်တယ်။ သူ့စိတ်ထဲမှာ

mgyoe.com

mgyoe.com
SAMPLE BOOK

တစ်ခုခုနားလည်သဘောပေါက်သွားပုံပဲ။ ပြီးတော့ အထူးအဆန်းတစ်ခုခုကို ပြုးပြဲကြည့်သလိုမျိုး ကျွန်တော့် မျက်ဝန်းတွေကို စိုက်ကြည့်နေတယ်။ သူ့ မျက်ဝန်းတွေဟာ လေးနက်နေသလိုမျိုးပဲ။ သူ့မျက်ဝန်းတွေကြောင့် ကျွန်တော့် နှလုံးသားဟာ တဒုတ်ဒုတ်ခုန်လာတယ်။ ကျွန်တော်ဟာ သူ့မျက်ဝန်းတွေကိုဒီလိုမျိုး တစ်ခါမှ ကြည့်ခွင့် မကြုံဖူးဘူးဆိုတာကိုလည်း နားလည်နေမိတယ်။ ကျွန်တော် တို့နှစ်ယောက် အချိန်အကြာကြီး လမ်းလျှောက်စကားပြောဖြစ်တာလည်း ဒါ ပထမဆုံးအကြိမ်ပဲ။

"နင်အဆောင်မှာနေဖို့များ စဉ်းစားနေတာလား" လို့ ကျွန်တော်မေး လိုက်တယ်။

"အဆောင်ကနေ ကျောင်းသားဘဝဟာ ဘယ်လိုများလဲဆိုတာကို ငါတွေးကြည့်မိတာပါ။ ပြီးတော့ ..." သူဟာ လိုချင်တဲ့စကားလုံးရှာမတွေ့ သလိုဖြစ်နေတယ်။ နောက်တော့ သက်ပြင်းချပြီး မျက်လွှာကိုအောက်ချလိုက် တယ်။ "ဘာပြောရမလဲ ငါမသိဘူးဟာ။ စိတ်မရှိပါနဲ့"

ဒီစကားက ကျွန်တော်တို့စကားဝိုင်းရဲ့ အဆုံးသတ်စကားပဲ။ သူအရှေ့ ဘက်ကို ဆက်လျှောက်သွားတယ်။ ကျွန်တော်သူ့ နောက်ကနေလိုက်ခဲ့တယ်။

ကျွန်တော်တို့ နှစ်ယောက်မတွေ့ဖြစ်တာ တစ်နှစ်လောက်ရှိပြီ။ ကျွန်တော်နဲ့ မတွေ့ဖြစ်တဲ့အချိန်မှာ သူက တခြားတစ်ယောက်ဖြစ်သွားသလို သိသိ သာသာကြီး ပိန်ကျသွားခဲ့တယ်။ သူ့ရဲ့ ထူးခြားချက်တစ်ခုဖြစ်တဲ့ ပါးပြင်မို့မို့ဟာ ပျောက်ကွယ် သွားခဲ့ပြီဖြစ်သလို သူ့ရဲ့လည်တိုင်ဟာသွယ်လျလွန်းခဲ့ပြီ ဖြစ် တယ်။ သူဟာ အရိုးငေါငေါနဲ့ ရှုနာရှိုက်ကုန်းပုံမျိုးဖြစ်သွားတာလည်းမဟုတ် ဘူး။ သဘာဝကျကျပိန်သွားပြီး တည်ကြည်အေးချမ်းသွားတဲ့ပုံစံမျိုးနဲ့ သူပိန်ကျ သွားတာ။ သူဟာ ကျဉ်းမြောင်းရှည်လျားတဲ့ လမ်းလေးတစ်ခုထဲမှာ အချိန် အကြာကြီး ပုန်းအောင်းနေရင်း အခုလို ပိန်ပိန်ရှည်ရှည်ဖြစ်လာသလိုပါပဲ။ ပြီးတော့ အရင်ကထက် ပိုလှလာသလိုပဲ။ အဲဒါကို သူသိအောင် ကျွန်တော်ပြောချင်ပေ မယ့် မပြောသင့်ဘူးဆိုတာ ကျွန်တော်သိနေတယ်။

ကျွန်တော်တို့ နှစ်ယောက်တွေ့ဖို့ ချိန်းဆိုခဲ့ခြင်းမရှိပေမယ့် မြေအောက် ရထားဘူတာရုံတစ်ခုမှာ ပြန်တွေ့ဖြစ်ခဲ့ကြတာပါ။ သူက ရုပ်ရှင်တစ်ယောက် တည်းသွားကြည့်ဖို့ စီစဉ်ထားသလို ကျွန်တော်ကလည်း ကန်ဒါက စာအုပ်ဆိုင် တွေကိုသွားဖို့ စီစဉ်ထားတဲ့အချိန်။ ဘယ်သူမှ အဆောတလျင် မလိုကြဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

သူက ရထားနဲ့မလိုက်ဘဲ ကျန်ရစ်ခဲ့ဖို့ အကြံပေးလို့ ကျွန်တော်တို့ နှစ်ယောက် ယိုဆူရာမှလမ်းလျှောက်ဖြစ်ခဲ့တာ။ ရေကာတာနံဘေးမှာ လမ်းလျှောက်လို့ ကောင်းတယ်ဆိုတာကိုလည်း သူပဲ စပြောခဲ့တာ။ ကျွန်တော်တို့နှစ်ယောက်မှာ ပြောစရာစကား အထွေအထူးလည်း မရှိခဲ့ပါဘူး။ ရထားနဲ့ မလိုက်ဖို့ နာအိုကို ဘာကြောင့် အကြံပြုခဲ့သလဲဆိုတာ ကျွန်တော်မသိပါဘူး။ အရင်ကလည်း ကျွန်တော်တို့နှစ်ယောက် စကားဟက်ဟက်ပက်ပက် ပြောဖူးကြတာ မဟုတ်ဘူး။

ကျွန်တော်တို့နှစ်ယောက် လမ်းလျှောက်ချိန်မှာ နာအိုကိုရဲ့ခြေလှမ်းတွေဟာ သွက်နေတော့ ကျွန်တော်နောက်ကနေ မနည်းလိုက်ခဲ့ရတယ်။ ကျွန်တော်တို့နှစ်ယောက်ကြားက အကွာအဝေးကို ကျဉ်းမြောင်းအောင် ကျွန်တော်လျှောက်နိုင်ပေမယ့် တစ်စုံတစ်ခုက ကျွန်တော့်ခြေလှမ်းတွေကို လေးလံနေစေသလိုပဲ။ ကျွန်တော်ဟာ လမ်းလျှောက်ရင်း သူ့ပုခုံးသားတွေနဲ့ နက်မှောင်ဖြောင့်စင်းတဲ့ သူ့ဆံနွယ်တွေကိုပဲ ကြည့်နေမိတယ်။ သူဟာ အညိုရောင်ဆံညှပ်ကြီးကြီးကို တပ်ထားပြီး ကျွန်တော့်ဘက် ကိုစကားလှည့်ပြောတိုင်း အဖြူရောင်နားကပ်လေးကို တွေ့ရတတ်တယ်။ မကြာခဏဆိုသလို သူနောက်ကိုလှည့်ပြီး ကျွန်တော့်ကို တစ်ခုခုပြောတတ်တယ်။ တစ်ခါတစ်ခါ ကျွန်တော်သူ့စကားကို မှတ်ချက်တစ်ခုခု ချသင့်သလို တစ်ခါခါကျတော့လည်း ပြန်ပြောစရာမလိုတဲ့စကားတွေ ဖြစ်နေတတ်တယ်။ တစ်ခါတစ်ခါကျပြန်တော့လည်း သူပြောတာကို ကျွန်တော် မကြားဘူး။ သူကလည်း သူဘာတွေပြောနေသလဲဆိုတာကို ဂရုစိုက်ပုံ မရဘူး။ သူပြောချင်တာ တစ်ခုခုကို ပြောပြီးတိုင်းလည်း သူဟာ ရှေ့ကို မျက်နှာမူပြီး လမ်းဆက်လျှောက်တယ်။ ကျွန်တော်ကတော့ ကိုယ့်ကိုကိုယ် ပြောမိတယ်။ လမ်းလျှောက်လို့ကောင်းလိုက်တဲ့ နေ့လို့။

နာအိုကိုအတွက်တော့ ဟိုနားသည်နား လမ်းလျှောက်တာမျိုးမဟုတ်ဘဲ ခပ်ဝေးဝေးကို လျှောက်နေသလိုပါပဲ။ ရေကာတာဘေးလမ်းကနေထွက်ပြီး လီဒါဘာ့ရှိဘက်လှည့်လိုက်တယ်။ ပြီးတော့ ဂျင်ဘိုချိုလမ်းဆုံကို ဖြတ်တယ်။ နောက် အိုခါနိုမိကုမှာ တောင်ကုန်းပေါ်တက်တယ်။ ပြီးတော့ ဟွန်ဂိုဘက်ကို ထွက်လိုက်တယ်။ ခုချိန်မှာတော့ ကျွန်တော်တို့ ကိုနာဂိုမီကို ရောက်နေပြီ။ နေလုံးကြီးက နစ်မြုပ်စဖြစ်လာပြီ။ နေ့ဟာ နူးညံ့တဲ့ နွေဦးညနေခင်းလေးဖြစ်လို့လာခဲ့ပြီ။

"ငါတို့ ဘယ်ရောက်လာပြီလဲ" ပထမဆုံးအကြိမ် ဘေးပတ်ဝန်း

mgyoe.com

mgyoe.com
SAMPLE BOOK

ကျင်ကို သတိထားမိပြီးတဲ့နောက် နာအိုကိုက ကျွန်တော့်ကိုမေးတယ်။

''ကိုနာဂိုမီ။ မသိဘူးလား။ ငါတို့ အဝေးကြီးလျှောက်လာမိခဲ့ပြီ'' လို့ ကျွန်တော်ပြောလိုက်တယ်။

''ငါတို့ ဘာဖြစ်လို့ ဒီကိုရောက်လာတာလဲ''

''နင်ပဲ ခေါ်လာပြီးတော့။ ငါက နင့်နောက်က လိုက်လာတာ''

ကျွန်တော်တို့နှစ်ယောက် ခေါက်ဆွဲပြုတ်သောက်ဖို့ ဘူတာနားက ဆိုင်ကို ရောက်လာခဲ့တယ်။ ရေသိပ်ဆာတာပဲ။ ကျွန်တော်ဘီယာတစ်ဗူး မှာသောက်လိုက်တယ်။ အစားအသောက် စမှာချိန်ကစပြီး စားသောက်ပြီးသွားတဲ့ အချိန်အထိ ကျွန်တော်တို့နှစ်ယောက် စကားတစ်လုံးမှ မပြောဖြစ်ဘူး။ လမ်းတွေလျှောက်ထားရလို့ ကျွန်တော် ခြေကုန်လက်ပန်းကျနေတယ်။ သူက တော့ စားပွဲပေါ်တင်ထားပြီး တစ်ခုခုကို စဉ်းစားနေတယ်။ နွေးဖျတဲ့ တနင်္ဂနွေ နေ့လယ်ခင်း အားလပ်ရက်ပေါ့ ပေါ့ပါးပါးဖြစ်နေတဲ့ လူတွေအစုလိုက် အပုံလိုက်ပဲ။ သူတို့တွေဟာ တီဗီမှာလာတဲ့ သတင်းတွေအကြောင်း ပြောနေကြတယ်။ ကျွန်တော်တို့နှစ်ယောက် ယိုဆူရာကနေ ကိုနာဂိုမီကို လမ်းလျှောက်လာတာပဲ လို့ ကျွန်တော့်ကိုယ် ကျွန်တော်ပြောနေမိတယ်။

''နင်ကျန်းမာရေး တော်တော်ကောင်းတာပဲ'' လို့ခေါက်ဆွဲစားပြီးတော့ ကျွန်တော် ပြောလိုက်တယ်။

''အံ့သြနေလား''

''ဟုတ်တယ်''

''ငါအလယ်တန်းတုန်းက တာဝေးပြေးဖူးတယ်။ ခုမှပြောဖြစ်တာ။ ဆယ်ကီလိုမီတာ ဒါမှမဟုတ် ဆယ့်ငါးကီလိုမီတာလောက်ကို ပုံမှန်ပြေးလေ့ ရှိတယ်။ ငါသိတတ်စအရွယ်ကစလို့ ငါ့အဖေကငါ့ကို တနင်္ဂနွေနေ့တိုင်း တောင်တက်ခေါ်သွားလေ့ရှိတယ်။ ဟိုးဝေးဝေး တောင်တွေဘေးနားမှာ ငါ့ဘဝ အိမ်လေ။ ငါ့ခြေထောက်တွေက သန်မာပါတယ်''

''နင်တစ်ခါမှ မပြောဖူးဘူးနော်'' လို့ကျွန်တော်ပြောမိတယ်။

''လူတိုင်းက ငါ့ကိုခပ်ပျော့ပျော့ကောင်မလေးလို့ ထင်ကြတာငါ သိပါတယ်။ စာအုပ်တစ်အုပ်ရဲ့ အဖုံးကိုကြည့်ပြီး အဲဒီစာအုပ်ကို ဆုံးဖြတ်လို့ မရဘူးဆိုတဲ့ စကားပုံအတိုင်းပေါ့ဟာ'' လို့ သူက ဆိုတယ်။ ပြီးတော့ ခဏလောက် ပြုံးလိုက်သေးတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ငါလည်း နင့်ကို လျှော့တွက်မိခဲ့ပါတယ်။ အခုတော့ ငါ အတော်ကြီး ညောင်းနေပြီ"

"ဟုတ်လား… ဆောရီးဟာ။ ငါ နင့်ကို တစ်နေကုန် ခေါ်လာ မိတယ်"

"ဘာပဲဖြစ်ဖြစ် ငါကတော့ နင်နဲ့စကားပြောဖြစ်တဲ့အတွက် ဝမ်းသာ မိတယ်။ ငါတို့နှစ်ယောက်တည်း တစ်ခါမှ စကားမပြောဖူးဘူးနော်" ကျွန်တော် တို့နှစ်ယောက် ဘာတွေပြောဖြစ်လဲဆိုတာကို ပြန်မစဉ်းစားနိုင်ဘဲနဲ့ သူ့ကို ကျွန်တော် ပြောလိုက်တယ်။

သူက စားပွဲပေါ်က ပြာခွက်ကို ဆော့နေတယ်။

"ငါစဉ်းစားမိတယ်။ ငါတို့နှစ်ယောက် ထပ်တွေ့နိုင်မလားလို့။ တကယ်လို့ နင့်အတွက် အနှောင့်အယှက်မဖြစ်ဘူးဆိုရင်ပေါ့။ ငါ့မှာ နင့်ကို တောင်းဆိုခွင့် မရှိဘူးဆိုတာကို ငါသိပါတယ်"

"နင် ဘာကိုဆိုလိုတာလဲ "

သူရှက်သွားတယ်။ သူ့ရဲ့ တောင်းဆိုမှုအပေါ် ကျွန်တော့်ရဲ့တုန့်ပြန်မှုက နည်းနည်းမာသွားပုံရတယ်။

"ငါမသိဘူး … ရှင်းလည်းရှင်းမပြတတ်ဘူး" ဆွယ်တာအင်္ကျီ လက်ကို တံတောင်ဆစ်အပေါ်ရောက်အောင်ဆွဲတင်လိုက်၊ ဆွဲချလိုက်လုပ်ပြီး သူ ကျွန်တော့်ကိုပြန်ပြောတယ်။ ခေါက်ဆွဲဆိုင်ရဲ့ မီးရောင်တွေအောက်မှာ သူ့ရဲ့ လက်မောင်းသားတွေဟာ ချစ်စဖွယ်ရွှေရောင်တောက်ပနေတယ်။ "ငါ အတိအကျတော့ မပြောနိုင်ဘူး။ နောက်တစ်ကြိမ်ထပ်တွေ့ဖို့ နည်းလမ်းကို ရှာနေတာ"

တံတောင်ကို စားပွဲပေါ်တင်ပြီး နံရံမှာချိတ်ထားတဲ့ ပြက္ခဒိန်ကို သူကြည့် နေတယ်။ သူရှာတွေ့ပုံမရဘူး။ သူ သက်ပြင်းချလိုက်ပြီး မျက်လုံးပိတ်လိုက် တယ်။

"ဘယ်လိုမှ သဘောမထားပါနဲ့ဟာ။ နင်ဘာပြောချင်တယ်ဆိုတာကို ငါသိပါတယ်။ ငါလည်းဘယ်လိုပြောရမလဲဆိုတာကိုမသိတာ" လို့ ကျွန်တော် ပြောလိုက်တယ်။

"ငါပြောချင်တာကို ငါဘယ်တုန်းကမှ မပြောတတ်ခဲ့ဖူးဘူး။ အခု တောင် အချိန်တော်တော်ကြာနေပြီ။ ငါတစ်ခုခုပြောဖို့ ကြိုးစားလိုက်တိုင်း ငါပြောလိုက်တာက တလွဲစကားလုံးတွေချည်းပဲ။ အဲဒီတော့ ငါဆိုလိုချင်တာတွေနဲ့

mgyoe.com

mgyoe.com
SAMPLE BOOK

ဆန့်ကျင်ဘက်ဖြစ်ရော။ အဲဒါကိုပြင်ဖို့ ကြိုးစားရင်းနဲ့ပဲ ပိုဆိုးသွားတတ်တယ်။ ငါစပြောခဲ့တဲ့ စကားလမ်းကြောင်းကို ပြန်မရောက်တော့ဘူး။ ငါဟာ စကားတွေပြောနေရင်းနဲ့ နှစ်ကိုယ်ခွဲသွားသလိုပဲ။ တစ်ကိုယ်ကပြောသင့်တဲ့ စကားလုံးတွေကိုသိတဲ့ ကျန်တဲ့တစ်ကိုယ်ကို လိုက်ဖမ်းရင်း အချိန်ကုန်နေတတ်တာမျိုးပေါ့ဟာ'' လို့ နာအိုကိုက ဆက်ပြောတယ်။

နာအိုကိုဟာ သူ့မျက်နှာကို မော့လိုက်ပြီး ကျွန်တော့်မျက်ဝန်းတွေကို လှမ်းကြည့်လိုက်တယ်။ ''နင်ရော ဒီလိုခံစားမှုမျိုးဖြစ်ဖူးလား''

''လူတိုင်း ဒီလိုခံစားမှုမျိုး ကြုံဖူးကြပါတယ်။ လိုချင်တဲ့ စကားလုံးမရတော့ စိတ်အနှောင့်အယှက်ဖြစ်တာပေါ့'' လို့ ကျွန်တော်ပြောလိုက်တယ်။

နာအိုကိုဟာ ကျွန်တော့်အဖြေကိုလည်း သဘောမကျသလိုပဲ။ ''မဟုတ်ဘူး။ နင်ပြောသလိုလည်းမဟုတ်ဘူး'' သူ့ရှေ့ ဆက်ပြီးတော့လည်း ဘာမှမရှင်းပြဘူး။

''ဘာပဲပြောပြော ငါနင်နဲ့ ထပ်တွေ့ချင်သေးတယ်။ ငါတနင်္ဂနွေနေ့တိုင်းအားတယ်။ လမ်းလျှောက်တာလည်း ငါ့အတွက် ကောင်းပါတယ်'' လို့ ကျွန်တော်ပြောလိုက်တယ်။

ကျွန်တော်တို့နှစ်ယောက် ယာမာနိုတီရထားလိုင်းပေါ် တက်လိုက်ကြတယ်။ နာအိုကိုဟာ ရှင်ဂျူကူရောက်တော့ ချူအို ရထားလိုင်းကို ပြောင်းစီးသွားတယ်။ သူဟာ ကိုကူဘန်ဂျီ ဆင်ခြေဖုံးအနောက်ဘက်မှာ တိုက်ခန်းကျဉ်းကျဉ်းလေးမှာ နေပါတယ်။

''ငါ့စကားပြောပုံပုံစံ ပြောင်းလဲသွားသေးလား'' လို့ လမ်းခွဲခါနီးမှာ သူကမေးခဲ့တယ်။

''ပြောင်းသွားတယ်လို့တော့ ထင်တာပဲ။ ဒါပေမဲ့ ဟိုအရင်တုန်းက နင်နဲ့ငါ ဘာတွေပြောခဲ့ဖူးလဲဆိုတာကိုတော့ ငါမမှတ်မိဘူး'' လို့ ကျွန်တော် ဖြေလိုက်တယ်။

''နင်ပြောတာ မှန်ပါတယ်။ ဘာပဲဖြစ်ဖြစ်လေ စနေနေ့ကျရင် နင့်ကိုငါဖုန်းဆက်လိုက်မယ်'' လို့နာအိုကိုကပြောတယ်။

''အင်း ... ငါလည်း နင့်ဖုန်းကိုစောင့်နေပါ့မယ်''

♥ ♥ ♥

mgyoe.com

mgyoe.com SAMPLE BOOK

နာအိုကို ကို ကျွန်တော် ပထမဆုံးစသိတာက အထက်တန်း ဒုတိယနှစ် ကျောင်းဘဝရဲ့ နွေဦးကာလမှာပါ။ သူကလည်း ခရစ်ယာန်သာသနာပြု အဖွဲ့ တစ်ဖွဲ့က ဖွင့်ထားတဲ့ မိန်းကလေးကျောင်းတစ်ကျောင်းမှာ ဒုတိယနှစ်ကျောင်း သူပဲ။ နာအိုကိုဟာ ကျွန်တော့်ရဲ့ တစ်ဦးတည်းသော အကောင်းဆုံး သူငယ်ချင်း ဖြစ်တဲ့ ကီဇူကီရဲ့ ချစ်သူပေါ့။ သူတို့နှစ်ယောက်ဟာ မွေးစကတည်းက ရင်းနှီး လာခဲ့ကြတာ။ သူတို့နှစ်ယောက်ရဲ့ အိမ်တွေဟာ ကိုက်နှစ်ရာလောက်တောင် မဝေးဘူး။

ငယ်ပေါင်းရည်းစားတွေရဲ့ ထုံးစံအတိုင်း ကီဇူကီနဲ့ နာအိုကိုတို့ဟာ တစ်ယောက်ကိုတစ်ယောက် အပွင့်လင်းဆုံးဖြစ်ကြသလို နှစ်ယောက်တည်း နေချင်ကြတဲ့စိတ်လည်း ရှိတတ်ကြတယ်။ သူတို့နှစ်ယောက်ဟာ တစ်ယောက် အိမ်ကိုတစ်ယောက် အမြဲတမ်း ဝင်ထွက်စားသောက်ကြသလို ''မာဂျွန်ကို'' လည်း မိသားစုတွေရှေ့မှာ တီးပြလေ့ရှိတတ်ကြတယ်။ ကျွန်တော်ဟာ ကီဇူကီရဲ့ အဖော်အဖြစ် အကြိမ်ကြိမ်လိုက်ဖူးတယ်။ နာအိုကိုဟာ ကျွန်တော့်အတွက် သူ့ အတန်းဖော်ချောချောလှလှ တစ်ယောက်ကို အမြဲတမ်းခေါ်လာတတ်တယ်။ တိရစ္ဆာန်ရုံ ဒါမှမဟုတ် ရေကူးကန် ဒါမှမဟုတ် ရုပ်ရှင်ရုံကို ကျွန်တော်တို့ လေးယောက် အမြဲသွားလေ့ရှိတယ်။ နာအိုကိုခေါ်လာတဲ့ ကောင်မလေးတွေက အမြဲတမ်း အချောအလှလေးတွေပဲဖြစ်ပေမယ့် သူတို့ဟာ ကျွန်တော့်အတွက် အရမ်း ယဉ်ကျေးသိမ်မွေ့နေသလိုပဲ။ ကျွန်တော်တက်နေတဲ့ ပုဂ္ဂလိကကျောင်းက ကောင်မလေးတွေဟာ အနည်းငယ်ရိုင်းသလိုထင်ရပေမယ့် ကျွန်တော်အတွက် တော့ စကားပြောရတာ ပိုအဆင်ပြေတယ်။ နာအိုကို ခေါ်လာတတ်တဲ့ ကောင်မလေးတွေရဲ့ ခေါင်းလှလှလေးတွေထဲမှာ ဘာတွေဖြစ်ပျက်နေသလဲဆို တာကို ကျွန်တော် ဘယ်တော့မှမပြောပြဘူး။ သူတို့တွေလည်း ကျွန်တော့်ကို ဘယ်တော့မှ နားလည်မှာမဟုတ်ဘူး။

အချိန်ကာလတစ်ခုကြာလာတော့ ကီဇူကီဟာ ကျွန်တော့်အတွက် ကောင်မလေးတွေ ချိန်းပေးတာကို ရပ်လိုက်တယ်။ အဲဒီနောက် ကျွန်တော်တို့ သုံးယောက် အတူသွား၊ အတူလာလုပ်ကြတယ်။ ကီဇူကီရယ် နာအိုကိုရယ် ကျွန်တော်ရယ်။ ကြောင်တောင်တောင်တော့နိုင်တယ်။ ဒါပေမဲ့ ဒီသုံးယောက်ပဲ တွေ့တာက ပိုပြီးအဆင်ပြေတယ်။ ဒီသုံးယောက်တွဲထဲကို လူသစ်ထပ် ခေါ်လာတိုင်း ကသောင်းကနင်း ဖြစ်တတ်တယ်။ ကျွန်တော်တို့ဟာ ရုပ်သံစကား

mgyoe.com

mgyoe.com
SAMPLE BOOK

ပြော အစီအစဉ်တစ်ခုလိုပဲ။ ကီဇူကီက ခေါင်းဆောင်အစီအစဉ်တင်ဆက်သူ၊ နာအိုကိုက သူ့လက်ထောက်။ ကျွန်တော်ကတော့ သူတို့ရဲ့ဧည့်သည်ပေါ့။ ကီဇူကီဟာ စကားဝိုင်းကို ဦးဆောင်နိုင်တဲ့ ပါရမီရှိတယ်။ သူ့ရဲ့ထေ့လုံး၊ ရိလုံးတွေဟာ တစ်ဖက်လူကို အထင်ကြီးစေတတ်တယ်။ ဒါပေမဲ့လည်း သူဟာ ချင့်ချင့်ချိန်ချိန်ရှိပြီး စိတ်သဘောကောင်းတဲ့လူဖြစ်တယ်။ နာအိုကိုရယ် ကျွန်တော်ရယ်အတွက် သူ့ရဲ့မှတ်ချက်တွေ၊ ဟာသတွေက နှစ်လိုဖွယ်ရာ ချည်းပါပဲ။ ကျွန်တော်တို့ကို မထိခိုက်အောင် သူက စကားလုံးရွေးချယ်တတ်တယ်။ ဘယ်သူပဲဖြစ်ဖြစ် စကားဝိုင်းထဲမှာ အချိန်တော်တော်ကြာတိတ်ဆိတ်နေရင် အဲဒီတစ်ယောက် စကားပြောလာအောင် ကီဇူကီ စကားလမ်းကြောင်း ပြောင်းလိုက်တာချည်းပါပဲ။ အကြောင်းတစ်ခုခုကြောင့် အခြေအနေတင်းမာနေရင်လည်း ပြဿနာဇစ်မြစ်ကို သူအသေအချာစေ့ငုပြီး ပြေလည်အောင် ဖြေရှင်းပေးတတ်တယ်။ အဲဒါတွေအပြင် တစ်စုံတစ်ယောက်ယောက်ရဲ့ စိတ်ဝင်စားစရာ မကောင်းတဲ့ မှတ်ချက်တွေကို စိတ်ဝင်စားဖွယ် မှတ်ချက်တစ်ခုဖြစ်အောင် ထုတ်နုတ်နိုင်တဲ့ ရှားရှားပါးပါး အရည်အချင်းမျိုးလည်း သူ့မှာရှိတယ်။ သူနဲ့ စကားပြောနေတဲ့ လူတစ်ယောက်ဟာ သူ့ကိုယ်သူ စိတ်ဝင်စားဖို့ကောင်းတဲ့ ဘဝတစ်ခုနဲ့ စိတ်ဝင်စားဖွယ်လူတစ်ယောက်အဖြစ် အထင်ရောက်လာစေရမယ်။

ဒါပေမဲ့လည်း သူဟာ အပေါင်းအသင်းများတဲ့သူမဟုတ်ဘူး။ ကျောင်းမှာ ကျွန်တော်ဟာ သူ့ရဲ့ တစ်ဦးတည်းသော သူငယ်ချင်းအစစ်။ စကားပြောကောင်းတဲ့သူဟာ သူ့ရဲ့ အရည်အချင်းတွေကို ကျယ်ပြောလှတဲ့ကမ္ဘာကြီးမှာ အသုံးချဖို့ မကြိုးစားဘဲ ကျွန်တော်တို့သုံးယောက်ထဲအပေါ်မှာ အာရုံစိုက်နေသလဲဆိုတာကို ကျွန်တော်တော့ မစဉ်းစားနိုင်အောင်ပဲ။ ဒါ့အပြင် ကျွန်တော့်ကိုမှ သူ့ရဲ့ သူငယ်ချင်းအဖြစ် ဘာကြောင့်ရွေးချယ်ခဲ့သလဲဆိုတာကို ကျွန်တော်မသိဘူး။ ကျွန်တော်ဟာ စာအုပ်တွေဖတ်ဖို့ရယ်၊ သီချင်းတွေနားထောင်ဖို့ရယ်ကလွဲလို့ ဘာမှမသိတတ်တဲ့ သာမန်ကောင်လေးတစ်ယောက်ပါ။ ကီဇူကီ အာရုံစိုက်ရလောက်တဲ့ အနေအထားမျိုးမရှိပါဘူး။ ဒါပေမဲ့ကျွန်တော်တို့နှစ်ယောက် သူငယ်ချင်းဖြစ်လာကြတယ်။ ကီဇူကီရဲ့ အဖေဟာ သွားဆရာဝန် တစ်ယောက် ဖြစ်ပြီး အရည်အချင်းပြည့်ဝတာရယ် ကုသစရိတ် ခပ်မြင့်မြင့်ယူတာတွေ ရယ်ကြောင့် နာမည်ကြီးသူဖြစ်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"တနင်္ဂနွေနေ့မှာ နှစ်စုံတွဲ လည်ချင်လား။ ငါ့ ကောင်မလေးက မိန်းကလေးကျောင်းမှာတက်နေတာ။ မင်းအတွက် ကောင်မလေးချောချော တစ်ယောက်ခေါ်လာပေးနိုင်တယ်" လို့ ကျွန်တော်တို့တွေ့ပြီး မကြာခင်မှာတင် သူက ကျွန်တော့်ကို မေးခဲ့တယ်။

"သိပ်သွားချင်တာပေါ့" ကျွန်တော် ဖြေခဲ့တယ်။ အဲဒီလိုနဲ့ပဲ ကျွန်တော် နာအိုကိုနဲ့ စတွေ့ဖြစ်ခဲ့တာ။

ကျွန်တော်တို့သုံးယောက် အချိန်တော်တော်ကြာနေဖူးတယ်။ ဒါပေမဲ့ ကီဇူကီအခန်းထဲကထွက်သွားတိုင်း နာအိုကိုနဲ့ ကျွန်တော် အခက်တွေ့ရလေ့ရှိတယ်။ ကျွန်တော်တို့ ဘာပြောရမလဲမသိဘူး။ တကယ်လည်း သူနဲ့ကျွန်တော်မှာ ပြောစရာစကားမရှိခဲ့ဘူး။ စကားမပြောတော့ ရေသောက်ရင်သောက် ဒါမှမဟုတ် ခုံပေါ်ကတစ်ခုခုကို ဆော့နေရင်ဆော့ပြီး ကီဇူကီပြန်လာတာ ကိုစောင့်ရတယ်။ သူပြန်လာမှ စကားဝိုင်းဟာ ပြန်အသက်ဝင်လာတယ်။ နာအိုကိုကလည်း စကားများများ ပြောတတ်တဲ့သူမဟုတ်သလို ကျွန်တော်ကလည်း ပြောဆိုသူနေရာမှာထက် နားထောင်သူနေရာမှာပဲ အမြဲရှိတတ်တော့ ကီဇူကီ မရှိတဲ့အချိန် နာအိုကိုနဲ့ နှစ်ယောက်တည်းကျန်ခဲ့တိုင်း ကျွန်တော် အခက်တွေ့ရလေ့ရှိပါတယ်။ ကျွန်တော်တို့နှစ်ယောက်ဟာ မတည့်တာလည်း မဟုတ်ဘူး။ ပြောစရာစကားကို မရှိခဲ့တာ။

ကီဇူကီရဲ့ အသုဘပြီးသွားတဲ့နောက် ကျွန်တော်နဲ့နာအိုကို တစ်ကြိမ်ပဲ တွေ့ဖြစ်ခဲ့တယ်။ အသုဘအခမ်းအနားအပြီး နှစ်ပတ်အကြာမှာ ကော်ဖီဆိုင်တစ်ဆိုင်မှာ ကျွန်တော်တို့တွေ့ခဲ့တော့ သေးသေးမွှားမွှား အကြောင်းအရာလေးတွေပဲ ပြောဖြစ်ခဲ့ကြပါတယ်။ ခဏကြာတော့ ကျွန်တော်တို့မှာ ပြောစရာစကားမရှိတော့ဘူး။ ကျွန်တော့် အကြောင်းအရာအမျိုးမျိုးပြောဖို့ ကြိုးစားခဲ့ပေမယ့်လည်း အရာမထင်ခဲ့ပါဘူး။ နာအိုကို စကားပြောတဲ့အခါမှာလည်း သူ့အသံထဲမှာ ဒေါသသံစွက်နေသလိုပဲ။ သူ ကျွန်တော့်ကို စိတ်ဆိုးနေပုံရတယ်။ ဘာကြောင့်လဲတော့ ကျွန်တော်မသိဘူး။ အဲဒီအကြိမ်တွေ့ပြီး နောက်တစ်နှစ်အကြာမှာမှ ကျွန်တော်တို့နှစ်ယောက် တိုကျိုမှာ ချူအိုရထားလိုင်းထက်ပြန်တွေ့ဖြစ်ခဲ့တယ်။

♥ ♥ ♥

mgyoe.com

mgyoe.com SAMPLE BOOK

နာအိုကိုဟာ ကျွန်တော့်ကို ဒေါသထွက်ကောင်း ထွက်နေခဲ့လိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ကီဇူကီကို နောက်ဆုံး အသက်ရှင်လျက်မြင်တွေ့ခဲ့ရတာ သူမဖြစ်ခဲ့ဘဲ ကျွန်တော် ဖြစ်ခဲ့လို့နေမှာပေါ့။ အဲဒီလို ဒေါသထွက်တာဟာ အကောင်းဆုံးနည်းလမ်းမဟုတ်သလို ကျွန်တော်ကလည်း နာအိုကိုခံစားရတာကို နားလည်သလိုလို နားမလည်သလိုလိုပဲ။ တကယ်လို့ဖြစ်နိုင်ခဲ့ရင် ကျွန်တော် သူနဲ့ နေရာတော်တော်များများ သွားခဲ့ကောင်းသွားနိုင်ခဲ့ပေမယ့် နောက်ဆုံးတော့ ဖြစ်ပျက်ခဲ့တာတွေဟာ တကယ်ဖြစ်ပျက်ခဲ့တယ်။ ကျွန်တော်လည်း ဘာမှ မတတ်နိုင်ဘူး။

မေလရဲ့ သာယာတဲ့ နေ့လယ်ခင်းလေး တစ်ခုမှာပေါ့။ နေ့လည်စာစားပြီးတဲ့နောက် ကီဇူကီက ကျွန်တော့်ကို ကျောင်းပြေးပြီး ဘိလိယက်ရုံဖြစ်ဖြစ် တစ်ခြားတစ်နေရာရာဖြစ်သွားဖို့ အကြံပြုခဲ့ပါတယ်။ ကျွန်တော်ကလည်း နေ့လည်ခင်းအချိန်တွေကို စိတ်မပါတော့ ကျောင်းကနေထွက်လာပြီး တောင်ကုန်းအောက်ခြေဆိပ်ကမ်းမှာရှိတဲ့ ဘိလိယက်ရုံကို အတူသွားဖြစ်ခဲ့တယ်။ အဲဒီမှာ ကျွန်တော်တို့ပူးလ်လေးပွဲကစားခဲ့တယ်။ ပထမဆုံးပွဲမှာ ကျွန်တော် ပေါ့ပေါ့ပါးပါးနဲ့ အနိုင်ရခဲ့ပေမယ့် ကျန်တဲ့သုံးပွဲစလုံး သူစိတ်ရောကိုယ်ပါ နှစ်မြှုပ်လို့ အပြင်းအထန်ကစားပြီး အနိုင်ယူခဲ့တယ်။ သူနိုင်တော့ ကျွန်တော်တို့နှစ်ယောက်ရဲ့ ထုံးစံအတိုင်း ဘိလိယက်ခုံကြေးကို ကျွန်တော်ပေးခဲ့ရတယ်။ ကီဇူကီဟာ ကျွန်တော်တို့ကစားနေတုန်း ဘာစကားတစ်ခွန်းမှမပြောခဲ့ဘူး။ အဲဒါဟာ ပုံမှန်မဆန်တဲ့ဖြစ်ရပ်ပဲ။ ကစားပြီးတော့ ကျွန်တော်တို့ ဆေးလိပ်သောက်ကြတယ်။

''ဘာဖြစ်လို့ အပြင်းအထန်ကြိုးထိုးခဲ့တာလဲ'' ကျွန်တော်မေးခဲ့တယ်။

''ငါ ဒီနေ့မရှုံးချင်ဘူး'' လို့ ကီဇူကီက ကျေနပ်အားရတဲ့အပြုံးနဲ့ ပြန်ဖြေခဲ့တယ်။

အဲဒီညမှာပဲ ကားဂိုဒေါင်ထဲမှာ သူသေခဲ့တယ်။ သူ့ N-360 ကားရဲ့ အိတ်ဇောပိုက်ကို ရော်ဘာပိုက်နဲ့ဆက်ပြီး ပြတင်းပေါက်အထိ ဆွဲထုတ်လိုက်တယ်။ အဲဒီပိုက်ကို ပြတင်းပေါက်မှာ တိတ်နဲ့ကပ်ပြီး အင်ဂျင်ကိုစက်နှိုးထားခဲ့တယ်။ အချိန်ဘယ်လောက်ကြာကြာမှာ သူသေလဲဆိုတာ ကျွန်တော်မသိပါဘူး။ အဲဒီအချိန်မှာ သူ့ မိဘတွေဟာ နေမကောင်းဖြစ်နေတဲ့ ဆွေမျိုးတစ်ယောက်ဆီ သတင်းသွားမေးနေခဲ့တယ်။ သူတို့ ပြန်ရောက်ပြီး ကားကို နေရာ

mgyoe.com

ရွှေ့မလှိုကြည့်တော့ ကီဇူကီဟာ သေနေခဲ့ပြီး ရေဒီယိုဟာဖွင့်လက်စပဲ။ ဓာတ်ဆီဆိုင်က ဖြတ်ပိုင်းစဟာ ဝိုက်ပါရဲ့အောက်မှာ ညှပ်လျက်ရှိနေခဲ့တယ်။

ကီဇူကီဟာ မိမိကိုယ်ကို သတ်သေရတာနဲ့ပတ်သက်လို့ ဘာစာမှ မရေးခဲ့ဘူး။ ပြီးတော့ သူ့ကိုယ်သူ သတ်သေရလောက်အောင် ကြီးမားတဲ့ အကြောင်းပြချက် ရှိလိမ့်မယ်လို့လည်း ဘယ်သူမှမထင်နိုင်ဘူး။ သူ့ကို နောက်ဆုံးတွေ့ခဲ့တဲ့ သူဟာ ကျွန်တော်ဖြစ်နေလေတော့ ရဲတပ်ဖွဲ့က ကျွန်တော့်ကို ခေါ်မေးမြန်းခဲ့တယ်။ ကီဇူကီဟာ သူ့ကိုယ်သူအဆုံးစီရင်ဖို့ ဘာအရိပ်အရောင်မှ မပြခဲ့ဘူးလို့ စစ်ဆေးရေးအရာရှိကို ကျွန်တော်ပြောခဲ့ပါတယ်။ သူဟာ ပုံမှန်အတိုင်းပဲ ရှိခဲ့တယ်ပေါ့။ အရာရှိဟာ ကျွန်တော့်ကိုရော ကီဇူကီကိုပါ အထင်အမြင်သေးစွာ အစီရင်ခံစာမှာရေးခဲ့ပါတယ်။ ကျောင်းပြေးတတ်တဲ့ ကလေးတွေဟာ ဘိလိယက်ကိုလည်း သတ်သေကြေး ထိုးတတ်တာ သဘာဝကျ တယ်ဆိုတဲ့ ပုံစံမျိုးနဲ့ပေါ့။ ကီဇူကီ သတ်သေတဲ့အကြောင်း သတင်းစာထဲမှာ သတင်းတိုလေးတစ်ပုဒ် ပါလာခဲ့တယ်။ ကီဇူကီရဲ့မိဘတွေက သူ့ရဲ့အနီရောင် N-360 ကားကို ရှင်းထုတ်ပစ်ခဲ့တယ်။ ကီဇူကီရဲ့ အခန်းထဲက စားပွဲပေါ်မှာ အဖြူရောင်ပန်းပွင့်ကို အချိန်ကာလတစ်ခုအထိ ထားပေးခဲ့တယ်။

ကီဇူကီသေတာနဲ့ ကျောင်းပြီးတာကြားအချိန် ဆယ်လကြာခဲ့တယ်။ အဲဒီကာလမှာတော့ ကျွန်တော့်အတွက် နေစရာကိုမရှိခဲ့ဘူး။ ကျွန်တော်ကျောင်းက ကောင်မလေးတစ်ယောက်နဲ့ အိပ်နေခဲ့တယ်။ ဒါပေမဲ့ ခြောက်လမခံခဲ့ပါဘူး။ အဲဒီကောင်မလေးနဲ့ပတ်သက်ပြီး ကျွန်တော့်ရင်ထဲမှာ ထိထိရှရှ ဘာတစ်ခုမှမဖြစ်ခဲ့ဘူး။ ဝင်ခွင့်အတွက် သိပ်ခက်ခက်ခဲခဲ စာကျက်စရာမလိုတဲ့ တိုကျိုက ပုဂ္ဂလိက တက္ကသိုလ်တစ်ခုကို ကျွန်တော်လျှောက်ခဲ့တယ်။ ကျွန်တော်အလွယ်တကူပဲ အောင်ခဲ့ပါတယ်။ ကောင်မလေးက ကျွန်တော့်ကို တိုကျိုမသွားဖို့ တားခဲ့ပါတယ်။ 'တိုကျိုဟာ ဒီကနေ မိုင်ငါးရာဝေးတယ်' လို့ ကောင်မလေးက ကျွန်တော့်ကို တောင်းပန်ခဲ့တယ်။ ဒါပေမဲ့ ကျွန်တော်ဟာ ကိုဘေးကနေ ဘယ်ကိုပဲဖြစ်ဖြစ် သွားချင်နေခဲ့တာ။ ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ ကျွန်တော် မသိတဲ့နေရာမှာ ကျွန်တော် ဘဝသစ်ပြန်စချင်ခဲ့တာ။

"နင် ငါ့ကို အသုံးမကျတဲ့ ဆင်ခြေတွေပေးမနေနဲ့တော့။ နင် ငါနဲ့ အိပ်ခဲ့ပြီးပြီပဲ" လို့ ကောင်မလေးက ငိုရင်းပြောခဲ့တယ်။

mgyoe.com

mgyoe.com

"နင် ထင်သလို မဟုတ်ဘူး။ ငါ ဒီမြို့ကနေ အဝေးတစ်နေရာကိုသွားဖို့ လိုအပ်နေလို့ပါ" လို့ ကျွန်တော် ပြန်ပြောခဲ့တယ်။ ဒါပေမဲ့ ကျွန်တော့်ကို နားလည်ဖို့ သူ အသင့်မဖြစ်ခဲ့ပါဘူး။ အဲဒီလိုနဲ့ပဲ ကျွန်တော်တို့ လမ်းခွဲခဲ့တယ်။ တိုကျိုသွားတဲ့ ကျည်ဆန်ရထားပေါ်မှာထိုင်ရင်း သူဟာ တစ်ခြားကောင်မလေး တွေထက် အစစအရာရာ သာတယ်ဆိုတာကိုစဉ်းစားမိတော့ ကျွန်တော် ခံစားရတာ ကြောက်လန့်စရာပဲ။ ဒါပေမဲ့ ကျွန်တော်ဘာမှ ပြန်လုပ်လို့မရတော့ဘူး။ သူ့ကို မေ့ပျောက်ပစ်ဖို့ပဲ ကြိုးစားခဲ့ရတယ်။

အဆောင်မှာနေတဲ့ ကျွန်တော့်ရဲ့ ဘဝအသစ်စတင်တဲ့အခါ ကျွန်တော့်မှာ လုပ်စရာ တစ်ခုပဲရှိခဲ့တယ်။ ဘာလဲဆိုတော့ ဘာကိုမှ အလေးအနက်ထား မလုပ်တော့ဘဲ ကျွန်တော်နဲ့ ကျန်အရာတွေကြား သင့်လျော်တဲ့ အကွာအဝေး ထားရှိတဲ့အကျင့် စခဲ့တာပါ။ ဘိလိယက်ခုံရဲ့ အစိမ်းရောင်အခင်းစရယ်၊ အနီရောင် N-360 မော်တော်ကားရယ်၊ ကျောင်းစားပွဲပေါ်က အဖြူရောင် ပန်းတွေရယ်၊ သင်္ချိုင်းမီးသင်္ဂြိုဟ်စက်ကနေ ထွက်လာတဲ့ မီးခိုးတွေရယ်၊ ရဲစခန်း စစ်ဆေးရေးအခန်းတွေထဲက စက္ကူဖိတုံးတွေရယ်… အားလုံးအားလုံးကို မေ့ပစ်လိုက်တယ်။ အစပိုင်းတော့ အဆင်ပြေခဲ့တယ်။ ကျွန်တော် မေ့ဖို့ တော်တော် ကြိုးစားခဲ့ရတယ်။ ဒါပေမဲ့ အဖြစ်အပျက်တွေရဲ့ လေထုတစ်မျိုးဟာ ကျွန်တော့် ခန္ဓာကိုယ်ထဲမှာ ရှိနေဆဲပဲ။ အချိန်တွေ ကြာလာတဲ့အခါမှာတော့ အဲဒီလေထုဟာ ကြည်လင်ရှင်းလင်းတဲ့ပုံစံတစ်ခု ဖြစ်လာခဲ့တယ်။ စကားလုံး တစ်ချို့ချရေးလာနိုင်တဲ့ ပုံစံမျိုးပေါ့။ အခုလို စကားလုံးတွေလေ။

"သေခြင်းဟာ တည်ရှိတယ်။ ရှင်ခြင်းရဲ့ ဆန့်ကျင်ဘက်မဟုတ်၊ ဘဝရဲ့ အစိတ်အပိုင်းအဖြစ်"

စကားလုံးတွေအဖြစ် ဘာသာပြန်ခဲ့တယ်။ ဒီစကားဟာ ရေးကျနေ ပါပြီ။ ဒါပေမဲ့ ဒီစကားလုံးတွေကို စကားလုံးအဖြစ် ကျွန်တော်မခံစားမိဘူး။ ကျွန်တော့်ခန္ဓာကိုယ်တွင်းက လေထုအဖြစ်ပဲ ခံစားမိတယ်။ သေခြင်းဟာတည်ရှိ တယ်။ စက္ကူဖိတုံးထဲမှာ၊ အနီရောင်လေးလုံးနဲ့ အဖြူရောင် ဘိလိယက်ဘောလုံး တွေထဲမှာ။ ကျွန်တော်တို့ ရှင်သန်ကြတယ်။ သေခြင်းကို ဖုန်တစ်မှုန့်လို အဆုတ်ထဲရောက်အောင် ဆက်ရှူသွင်းကြတယ်။

အဲဒီအချိန်ထိ ကျွန်တော်က သေခြင်းတစ်ရားဟာ လွတ်လပ်တဲ့ဘဝ ရှင်သန်မှုနဲ့ လုံးလုံးလျားလျားသီးခြား ဖြစ်တဲ့အရာလို့ထင်ခဲ့တာ။ သေခြင်းတရား

mgyoe.com SAMPLE BOOK

ရဲ့လက်တွေဟာ ကျွန်တော်တို့ကို ခေါ်ဆောင်ဖို့ အုပ်မိုးထားတယ်လို့ ကျွန်တော် ခံစားမိခဲ့တယ်။ ဒါပေမဲ့ ကျွန်တော်တို့ ဆိုက်ရောက်လာတဲ့အခါမှာ ကျွန်တော်တို့ကို တစ်ယောက်တည်း ထားရစ်ခဲ့တယ်။ ဒါဟာ ကျွန်တော့်အတွက် ရိုးရှင်းလွန်းတဲ့ ယုတ္တိဗေဒကျတဲ့ အမှန်တရားပဲ။ ဘဝရှင်သန်မှုက ဒီမှာ၊ သေခြင်းတရားက ဟိုဖက်မှာ။ ကျွန်တော်ကဒီမှာ၊ ဟိုဖက်မှာမဟုတ်ဘူး။

ဘယ်လိုပဲပြောပြော ကီဇူကီသေတဲ့ညမှ [illegible]တော်ဟာသေခြင်းတရား (ပြီးတော့ဘဝရှင်သန်မှု) ကိုအဲဒီလို ရိုးရိုးလေးတော့ မမြင်နိုင်တော့ဘူး။ သေခြင်းဟာ ဘဝရဲ့ ဆန့်ကျင်ဘက်မဟုတ်ဘူး။ ကျွန်တော့်ရဲ့ တည်ရှိမှုအတွင်း ကျွန်တော်ဟာ ဒီနေရာမှာ၊ အမြဲတမ်းရှိနှင့်နေခဲ့တာ၊ အဲဒါကိုမေ့ပျောက်ခွင့်မရှိဘူး။ အသက်ဆယ့်ခုနစ်နှစ်သား ကီဇူကီကို မေလရဲ့ ညတစ်ညမှာ သေခြင်းတရားက ခေါ်ဆောင်ခဲ့ရာမှာ ကျွန်တော့်ကိုပါ အတူခေါ်ဆောင်သွားခဲ့တယ်။

ကျွန်တော့်ရင်ထဲ အဲဒီလေထုနဲ့အတူ နောက်နှစ်နွေဦး၊ ကျွန်တော်ဆယ့်ရှစ်နှစ်ရောက်တဲ့အထိ ရှင်သန်ခဲ့ရတယ်။ ဒါပေမဲ့ ကျွန်တော်ဟာ အလေးအနက်ထားတာတွေကို ဆန့်ကျင်ခဲ့တယ်။ အလေးအနက်ထားရှိခြင်းဟာ အမှန်တရားကို ချဉ်းကပ်တာနဲ့ မတူဘူးလို့ ကျွန်တော်ခံစားမိတယ်။ ကျွန်တော် မရှင်းလင်းပါဘူး။ ဒါပေမဲ့ သေခြင်းဟာ အကြောင်းအချက် တစ်ရပ်၊ အလေးအနက်အကြောင်းအချက်။ ခင်ဗျားဘယ်လိုပဲမြင်မြင် ကိစ္စမရှိဘူး။ ဝိရောဓိဟာ ခန္ဓာကိုယ်တွင်းလှည့်နေခဲ့တယ်။ အဲဒီသံသရာထဲမှာ ကျွန်တော်အဆုံးမရှိ လည်နေခဲ့ရတယ်။ ကျွန်တော့်အတွက် ထူးဆန်းတဲ့နေ့တွေပဲ။ အခုတော့ ကျွန်တော် လည်ပြန်စောင်းငဲ့ကြည့်နေပြီး ဘဝရဲ့အလယ်မှာ အရာရာဟာ သေခြင်းကို ဆန့်ကျင်ကြတယ်။

▣

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၃)

နောက်စနေနေ့မှာတော့ နာအိုကို ကျွန်တော့်ဆီဖုန်းဆက်တယ်။ တနင်္ဂနွေနေ့မှာ တွေ့မယ်လို့ ကျွန်တော့်တို့ချိန်း လိုက်ကြတယ်။ ကျွန်တော့်တော့ ကျွန်တော်တို့ နှစ်ယောက်ရဲ့ တွေ့ဆုံမှုကို ချိန်းတွေ့မှုလို့ပဲ ကျွန်တော့်တော့ ခေါ်ချင်တယ်။

ဒီမတိုင်မီကလည်း ကျွန်တော်တို့နှစ်ယောက် လမ်းပေါင်းများစွာ လျှောက်ခဲ့ဖူးတယ်။ တစ်ချို့နေရာတွေရောက်ရင် ကော်ဖီဆိုင်ဝင်ထိုင်ပြီး လမ်းဆက်လျှောက်တယ်။ ညနေစောင်းရောက်ရင် တစ်ခုခုစားပြီး ကျွန်တော်တို့ လမ်းခွဲတတ်ကြတယ်။ ပြီးရင်သူကစကားကို ထုံ့ပိုင်းထုံ့ပိုင်း ပြောတတ်သေးတယ်။ အဲ့ဒီလိုပြောတာကလည်း သူ့အတွက်အနှောင့်အယှက်ဖြစ်ပုံမရဘူး။ ကျွန်တော့်လည်း စကားအမျှင်မပြတ်ဖို့ အထူးတလည် အားစိုက်တာမျိုး မလုပ်ဘူး။ ကျွန်တော်တို့နှစ်ယောက်ဟာ စိတ်ထဲရောက်လာတာမှန်သမျှကို ပြောတတ်ကြတယ်။ ကျွန်တော်တို့ရဲ့နေ့စဉ်ဘဝတွေ၊ ကျွန်တော်တို့ရဲ့ ကျောင်းအကြောင်းတွေ၊ ဘယ်ကိုမှဦးမတည်တဲ့ စကားအတိုအစတွေ ကျွန်တော်တို့ ပြောတတ်ကြတယ်။ ကျွန်တော်တို့ အတိတ်တုန်းက အကြောင်းကိုတော့ လုံးဝလုံးဝမပြောကြဘူး။ အဓိကကတော့ ကျွန်တော်တို့နှစ်ယောက်ဟာ လမ်းလျှောက်ပြီးရင်း လျှောက်နေတာပါပဲ။ တိုကျိုမြို့ကလည်း အကျယ်ကြီးဆိုတော့ ကျွန်တော်တို့ လျှောက်ဖို့လမ်းတွေ ဘယ်တော့မှမကုန်ဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်တို့တနင်္ဂနွေနေ့တိုင်း လမ်းပုံမှန် လျှောက်ဖြစ်ကြတယ်။ သူက အမြဲတမ်းရှေ့က။ ကျွန်တော် နောက်က လိုက်ရတာချည်းပဲ။ နာအိုကိုမှာ ဆံညှပ်ပုံစံအမျိုးမျိုးရှိတယ်။ ညာဘက်နားကိုဖော်ပြီး ဆံညှပ်တစ်ခုမဟုတ် တစ်ခုကိုသူဝတ်လေ့ရှိတယ်။ လက်ကိုင်ပုဝါနဲ့လည်းသူ့ပါးစပ်ကို သုတ်နေတတ်တဲ့အကျင့် သူ့မှာရှိတယ်။ သူတစ်ခုခုပြောခါနီးတိုင်း ပါးစပ်ကိုသုတ်တော့တာပဲ။ သူ့အကျင့်တွေကို ကျွန်တော်ပိုနားလည်လာလေ ကျွန်တော်သူ့ကို ပိုသဘောကျလာလေပါပဲ။

နာအိုကိုဟာ တိုကျိုအနောက်ပိုင်းမှာရှိတဲ့ အမျိုးသမီးကောလိပ်မှာ တက်နေတယ်။ အဲ့ဒီကျောင်းဟာ အင်္ဂလိပ်စာ အသင်ကောင်းလို့ နာမည်ကြီးတဲ့ ကျောင်းပါ။ အဲဒီကျောင်းနံဘေးမှာ သန့်ရှင်းကြည်လင်တဲ့ ရေစီးတဲ့ စိုက်ပျိုးရေးဆည် တစ်ခုရှိတယ်။ ဆည်ဘေးမှာ ကျွန်တော်နဲ့သူ လမ်းလျှောက်လေ့ရှိတယ်။ တစ်ခါတစ်လေကျရင် နာအိုကိုကျွန်တော့်ကို သူ့အခန်းခေါ်ပြီး တစ်ခုခုချက်ကျွေးလေ့ရှိတယ်။ ကျွန်တော်တို့နေတဲ့ ရပ်ကွက်နှစ်ခုဟာ အရမ်းဝေးပေမယ့် ကျွန်တော်တို့ နှစ်ယောက်စလုံး လုံးဝ ဂရုမစိုက်ကြဘူး။ သူနေတဲ့ အခန်းက ကျဉ်းမြောင်းပေမယ့် သန့်ရှင်းသပ်ရပ်ပြီး အနားတွန့် အင်္ကျီတွေလှန်းထားတာ မတွေ့ရတဲ့အတွက် မိန်းကလေးတစ်ယောက်နေတဲ့အခန်းလို့ ထင်စရာအကြောင်း မရှိဘူး။ သူ့ရဲ့ဘဝဟာ အချိန်ပိုတွေ အများကြီးရှိပြီး ရိုးရှင်းတဲ့ဘဝလေးပါ။ သူ့မှာ သူငယ်ချင်းရယ်လို့လည်း ရှိပုံမရဘူး။ အထက်တန်းကျောင်းသားဘဝက သူ့ကို သိခဲ့တဲ့လူတွေဟာ အခုချိန်မှာတော့ နာအိုကို ကို လုံးဝမှတ်မိစရာ အကြောင်း မရှိတော့ဘူး။ အထက်တန်းကျောင်းသားဘဝတုန်းကတော့ သူဟာ အင်္ကျီလက်ပွ၊ ဘောင်းဘီလက်ပွပွတွေ ဝတ်တတ်ပြီး သူငယ်ချင်းအရေအတွက် သန်းဂဏန်းလောက်က သူ့ကို ဝန်းရံနေခဲ့တယ်။ သူ့အခန်းကို ကျွန်တော် စတွေ့ချိန်ကတည်းက သူဟာ အထက်တန်းကျောင်းသား ဘဝတုန်းကသိခဲ့တဲ့ သူငယ်ချင်းတွေနဲ့ လုံးဝ မပတ်သက်ချင်ဘူးဆိုတာကို နားလည်ခဲ့ပါတယ်။

"ဒီကျောင်းကို ငါဘာလို့ ရွေးခဲ့သလဲဆိုတာကို နင်သိလား" လို့ သူအပြုံးလေးနဲ့ ကျွန်တော့်ကို ပြောခဲ့တယ်။ "ဘာကြောင့်လဲဆိုတော့ ငါတို့မြို့က ဘယ်သူမှ ဒီကျောင်းကိုမတက်လို့ဘဲ။ ငါတို့အားလုံးဟာ ဒီထက်မက ပိုကောင်းတဲ့နေရာကို သွားချင်ကြတာပဲ မဟုတ်ဘူးလား။ ငါ ပြောချင်တာကို နင် သဘောပေါက်ရဲ့လား"

mgyoe.com

နာအိုကိုနဲ့ကျွန်တော်ရဲ့ ဆက်ဆံရေးဟာလည်း တိုးတက်လာခြင်းလုံးဝ မရှိပါဘူး။ ဒါပေမဲ့ သူနဲ့ကျွန်တော် တစ်ယောက် ဖြည်းဖြည်းချင်း ပိုပိုအသားကျလာတယ်။ နွေရာသီ အပန်းဖြေခရီး ကာလ ပြီးဆုံးသွားတဲ့အခါမှာတော့ ကျွန်တော့်ဘေးမှာ လိုက်ပါလမ်းလျှောက်ရတာဟာ နာအိုကိုအတွက် ပုံမှန်ဖြစ်ရိုး ဖြစ်စဉ် လုပ်ရပ်တစ်ခုသာ ဖြစ်လာခဲ့တယ်။ အခုချိန်မှာ သူကျွန်တော့်ကို သူငယ်ချင်းတစ်ယောက်လို သဘောထားနေပြီလို့ ကျွန်တော်သုံးသပ်မိတယ်။ ချောမောပြေပြစ်လှတဲ့ မိန်းကလေးတစ်ယောက်နဲ့ ဘေးချင်းယှဉ်လျှောက်ရတာဟာ ကျွန်တော့်အတွက်လည်း ဘာမှ နာကျင်စရာမရှိဘူးလေ။ ကျွန်တော်တို့ နှစ်ယောက်ဟာ တိုကျိုမြို့ရဲ့ လမ်းပေါင်းစုံကိုလျှောက်ပြီးရင်းလျှောက်နေတော့တာပဲ။ တောင်ကုန်းတွေကို တက်ကြတယ်။ မြစ်တွေကိုဖြတ်ကျော်ကြတယ်။ မီးရထားလမ်းတွေပေါ် လျှောက်ကြတယ်။ စိတ်ထဲဘာခရီးဆုံးမှမရှိဘဲ ကျွန်တော်တို့ နှစ်ယောက်ဟာ လျှောက်ပြီးရင်း လျှောက်နေကြတာ။ ကျွန်တော်တို့ နှစ်ယောက်ဟာ မျက်နှာမူရာ ရှေ့တူရှုကို လျှောက်ကြတာပဲ။ ကျွန်တော်တို့ရဲ့ လမ်းလျှောက်မှုဟာ ဒဏ်သင့်နေတဲ့ စိတ်ဝိညာဉ်ကို ကုစားဖို့ ဘာသာရေးအလေ့အထအရ လျှောက်နေသလိုပေါ့။ မိုးရွာရင် ကျွန်တော်တို့ ထီးဆောင်းကြတယ်။ ဘယ်လို အခြေအနေမျိုးပဲရှိရှိ ကျွန်တော်တို့ နှစ်ယောက် လမ်းလျှောက်ကြတယ်။

ဒီလိုနဲ့ မိုးဦးရာသီရောက်လာတယ်။ အဆောင်ရဲ့မြေပြင်ပေါ်မှာ ဇယ်ကိုဗာသစ်ရွက်တွေနဲ့ ဖွေးဖွေးလှုပ်နေတော့တယ်။ ရာသီသစ်ရဲ့ ရနံ့ဆိုက်ရောက်လာတော့ ကျွန်တော် ပထမဆုံးဆွယ်တာကို ဝတ်ဆင်လိုက်တယ်။ ရှူးဖိနပ်သစ်အရို့ ကျွန်တော် ဝယ်စီးခဲ့တယ်။ သားရေကြိမ်းတွေလည်း ပါတယ်။

အဲ့ဒီအချိန်တုန်းက ကျွန်တော်တို့နှစ်ယောက် ဘယ်လိုအကြောင်းအရာတွေ ပြောဖြစ်ခဲ့ကြတယ်ဆိုတာကို ကျွန်တော် မမှတ်မိတော့ဘူး။ ကျွန်တော်တို့နှစ်ယောက်စလုံးဟာ အတိတ်တုန်းက အကြောင်းရော၊ ကီဇူကီအကြောင်းကိုရော မပြောဖြစ်အောင် သတိထား ရှောင်ကျဉ်ကြတယ်။ ကျွန်တော်တို့နှစ်ယောက်ဟာ ကော်ဖီခွက်တွေရှေ့မှာချပြီး တိတ်ဆိတ်မှုအတိနဲ့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ဖြစ်နေခဲ့တယ်။

နာအိုကိုဟာ မုန်တိုင်းတပ်သားအကြောင်း ကျွန်တော်ပြောတာကိုသိပ်နားထောင်ချင်တာပဲ။ တစ်ခါတုန်းက သူဟာ ကောင်မလေးတစ်ယောက်နဲ့ချိန်းတွေ့ဖြစ်ခဲ့တယ်။ (ပထဝီမေဂျာက ကောင်မလေးပါ။) ဒါပေမဲ့ သူညနေဘက် ခပ်စောစော သုန်သုန်မှုန်မှုန်နဲ့ ပြန်ရောက်လာခဲ့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဝါ ... ဝါ... ဝါတာနာဘီ ငါ့ကို မိန်းကလေးတွေအကြောင်း ပြောပြစမ်းပါ"

ကျွန်တော် ဘယ်လိုပြန်ဖြေခဲ့လဲဆိုတာ ကျွန်တော် မမှတ်မိတော့ပါဘူး။ အဲဒီမေးခွန်းအတွက် သူဟာ ကျွန်တော့်ကို မေးမိတာအမှားပါပဲ။ ဇူလိုင်လမှာ အဆောင်နေ ကျောင်းသားတစ်ယောက်ဟာ မုန့်တိုင်းတပ်သားရဲ့ အမ်စတာဒမ် တူးမြောင်းပုံနေရာမှာ ဂိုးလ်ဒင်းဂိတ်တံတားကြီးပုံကို ပြောင်းကပ်ခဲ့ပါတယ်။ အဲဒီတစ်ယောက်က ကျွန်တော့်ကိုမေးတယ်။ မုန့်တိုင်းတပ်သားဟာ ဂိုးလ်ဒင်းဂိတ် တံတားကိုကြည့်ပြီး ဖြေဖျောက်သလားတဲ့။ "သူကြိုက်တယ်" လို့နောက်တော့ ကျွန်တော်ပြန်ပြောခဲ့တယ်။ သိပ်မကြာပါဘူး။ အဲဒီပုံကို တစ်ခြားတစ်ယောက် က ရေခဲတောင်ပုံနဲ့ လဲသွားပြန်တယ်။ သူ မရှိတဲ့အချိန်မှာ ပုံလဲခံလိုက်ရတိုင်း မုန့်တိုင်းတပ်သားဟာ စိတ်ပျက်နေတော့တာပဲ။

"ဘယ်... ဘယ်... ဘယ်ကောင်လဲသွားတာလဲ" လို့ သူ မေးခဲ့ တယ်။

"ငါ မသိဘူး။ ဒါပေမဲ့ ပုံတွေက ဘာကွာသွားလို့လဲ။ ပုံ... ...ူ ဟာ ပုံကောင်းတွေချည်းပဲမဟုတ်လား။ မင်းတောင်ကျေးဇူးတင်သင့်တယ်" လို့ ကျွန်တော် ပြန်ဖြေခဲ့တယ်။

"ဟုတ်ပါတယ်။ ဒါပေမဲ့ ကြောင်တောင်တောင်နိုင်သလိုပဲ"

မုန့်တိုင်းတပ်သားအကြောင်း ပြောတိုင်း နာအိုကိုဟာ အမြဲရယ်တယ်။ ဘယ်အကြောင်းအရာကမှ သူ့ကို အဲသလောက် မရ... ...ကစေနိုင်ဘူး။ အဲဒါ ကြောင့်ပဲ ကျွန်တော်ဟာ မကြာခဏ မုန့်တိုင်းတပ်သား... ...ာင်း ပြောပြတတ် တယ်။ ဒါပေမဲ့ အဲဒီလို ပြောရတာကိုတော့ ကျွန်တော် ဂုဏ်မယူတတ်ပါဘူး။ မုန့်တိုင်းတပ်သားဟာ သိပ်အချမ်းသာကြီးမဟုတ်ပေမယ့် ချမ်းသာတဲ့မိသားစု ကနေ ပေါက်ဖွားလာတဲ့အတွက်ကြောင့် အပူအပင်သိပ်မရှိခဲ့ဘူး။ ပြီးတော့ သူဟာ မိသားစုမှာ အငယ်ဆုံးသား။ မြေပုံတွေဆွဲချင်တာဟာ သူ့ဘဝ သေးသေးလေးထဲက အိပ်မက်သေးသေးလေးပါပဲ။

ဘာပဲပြောပြော အဲဒီအချိန်တုန်းကတော့ မုန့်တိုင်းတပ်သား ဟာသ တွေဟာ အဆောင်မှာ ပြောလို့မကုန်နိုင်တဲ့ အကြောင်းအရာတွေပါပဲ။ ကျွန်တော် နာအိုကိုကို ပြောမိခဲ့တာတွေကိုလည်း ပြန်ပြင်လို့မရတော့ပါဘူး။ ဒါ့အပြင် နာအိုကိုရဲ့ ပြုံးနေတဲ့ မျက်နှာလေးကိုမြင်တွေ့ရတာဟာ ကျွန်တော့်အတွက် ကြည်နူးစရာဖြစ်တဲ့အတွက်လည်းပြောမိခဲ့တာပါ။

mgyoe.com

mgyoe.com

တစ်ကြိမ်မှာတော့ နာအိုကိုဟာ ကျွန်တော့်ကို မေးခွန်းတစ်ခုမေးခဲ့ပါတယ်။ တစ်ခါတည်းပါပဲ။ ကျွန်တော်ကြိုက်ခဲ့ဖူးတဲ့ ကောင်မလေး ရှိခဲ့ဖူးလားတဲ့။ ကိုဘေးမှာ ကျွန်တော်ထားရစ်ခဲ့တဲ့ ကောင်မလေးအကြောင်းကို ကျွန်တော်ပြောပြဖြစ်မိတယ်။ "အဲဒီကောင်မလေးက တော်တော်မိုက်တယ်။ ငါသူနဲ့ အိပ်ရတာကို အရမ်းကြိုက်တယ်။ အရင်တုန်းကတော့ ငါသူ့ကို ခဏခဏလွမ်းတယ်။ အခုတော့ ငါဘာမှမဖြစ်တော့ပါဘူး။ ဘာကြောင့်လဲတော့မသိဘူး။ တစ်ခါတစ်လေကျရင် ငါ့နှလုံးသားဟာ အရမ်းမာကျောနေတော့ ဘယ်အရာမှ မဝင်နိုင်တော့ဘူးလို့ ငါတွေးမိတယ်။ တစ်ယောက်ယောက်ကို ငါချစ်လို့ရနိုင်တော့မှာမဟုတ်ဘူးလို့လည်း တွေးမိတယ်" လို့ကျွန်တော်ဖြေခဲ့တယ်။

"သူ့ကို နင်တကယ်ချစ်ခဲ့လား" နာအိုကိုကမေးတယ်။

"တစ်ခါမှ မချစ်ခဲ့ဖူးဘူး" လို့ ကျွန်တော်ဖြေခဲ့တယ်။

သူကျွန်တော့်ကို ဘာမှထပ်မမေးတော့ဘူး။

မိုးရာသီကုန်ဆုံးလို့ မြို့ထဲကို အေးစက်စက် လေတွေ ဝင်ရောက်တိုက်ခတ်လာတော့ နာအိုကိုဟာ မကြာခဏဆိုသလို ကျွန်တော့်ကို လက်ချိတ်ပြီး လမ်းလျှောက်တတ်လာတယ်။ သူ့ရဲ့ ဒက်ဖယ်ကုတ် အင်္ကျီထူထူကြီးကနေ တစ်ဆင့် သူ့ရဲ့အသက်ရှူသံကို ကျွန်တော်ခံစားမိတယ်။ သူက လမ်းလျှောက်ရင်း ကျွန်တော့်လက်မောင်းကို ချိတ်ထားရင် ချိတ်ထားမယ်။ ဒါမှမဟုတ် ကျွန်တော့်အင်္ကျီအိတ်ကပ်ထဲ လက်ထိုးထည့်ထားရင်ထားမယ်။ တကယ်လို့ အအေးက ပြင်းထန်လာပြီဆိုရင် ကျွန်တော့်လက်မောင်းကို တင်းနေအောင် ဖက်ထားပြီး တုန်နေတတ်တယ်။ အဲဒီအပြုအမူတွေဟာ ဘာအဓိပ္ပာယ်မှတော့ မဟုတ်ပါဘူး။ ကျွန်တော်ကတော့ ကျွန်တော့်လက်နှစ်ဖက်ကို အင်္ကျီအိတ်ကပ်ထဲ ထည့်ပြီး လျှောက်နေတတ်တယ်။ ကျွန်တော်တို့ရဲ့ ရှူးဖိနပ် အောက်ခံတွေဟာ ရော်ဘာတွေဖြစ်နေတာကြောင့် ခြေလှမ်း ကျယ်ကျယ်လှမ်းမိရင် ဖြစ်စေ၊ လမ်းတွေပေါ်က သဖန်းရွက်တွေပေါ် လျှောက်မိရင်ဖြစ်စေ၊ အသံမြည်တတ်တာက လွဲလို့ ပလက်ဖောင်းပေါ်မှာ ဘာအသံမှမထွက်ဘူး။ ကျွန်တော့်ကြောင့် ခြေသံ ထွက်တိုင်း ကျွန်တော်နာအိုကို ကိုအားနာမိတယ်။ ကျွန်တော့်ရဲ့လက်မောင်းဟာ နာအိုကို လိုအပ်တဲ့ လက်မောင်းမဟုတ်ပါဘူး။ လူတစ်ယောက်ရဲ့ လက်မောင်း တစ်ဖက်မျှသာပါပဲ။ ကျွန်တော့်ရဲ့ အနွေးဓာတ်ဟာလည်း သူလိုအပ်တဲ့ အနွေးဓာတ်မဟုတ်ပါဘူး။ တစ်စုံတစ်ယောက်ရဲ့ အနွေးဓာတ်မျှသာပါပဲ။ ကျွန်တော်ဟာ ကျွန်တော်ဖြစ်နေတဲ့အတွက် နောင်တရမိလုနီးနီးပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

ဆောင်းသည်းထန်လာတဲ့အချိန်မှာ ကြည်လင်နေတဲ့ နာအိုကို့ မျက်ဝန်းအစုံဟာ ပိုကြီးထွားလာတယ်။ အဲဒီကြည်လင် ပြတ်သားမှုဟာ ဘယ်ကိုမှ မရွေ့ဘဲ တည်ငြိမ်နေခဲ့တယ်။ တစ်ခါတစ်လေကျရင်လည်း နာအိုကိုရဲ့ မျက်ဝန်းတွေဟာ အကြောင်းပြချက်မှ မရှိဘဲ ကျွန်တော့်ဆီကို အကြာကြီး ရောက်နေတတ်တယ်။ သူဟာ တစ်ခုခုကို ရှာဖွေနေသလိုပဲ။ အဲဒီအကြည့်က ကျွန်တော့် ကိုထူးဆန်းတဲ့၊ အထီးကျန်ဆန်တဲ့၊ အကူအညီမဲ့ ခံစားချက်မျိုးကို ဖြစ်ပေါ်စေတယ်။

သူဟာ တစ်ခုခုကို ကျွန်တော့်ဆီ ပို့ဆောင်ချင်ပေမယ့် စကားလုံးရှာမရဖြစ်နေတဲ့ပုံစံမျိုး။ စကားလုံးနဲ့ဖော်ပြမရနိုင်လို့ စကားအဖြစ်မပြောတာလို့ ကျွန်တော်ထင်မိတယ်။ အဲဒီလိုဖြစ်လာရင် သူဟာဆံထိုးကို ဟိုရွှေ့ သည်ရွှေ့ လုပ်မယ်။ သူ့ ပါးစပ်ထောင့်ကို လက်ကိုင်ပုဝါနဲ့ သုတ်နေမယ်။ ဒါမှမဟုတ် ဘာအဓိပ္ပာယ်မှမရှိပဲ ကျွန်တော့်မျက်လုံးတွေကို စိုက်ကြည့်နေတတ်တယ်။ သူ အဲဒီလိုဖြစ်တိုင်း ကျွန်တော် သူ့ကို ခပ်တင်းတင်း ပွေ့ဖက်ထားလိုက်ချင်တယ်။ ဒါပေမဲ့ ကျွန်တော်တွန့်ဆုတ်ပြီး အသာလေး နေလိုက်ရတာချည်းပဲ။ ကျွန်တော် အဲဒီလိုလုပ်လိုက်ရင် သူနာကျင်သွားမှာကိုစိုးမိတယ်။ ဒီလိုနဲ့ပဲ ကျွန်တော်တို့ နှစ်ယောက်ဟာ တိုကျိုမြို့ရဲ့ လမ်းတွေပေါ် လမ်းတွေလျှောက်နေတော့တာပဲ။ နာအိုကိုဟာ လမ်းလျှောက်ရင်းစကားလုံးတွေ ရှာကောင်း ရှာနေလိမ့်မယ်။

အဆောင်ကကောင်တွေကတော့ တနင်္ဂနွေမနက်ဘက် နာအိုကို ကျွန်တော့်ဆီ ဖုန်းဆက်ရင်ဖြစ်စေ၊ အပြင်ထွက်ရင် ဖြစ်စေ ကျွန်တော့်ကို စကြနောက်ကြတယ်။ သူတို့အားလုံးက ကျွန်တော် ကောင်မကလေး တစ်ယောက် ရနေပြီလို့ ထင်ကြတယ်။ သူတို့ကိုအမှန်အတိုင်းရှင်းပြဖို့မဖြစ်နိုင်သလို ရှင်းပြဖို့လည်း မလိုအပ်ပါဘူး။ အဲဒါကြောင့် သူတို့ထင်ချင်သလို ထင်ကြပါစေတော့လို့ ကျွန်တော်ထားလိုက်တယ်။ ကျွန်တော်ညနေဘက် ပြန်ရောက်လာရင်တော့ အူကြောင်ကြောင်မေးခွန်းတွေ တစ်ပုံတစ်ပင်အမေးခံရတတ်တယ်။ ဘယ်လိုပုံစံ ကျွန်တော် အသုံးပြုခဲ့လဲ။ ကောင်မကလေး လဲလျောင်းနေတာ ဘာနဲ့တူလဲ။ ကောင်မကလေး အတွင်းခံဘောင်းဘီ ဘာအရောင်ဝတ်ခဲ့လဲ။ ....စတဲ့ မေးခွန်းတွေပေါ့။ ကျွန်တော်ကလည်း သူတို့ လိုချင်တဲ့ အဖြေတွေ ပြန်ပေးခဲ့တယ်။

♥ ♥ ♥

mgyoe.com

mgyoe.com
SAMPLE BOOK

ဒီလိုနဲ့ ကျွန်တော်အသက် ၁၈နှစ်ကနေ ၁၉ နှစ်ဖြစ်လာခဲ့တယ်။ နေ့တိုင်းမှာ နေပဟာထွက်ပေါ်လာပြီး ပြန်ပျောက်ကွယ် သွားစမြဲပဲ။ တနင်္ဂနွေနေ့တိုင်းမှာလည်း သေသွားတဲ့ကျွန်တော့်သူငယ်ချင်းရဲ့ကောင်မကလေးနဲ့ ချိန်းတွေ့နေကြပဲ။ ကျွန်တော် ဘာတွေလုပ်နေတာလဲ၊ ကျွန်တော်ဘာတွေ ဆက်လုပ်ဦးမှာလဲ ဆိုတာ ကျွန်တော်မသိဘူး။ ကျွန်တော်ယူထားတဲ့ ဘာသာရပ်တွေကြောင့် ကျွန်တော်ဟာ ကလော်ဒယ်၊ ရာစင်းနဲ့ အီစန်စတိုင်းတို့ကို ဖတ်ရတယ်။ ဒါပေမဲ့ သူတို့ရဲ့စာတွေဟာ ကျွန်တော့်အတွက်တော့ ဘာမှ မဟုတ်လှဘူး။ စာသင်ခန်းတွေမှာ ကျွန်တော် ဘယ်သူနဲ့မှ အပေါင်းအသင်း မလုပ်ဘူး။ အဆောင်မှာဆိုရင်လည်း ကျွန်တော်နဲ့ သိတာ ခပ်ရှားရှားပဲ။ ကျွန်တော်ဟာ အမြဲတိုင်း စာအုပ်တစ်အုပ်နဲ့ တစ်ယောက်ထဲ ထိုင်နေတတ်လို့ အဆောင်ကလူတွေက ကျွန်တော်ဟာ စာရေးဆရာ ဖြစ်ချင်နေတဲ့ကောင်လို့ ထင်တတ်ကြတယ်။ တကယ်တော့ ကျွန်တော့်မှာ ဘာရည်မှန်းချက်မှရှိတာ မဟုတ်ဘူး။ ကျွန်တော် တခြား ဘာမှလည်း မဖြစ်ချင်ဘူး။

ဒီခံစားချက်ကို ကျွန်တော် နာအိုကို့ကိုတော့ ပြောဖြစ်တယ်။ သူဟာ ကျွန်တော်ခံစားနေရတာကို အနည်းဆုံးတော့ အတိုင်းအတာတစ်ခုလောက်အထိ တိတိကျကျသိလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒါပေမဲ့ကျွန်တော်ဟာ ကျွန်တော့်အကြောင်း ကျွန်တော် ပြောနိုင်ဖို့ စကားလုံး ရှာမရတတ်ဘူး။ သိပ်ထူးဆန်းတယ်။ ကျွန်တော်ဟာ သူ့ရဲ့ စကားလုံးရှာဖွေမရမှု ရောဂါ ကူးစက် ခံနေရပြီ။

စနေညတွေမှာဆိုရင် နာအိုကို့ဖုန်းအလာကိုစောင့်ရင်း ဧည့်ခန်းထဲက ဖုန်းဘေးနားမှာ ကျွန်တော် ထိုင်နေတတ်တယ်။ ကျောင်းသားအများစုဟာ စနေညဆိုရင် အပြင်ထွက်တတ်ကြတော့ ဧည့်ခန်းမှာ အမြဲတမ်း လူရှင်းနေတတ်တယ်။ တိတ်ဆိတ်နေတဲ့ နေရာပေါ်ဖြာကျနေတဲ့ အလင်းရောင်ကို ငေးကြည့်ရင်း ကျွန်တော့် နှလုံးသားကို ကျွန်တော် မြင်နိုင်အောင် ကြိုးစားနေတတ်တယ်။ ကျွန်တော် ဘာလိုချင်နေတာလဲ။ တခြားလူတွေကရော ကျွန်တော့်ဆီက ဘာတွေလိုချင်နေတာလဲ။ တစ်ခါတစ်လေဆိုရင် ကျွန်တော်အလင်းရောင်တွေကို ဖမ်းဆုပ်နေမိတတ်တယ်။ ဒါပေမဲ့ ကျွန်တော့်လက်တွေက ဘာကိုမှ မဆုပ်မိဘူး။

♥ ♥ ♥

mgyoe.com

ကျွန်တော်စာတွေ အများကြီးဖတ်ဖြစ်တယ်။ ဒါပေမဲ့ စာအုပ် အများကြီးတော့မဟုတ်ဘူး။ ကျွန်တော်အကြိုက်ဆုံး စာအုပ်တွေကိုပဲ ထပ်ပြန် တလဲလဲဖတ်နေတတ်တာ။ ထရူးမန်ကပုပ်၊ ဂျွန်အပ်ဒိုက်၊ စတော့ဖစ်ဂျရယ်၊ ရေးမွန်းချန်ဒလာစတဲ့ စာရေးဆရာတွေပေါ့။ ကျွန်တော့် အတန်းထဲက လူတွေ ဟာ အဲဒီစာရေးဆရာတွေကို ဖတ်ကြတာတစ်ခါမှ မတွေ့ဖူးဘူး။ သူတို့ဟာ ကာဇူမိတာကာဟာရှိ၊ ကင်ကာဘူရိုအိုအဲ၊ ယူကီရိုမိရှိမာ ဒါမှမဟုတ် ခေတ်ပြိုင် ပြင်သစ်ဝတ္ထုရေးဆရာတွေကိုပဲ ဖတ်ကြတာ။ သူတို့နဲ့ ကျွန်တော်စာအုပ်တွေ အကြောင်း မဆွေးနွေးဘဲ ကိုယ်ကြိုက်တာ ကိုယ်ဖတ်နေတဲ့အကြောင်းလည်း ပါမှာပေါ့လေ။ ကျွန်တော် မျက်လုံးတွေမှိတ်ထားပြီး ကျွန်တော်နဲ့ ရင်းနှီးနေတဲ့ စာအုပ်တစ်အုပ်ကို ထုတ်ယူမယ်။ ပြီးရင် အဲဒီစာအုပ်ရဲ့ ရနံ့တွေခန္ဓာကိုယ်ထဲ စိမ့်ဝင်လာတယ်လို့ ခံစားမိတယ်။ အဲဒီလိုလုပ်တာဟာ ကျွန်တော့်ကို တော်တော် ပျော်ရွှင်စေတတ်ပါတယ်။

ကျွန်တော် ဆယ့်ရှစ်နှစ်သားအရွယ်မှာ အကြိုက်ဆုံး စာအုပ်က ဂျွန်အပ်ဒိုက်ရဲ့ The Centaur ဝတ္ထုပေါ့။ ဒါပေမဲ့ ကျွန်တော် အဲဒီစာအုပ်ကို အကြိမ်ပေါင်းများစွာ ဖတ်ရှုပြီးတဲ့နောက်မှာ စောစောပိုင်းတုန်းက ဖတ်ခဲ့ရတုန်းက ရခဲ့တဲ့အရသာတွေ ပျောက်ပျက်ကုန်တယ်။ အဲဒီစာအုပ်ပြီးတော့ ကျွန်တော် The Great Gatstby ကို စွဲလမ်းခဲ့တယ်။ The Centaur ပြီးရင် Gatsby ဟာ ကျွန်တော့်အကြိုက်ဆုံး ဝတ္ထုအဖြစ် အကြာကြီးရပ်တည်နိုင်ခဲ့ တယ်။ ကျွန်တော် ဖတ်ချင်စိတ်ပေါက်လာရင် စာအုပ်စင်ကနေ Gatsby စာအုပ်ကို ဆွဲထုတ်လိုက် ပြီး ကြုံတဲ့အခန်းကို ဖတ်နေတော့တာပဲ။ အဲဒီစာအုပ်ကို ဖတ်ရတာ ကျွန်တော် ဘယ်တော့မှ မပျင်းပါဘူး။ အဲဒီစာအုပ်မှာ ပျင်းစရာ ကောင်းတဲ့စာရွက်ဆိုလို့ တစ်ရွက်တောင် မပါခဲ့ဘူး။ ကျွန်တော်က Gatsby ဟာအံ့သြဖို့ကောင်းကြောင်း လူတွေကို ပြောပြချင်ပေမယ့် ကျွန်တော့်အနားမှာ Gatsby ကို ဖတ်ဖူးတဲ့ လူမရှိသလို၊ ဖတ်ချင်စိတ်ရှိတဲ့ လူတွေလည်း မရှိဘူး။ ၁၉၆၈ ခုနှစ်မှာ စကော့ဖစ်ချ်ဂျရယ်ရဲ့ စာအုပ်တွေဖတ်ဖို့ တိုက်တွန်းရင် ဘာတုံ့ပြန်မှု ရမှာ မဟုတ်ပါဘူး။

နောက်ဆုံးတော့ ကျွန်တော်ဘဝမှာ Gatsby ကိုဖတ်ဖူးတဲ့ လူ တစ်ယောက်နဲ့ အမှန်တကယ်ဆုံတွေ့ဖြစ်ခဲ့ပါတယ်။ အဲဒီစာအုပ်ကြောင့် သူနဲ့ ကျွန်တော်သူငယ်ချင်းတွေဖြစ်ခဲ့ပါတယ်။ သူ့နာမည်က နာကာဆာဝါလို့ ခေါ်ပါ

mgyoe.com

mgyoe.com
SAMPLE BOOK

တယ်။ သူဟာ ကျွန်တော့်ထက်နှစ်နှစ် ပိုကြီးပါတယ်။ သူဟာ ဂုဏ်သိက္ခာကြီးမားတဲ့ တိုကျိုတက္ကသိုလ်မှာ ဥပဒေလေ့လာမှု ပညာရပ်ကို သင်ယူနေပြီး နိုင်ငံခေါင်းဆောင်ပိုင်းကို ရောက်ဖို့ လမ်းကြောင်းပေါ် ရောက်ရှိနေပါပြီ။ သူနဲ့ ကျွန်တော်ဟာ တစ်ဆောင်ထဲနေပေမယ့် မျက်မှန်းတန်းမိရုံပဲ ရှိပါတယ်။ တစ်နေ့တော့ ထမင်းစားခန်းရဲ့ နေရောင်ကျတဲ့နေရာမှာ ကျွန်တော် Gatsby စာအုပ်ထိုင်ဖတ်နေတာ သူမြင်သွားပြီးတဲ့နောက်မှာ သူငယ်ချင်းတွေ ဖြစ်ခဲ့တာပါ။ သူ ကျွန်တော့်ဘေးနားလာထိုင်ပြီး ကျွန်တော်ဘာ စာအုပ်ဖတ်နေတာလဲလို့ မေးခဲ့ပါတယ်။ ကျွန်တော်က စာအုပ်နာမည်ပြောတော့ သူကဖတ်ရတာကြိုက်ရဲ့လားလို့ ထပ်မေးပါတယ်။ ''ဒါကျွန်တော် သုံးကြိမ်မြောက်ဖတ်တာ။ တစ်ခေါက်ဖတ်တိုင်းလည်း အသစ်တစ်ခုခုတွေ့လို့ ပိုကြိုက်မိတယ်'' လို့ ကျွန်တော် ဖြေခဲ့တယ်။

''ဒီပုဂ္ဂိုလ်က Gatsby ကို သုံးကြိမ်ဖတ်ပြီးပြီလို့ ပြောနေပြီ။ အင်း… Gatsby ရဲ့ သူငယ်ချင်းဟာ ငါရဲ့သူငယ်ချင်းပဲပေါ့''လို့ သူဟာ တစ်ကိုယ်တည်း ရေရွတ်ခဲ့ပါတယ်။

ဒီလိုနဲ့ ကျွန်တော်တို့နှစ်ယောက် သူငယ်ချင်းတွေဖြစ်ခဲ့ကြတယ်။ အဲဒီအဖြစ်အပျက်ဟာ အောက်တိုဘာလမှာဖြစ်ခဲ့ တာပါ။

ကျွန်တော် သူ့အကြောင်းပိုသိလာလေ။ သူဟာပိုထူးဆန်းတယ်လို့ ထင်မိလေပါပဲ။ ကျွန်တော် ထူးဆန်းတဲ့လူတွေ တွေ့ဖူးပေမယ့် ဘယ်သူမှ နာကာဆာဝါလောက် မထူးဆန်းပါဘူး။ သူဟာ ကျွန်တော့်ထက် ပိုပြီး စာစုံဖတ်တဲ့လူပါ။ ဒါပေမဲ့ သူဟာစာအုပ်တွေနဲ့ စာရေးဆရာသေတာ အနည်းဆုံး နှစ်သုံးဆယ် မရှိဘဲနဲ့ ဘယ်စာအုပ်ကိုမှ မဖတ်တဲ့ စည်းကမ်းထားပါတယ်။ ''ဒီနည်းလမ်းကသာ စာအုပ်အပေါ် ငါယုံကြည်နိုင်တဲ့ တစ်ခုတည်းသော နည်းလမ်းပဲ'' လို့ သူက ပြောပါတယ်။

''ငါခေတ်ပြိုင်စာပေကို မယုံကြည်တော့တာ မဟုတ်ပါဘူး။ ဒါပေမဲ့ အချိန်ပေး ဖတ်လောက်အောင် မတန်တဲ့ စာအုပ်တွေအတွက် အချိန်မဖြုန်းချင်ဘူး။ ဘဝဆိုတာ တိုတိုလေးရယ်''

''ဘယ်စာရေးဆရာတွေကို ခင်ဗျားကြိုက်လဲ'' လို့ ကျွန်တော့်ထက် နှစ်နှစ် စီနီယာကျတဲ့ သူ့ကို တလေးတစား မေးမိခဲ့ပါတယ်''

''ဘောလ်ဇက်၊ ဒန်တီ၊ ဂျိုးဆက်ကွန်းရက်ဒ်'' လို့ သူ မတုန့်မဆိုင်း ဖြေသွားခဲ့ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ခေတ်အကြိုက်စာရေးဆရာတွေတော့ မဟုတ်ဘူးနော်"

"အဲဒါကြောင့်လည်း ငါ သူတို့ကို ဖတ်နေတာပေါ့။ မင်းဟာ လူအများစု ဖတ်တဲ့ စာအုပ်တွေကိုလိုက်ဖတ်နေရင် လူအများစုတွေးသလိုပဲ တွေးတတ်မှာ ပေါ့။ ကမ္ဘာ့ကြီးဟာ ........။"

တကယ်လူအစစ်တွေဟာ အဲဒီလိုဖြစ်တဲ့အတွက် ရှက်တတ်ကြတာ။ မင်းသတိမထားဘူးလား ဝါတာနာဘီ။ မင်းနဲ့ ငါနှစ်ယောက် ဒီအဆောင်မှာ လူသားအစစ်တွေ၊ အခြားကောင်တွေက ....."

သူ့စကားက ကျွန်တော့်ကို စဉ်းစားစေတယ်။

"ခင်ဗျားဘာကြောင့် ဒီလိုပြောတာလဲ"

"ငါပြောတာအမှန်ပဲလို့ ငါသိနေတယ်။ ငါမြင်နိုင်တယ်။ ငါတို့ရဲ့ အပူတွေပေါ်မှာ အမှတ်အသားတွေရှိနေသလိုပဲပေါ့။ ဒါ့အပြင် ငါတို့ နှစ်ယောက်လုံးဟာ Gatsby ကိုဖတ်ဖူးကြတယ်လေ။

ကျွန်တော်ခေါင်းထဲမှာ ချက်ချင်းတွက်မိနေတယ်။ "ဖစ်ချ်ဂျရယ် သေတာ နှစ်ဆယ့်ရှစ်နှစ်ပဲ ရှိသေးတယ်နော်"လို့ ကျွန်တော်ပြောလိုက်တယ်။

"နှစ်နှစ်ပဲကွာတာ ဘာဖြစ်လဲ။ ဖစ်ချ်ဂျရယ်ဟာ ခေတ်ရှေ့ပြေး တာပဲ"

အဆောင်မှာရှိတဲ့ လူအားလုံး ဘယ်သူမှ နာကာဆာဝါဟာ ဂန္ထဝင် ဝတ္ထုတွေ တိတ်တိတ်ပုန်းဖတ်နေတာ ဘယ်သူမှ မသိဘူး။ ဒါ့အပြင် သိခဲ့ရင် လည်း သူတို့အတွက် ဘာမှထူးမှာ မဟုတ်ဘူး။ နာကာဆာဝါဟာ စမတ်ကျတဲ့ အတွက် လူသိများတယ်။ သူဟာ တိုကျိုတက္ကသိုလ်ကို အလွယ်လေး ရောက်ခဲ့ တယ်။ စာမေးပွဲမှာလည်း အမှတ်ကောင်းကောင်းရခဲ့တယ်။ တစ်နေ့မှာ အစိုးရ ဝန်ထမ်းစာမေးပွဲလည်း ဖြေပြီး နိုင်ငံခြားရေးဝန်ကြီးဌာနမှာ အလုပ်လုပ်ဦးမှာ၊ ပြီးရင် သံတမန်ဖြစ်လာဦးမယ့် လူ။ နာကာဆာဝါဟာ ဒိတ်ဒိတ်ကြဲကြဲ မိသားစု ကနေ ပေါက်ဖွားလာခဲ့တာ။ သူ့အဖေဟာ နာဂိုရာမှာ ဆေးရုံတစ်ရုံပိုင်တယ်။ သူ့အစ်ကိုဟာ တိုကျိုတက္ကသိုလ်ကနေ ဘွဲ့ရပြီး ဆေးကျောင်းတက်ခဲ့တယ်။ တစ်နေ့မှာ ဆေးရုံကို သူတို့ညီအစ်ကိုနှစ်ယောက် အမွေရအုံးမှာ။ နာကာဆာဝါရဲ့ အိတ်ကပ်ထဲမှာ အမြဲတမ်းပိုက်ဆံအလျှံအပယ်ရှိနေတတ်တယ်။ သူဟာ တကယ့်ကို ကိန်းကြီးခန်းကြီး ဂုဏ်သရေရှိရှိနေထိုင်တတ်သူ တစ်ယောက် ဖြစ်တယ်။ အဆောင်ရဲ့ အကြီးအကဲအပါအဝင် လူတိုင်းဟာ သူ့ကို လေးလေး

mgyoe.com

mgyoe.com

စားစား ဆက်ဆံတတ်ကြတယ်။ သူသာ တစ်ယောက်ယောက်ကို ခိုင်းလိုက်ရင် အခိုင်းခံရတဲ့သူက ဘာမှမကန့်ကွက်ဘဲ လုပ်ပေးတတ်ကြတယ်။ လုပ်ပေးရုံမှ တပါး ရွေးချယ်စရာမရှိတဲ့ပုံမျိုးပေါ့။

နာကာဆာဝါမှာ လူတွေကို ဆွဲဆောင်နိုင်တဲ့ မွေးရာပါ အရည်အချင်း တစ်ခုရှိတယ်။ အဲဒါကြောင့်ပဲ လူတွေဟာ သူ့နောက်လိုက်ကြတာ။ သူဟာ အခြေအနေတစ်ရပ်ကို ခေါင်းဆောင်နိုင်တဲ့သူ ဖြစ်တယ်။ ပြီးတော့ လိုက်နာ နိုင်တဲ့ တိကျတဲ့ ညွှန်ကြားချက်တွေ ပေးတတ်တယ်။ သူဟာ ဦးခေါင်း နောက်မှာရှိတဲ့ ဂုဏ်သရေအလင်းတန်းဟာ နတ်ဒေဝါတွေရဲ့ ခေါင်းနောက်က ရောင်စဉ်တန်းတွေလိုပဲ။ အဲဒါကြောင့်ပဲ လူတွေဟာ သူ့ကို သာလွန်ထူးကဲလှတဲ့ လူသားလို့ လက်ခံထားတာဖြစ်တယ်။ ဘာမှ ထူးခြားမှုမှမရှိတဲ့ ကျွန်တော့်ကို နာကာဆာဝါက သူငယ်ချင်းအရင်းအဖြစ် ရွေးချယ်ခဲ့တာတော့ အားလုံးအံ့အား သင့်ခဲ့ကြတယ်။ သူ့ရဲ့ အနီးကပ် သူငယ်ချင်းဖြစ်တာကြောင့်ပဲ လူတွေက ကျွန်တော့်ကို လေးစားကြတာကို ကျွန်တော်သိတယ်။ လူတွေဟာ နာကာဆာဝါ ကျွန်တော့်ကို ဘာကြောင့် သူငယ်ချင်းအဖြစ် ရွေးချယ်ခဲ့တယ်ဆိုတာကို နားမလည်ကြပါဘူး။ ဘာလဲဆိုတော့ နာကာဆာဝါဟာ သူများတွေဆီက ရနေတဲ့ ဦးစားပေးအလေးထားမှုတွေကို ကျွန်တော့်ဆီက မရလို့ပါပဲ။ သူ့ရဲ့ ထူးခြားရှုပ်ထွေးဆန်းပြားတဲ့ နေပုံထိုင်ပုံကို ကျွန်တော် စိတ်ဝင်စားမိပါတယ်။ သူ့ရဲ့ အဆင့်အတန်းဂုဏ်သရေကြီးမှု အသွင်သဏ္ဌာန် စတာတွေ တစ်ခုမှ ကျွန်တော် အထင်မကြီးပါဘူး။ အဲဒီလို ကျွန်တော်ဖြစ်တာကလည်း သူ့အတွက် ထူးခြားနေတာပဲ ဖြစ်ပါတယ်။

နာကာဆာဝါရဲ့ ကိုယ်ရည်ကိုယ်သွေးမှာ ဆန့်ကျင်ဘက်တွေ ရှိထား ပါတယ်။ သူဟာ အချိန်တော်တော်များများမှာ ကြင်နာနေတတ်ပေမယ့် သူဟာ အလွယ်တကူလည်း သွေးအေးရက်စက်တတ်ပါတယ်။ သူ့ဟာ မြင့်မြတ်သူ တစ်ယောက် ဖြစ်ပေမယ့် တစ်ခါတစ်ရံ ပြင်မရလောက်တဲ့ အမှားတွေကိုလည်း ကျူးလွန်တတ်တဲ့ အကျင့်တွေရှိတတ်ပါတယ်။ သူဟာ ရှေ့ကိုကြိုမြင်တတ်ပြီး ခေါင်းဆောင်လုပ်နိုင်တဲ့ အရည်အသွေးတွေလည်း ရှိထားပေမယ့် သူ့နှလုံးသား ထဲမှာ အထီးကျန်ဝေဒနာ ရှိနေပါတယ်။ ကျွန်တော်သူ့ရဲ့ ဝိရောဓိဆန်တဲ့ စရိုက်တွေကို အစောပိုင်းကတည်းက တွေ့ခဲ့ပါတယ်။ ဘာကြောင့်များလူ တစ်ယောက်မှာ ဆန့်ကျင်ဘက်အရည်အသွေးတွေရှိတာကို လူတွေ ဘာလို့ မသိနိုင်ကြတာလဲဆိုတာ ကျွန်တော်မတွေးတတ်ဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

ဒါပေမယ့်လည်း ကျွန်တော်ဟာ သူ့ကိုနှစ်လိုဖွယ်ကောင်းတဲ့ လူတစ်ယောက်လို့ မြင်နေဆဲပါပဲ။ သူ့ရဲ့ ထင်ရှားဆုံး တန်ဖိုးကတော့ ရိုးသားမှုပါပဲ။ သူဟာ ဘယ်တော့မှ လိမ်မပြောတတ်သလို သူ့ရဲ့ အကြောင်းတွေကိုလည်း အသိအမှတ်ပြုတတ်သူပါ။ သူ့ကို အရှက်ရစေနိုင်တဲ့ အကြောင်းအရာတွေကိုလည်း သူ ဘယ်တော့မှ မဖုံးကွယ်တတ်ဘူး။ ကျွန်တော် သိသလောက်တော့ သူ့ရဲ့ တစ်ဖက်သားအပေါ် ဂရုစိုက်မှုဟာ ဘယ် မှ လစ်ဟင်းမသွားသလို ထောက်ခံမှုလည်း မရပ်နားဘူး။ ကျွန်တော်အပေ နေ ကျောင်းသားဘဝတစ်လျှောက် သူဟာ မကျေမနပ်ဖြစ်စရာ တစ်ခါမှ မလုပ်ဖူးပါဘူး။ ဒါပေမဲ့လည်း ကျွန်တော်ဟာ သူ့ကို ကျွန်တော့်နှလုံးသားကို တစ်ခါမှ မလှစ်ဟပြဖြစ်ဘူး။ ကျွန်တော်နဲ့ ကီဇူကီနဲ့အကြောင်းကို ကျွန်တော် သူ့ကို မပြောပြဘူး။ တစ်ခါက နာကာဆာဝါဟာ အရက်မူးပြီး မိန်းကလေးတစ်ယောက်ကို အနိုင်ကျင့်တာဖြစ်ပြီးတဲ့နောက် ဘယ်တော့မှ ကျွန်တော့်အကြောင်း အကုန်မပြောဖို့ ကျွန်တော့်ဘာသာ ဆုံးဖြတ်ချက်ချမိခဲ့တယ်။

အဆောင်တွေမှာ နာကာဆာဝါရဲ့ ဒဏ္ဍာရီမျိုးစုံဟာ လူပြောသူပြောများတတ်တယ်။ တစ်ယောက်ကဆိုရင် နာကာဆာဝါဟာ မိန်းမသုံးယောက်နဲ့ တစ်ခါတည်း အိပ်နိုင်သတဲ့။ နောက်တစ်ယောက်ကလည်း သူ့မှာ လိင်တံ အကြီးကြီးရှိပြီး မိန်းကလေးတစ်ရာကျော်နဲ့ အိပ်ပြီးပြီလို့ဆိုပါတယ်။

မိန်းမသုံးယောက် ကိစ္စကတော့ တကယ်ပါ။ သူ ကျွန်တော့်ကို တစ်ခါက ပြောဖူးတယ်။

"အဲဒါဘယ်လိုဖြစ်တာလဲ"

"ငါ ဒီမှာနေဖို့ စရောက်လာတဲ့ ပထမနှစ်မှာ ဖြစ်ခဲ့တာပါ။ အဲဒီတုန်းက ကျောင်းသားသစ်တွေနဲ့ အတန်းကြီးတွေကြားမှာ ပြဿနာတွေရှိခဲ့တယ်။ ဧပြီလလောက်မှာ စခဲ့တဲ့ ပြဿနာဟာ စက်တင်ဘာလမှာ အထွဋ်အထိပ်ကို ရောက်ခဲ့တယ်။ ငါဟာ ပထမနှစ် ကျောင်းသားကိုယ်စားလှယ် အနေနဲ့ အတန်းကြီးတွေ ပြဿနာသွားရှင်းလိုက်တယ်။ သူတို့ဟာ လက်ယာ ဝါဒီ တွေ။ သူတို့ဆီမှာ သစ်သားကင်ဒိုဓားတွေရှိတော့ ဓားချင်းယှဉ်ခုတ်ပြီး ရှုံးတဲ့သူက နိုင်တဲ့သူကို စိတ်ကျေနပ်အောင် လုပ်ပေးဖို့ ကတိပြုခဲ့ကြတယ်။ သူတို့က ဓားချင်းယှဉ်ခုတ်ရုံပါပဲ။ ငါက ကြေးထည့်ခဲ့တာ။ "ကောင်းပြီ။ အရှုံးအနိုင်အတွက် တစ်ခုခုကြေး သတ်မှတ်ရအောင်။ မင်းတို့ငါ့ကို လုပ်ချင်သလို

mgyoe.com

mgyoe.com SAMPLE BOOK

သာလုပ်။ ဒါပေမဲ့ စားချင်းခုတ်နေချိန်မှာ အနားမှာတစ်ယောက်မှ မရှိကြနဲ့လို့ ငါပြောခဲ့တယ်။ သူတို့ကလည်း ''အိုကေလေ။ ဆော်နှစ်ပွေခေါ်ပေးကြေး လုပ်လိုက်ပေါ့'' လို့ပြောခဲ့တယ်။ ငါနိုင်သွားတော့ ခွေးသားတွေက ဆော်ဝဝ ကြီးသုံးပွေ ခေါ်ခဲ့တယ်။ ငါလည်း သူတို့ သုံးယောက်စလုံးနဲ့ အိပ်ပစ်ခဲ့တယ်''

''ဘယ်လိုနေလဲ''

''နောက်တော့ ဘာတွေဖြစ်ခဲ့လဲ''

''ငါ့အခန်း ငါပြန်လာခဲ့ပြီး ဆားရေတွေအများကြီး သောက်ခဲ့ရတယ်။ တခြားလုပ်စရာမှ မရှိတော့တာ''

''ဟုတ်တာပေါ့''

သူ့ရဲ့ လိင်တံ အရွယ်အစားကို သိအောင်လုပ်ခဲ့ရတာက လွယ်ပါ တယ်။ အဆောင်ရဲ့ ဘုံရေချိုးခန်းကို သူနဲ့အတူ ရေသွားချိုးလိုက်ရုံနဲ့ သိခဲ့ပါ တယ်။ ဒါပေမဲ့ မိန်းမတစ်ရာကျော်နဲ့ အိပ်ပြီးခဲ့ပြီဆိုတာကတော့ ချဲ့ကားထား တာပါ။ ''ခုနစ်ဆယ့်ငါးယောက်လောက်တော့ ရှိပြီထင်တယ်။ ငါ မမှတ်မိ တော့ဘူး။ ဒါပေမဲ့ အနည်းဆုံး အယောက် ခုနစ်ဆယ်လောက် တော့ရှိပါပြီ''လို့ သူ့ကို ကျွန်တော်မေးတော့ သူဖြေခဲ့ပါတယ်။ ကျွန်တော့် ဘဝမှာ မိန်းကလေး တစ်ယောက်နဲ့ပဲ အိပ်ခဲ့ဖူးတယ်ဆိုတော့ သူက ''ဒီကိစ္စ ငါတို့ လွယ်လွယ်လေး လုပ်လို့ရတယ်။ နောက်တစ်ခေါက်ကျရင် ငါနဲ့လိုက်ခဲ့။ ဘာနဲ့မှမတူတဲ့ တစ်ယောက် ငါရှာပေးမယ်'' လို့ပြောခဲ့ပါတယ်။

ကျွန်တော်သူ့ကို မယုံခဲ့ပါဘူး။ ဒါပေမဲ့ သူဟာ လက်တွေ့ဖြစ်အောင် လုပ်ပြခဲ့ပါတယ်။ တကယ့် လွယ်လွယ်လေးပါပဲ။ ဘီယာရဲ့ စိတ်လှုပ်ရှားမှု အရသာနဲ့ အတူလွယ်လွယ်လေးရရှိခဲ့ပါတယ်။ သူနဲ့ ကျွန်တော်ဟာ ရှီဘူရာ ဒါမှမဟုတ် ရှင်ဂျူကူ ရပ်ကွက်က ဘားဆိုင်တွေ (သူအကြိုက်ဆုံးနေရာတွေ) ကိုသွားခဲ့ကြတယ်။ အဲဒီမှာ ကောင်မလေးနှစ်ယောက်တွဲ တွေ့ခဲ့တယ်။ (ကမ္ဘာကြီးပေါ်မှာ မိန်းကလေးနှစ်ယောက်တွဲတွေ အများကြီးပါပဲ) သူတို့နဲ့ သွားစကားပြောပြီး ဘီယာသောက်တယ်။ ပြီးတော့ ဟိုတယ်တစ်ခုမှာ သွားအိပ် ဖြစ်တယ်။ နာကာဆာဝါဟာ စကားပြောကောင်းတဲ့ လူတစ်ယောက်ဖြစ်တယ်။ သူ့မှာ စကားပြောစရာ အကြောင်းအရာကြီးကြီးမားမား ရှိတာမဟုတ်ပေမယ့် မိန်းကလေးတွေဟာ သူစကားပြောတာကိုပဲ နားထောင်ချင်နေကြတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

သူတို့တွေ စကားတွေအများကြီး ပြောပြီးတဲ့နောက်တော့ အဆုံးသတ်မှာ သူနဲ့ အိပ်လိုက်ကြတာချည်းပဲ။ မိန်းကလေးတွေဟာ အရမ်းမိုက်၊ အရမ်းချောပြီး ရုပ်ရည်ချောမောတဲ့ လူတစ်ယောက်နဲ့ အတူရှိနေရတာကို နှစ်သက်ကြတယ်လို့ ကျွန်တော် ထင်ပါတယ်။ ဒါပေမဲ့ ထူးဆန်းတာတစ်ခုက သူနဲ့အတူရှိနေတဲ့ ကျွန်တော်ဟာလည်း သူ့လိုပဲ ဆွဲဆောင်မှုရှိတဲ့ တစ်ယောက်အဖြစ် မိန်းကလေး တွေ လက်ခံကြတာပါပဲ။ နာကာဆာဝါဟာ ကျွန်တော့်ကို စကားပြောဖို့ တိုက်တွန်းလေ့ရှိတယ်။ ကျွန်တော်ပြောရင်လည်း မိန်းကလေးတွေဟာ သူ့အပေါ် တုံ့ပြန်သလို ကျွန်တော့်ကိုလည်း တလေးတစားနဲ့ ပြန်ပြော တတ်ကြတယ်။ သူရဲ့မွေးရာပါ အရည်အချင်းကို ကျွန်တော်အမြဲတမ်းအထင်ကြီးမိတယ်။ နာကာဆာဝါနဲ့ ယှဉ်မယ်ဆိုရင် ကီဇူကီရဲ့ စကားပြောကောင်းတဲ့ အရည်အချင်း ဟာ ကလေးအဆင့်လောက်ပဲရှိသွားပါတယ်။ သူတို့နှစ်ယောက်ကြားမှာ ကွာဟမှုက ကြီးမားလွန်းလှပါတယ်။ ကျွန်တော်ဟာ နာကာဆာဝါရဲ့ ပါဝါ အောက်မှာ ဖမ်းစားခံနေရပြီဆိုတာ သိပေမယ့်လည်းကျွန်တော် နာကာဆာဝါကို လွမ်းနေဆဲပါပဲ။ ကီဇူကီရဲ့ ရိုးသားမှုကို ကျွန်တော်လေးစားမိသလို ခံစား ရတယ်။ သူ့မှာ ဘယ်လိုအရည်အချင်း တွေပဲရှိရှိ သူဟာနာအိုကိုနဲ့ ကျွန်တော့်ကို နှစ်ယောက်တည်း စကားပြောခွင့်ပြုခဲ့ပါတယ်။ နာကာဆာဝါကတော့ သူ့ အရည်အချင်းတွေနဲ့ မိန်းကလေးတွေနဲ့ သေလောက်အောင် အိပ်ချင်နေတာ မဟုတ်ပေမယ့် အဲဒါဟာ သူ့အတွက် ဂိမ်းတစ်ခုလိုပဲဆိုတာ ကျွန်တော် တွေ့ရှိခဲ့တယ်။

ကျွန်တော်ဟာ မိန်းကလေးတွေနဲ့ အိပ်ချင်စိတ်နဲ့ ရူးသွပ်နေမနေဆိုတာ ကျွန်တော်မသိဘူး။ ကျွန်တော်ဟာ ကျွန်တော်ရဲ့ လိင်စိတ်ကို ထိန်းချုပ်နိုင် ပါတယ်။ လက်နဲ့ထိတွေ့ပြီး နေရာအနှံ့လိုက်ပွတ်သပ်ရတာကို ကျွန်တော် နှစ်သက် ပါတယ်။ ဒါပေမဲ့အဲဒီလိုလုပ်ခဲ့တာကို နောက်နေ့မနက်ကျရင် ကျွန်တော်မုန်းနေတတ်တယ်။ ကျွန်တော် အိပ်ရာကနေ နိုးလာတဲ့အခါ ကျွန်တော့်ဘေးနားမှာ သူစိမ်းမိန်းကလေးတစ်ယောက် အိပ်နေတာတွေ့ရမယ်။ အခန်းတစ်ခန်းလုံးလည်း အရက်နံ့တထောင်းထောင်းထနေမယ်။ အိပ်ရာခင်း၊ မီးရောင်နဲ့ ခန်းစီးစတွေဟာ အချစ်ဟိုတယ်ရဲ့ လက္ခဏာတွေ အပြည့်ပဲ။ ကျွန်တော့် ခေါင်းတစ်ခုလုံးလည်း အရက်နာကျပြီး ကိုက်ခဲနေတတ်တယ်။ နောက်တော့ ကောင်မလေးအိပ်ရာနိုးလာပြီး သူ့ရဲ့ အတွင်းခံအဝတ်အစားကို

mgyoe.com

mgyoe.com SAMPLE BOOK

လိုက်စမ်းမယ်။ သူ့ရဲ့ ခြေအိတ်ရှည်ကို ဝတ်ဆင်နေချိန်မှာ သူက "ရှင်ဟာ ကျွန်မကို တစ်ညအသုံးပြုခဲ့တာပဲ။ ရှင်နဲ့နေရတဲ့ ညဟာ ဒီလထဲ ကျွန်မအတွက် အဆိုးဝါးဆုံးညပဲ" လို့ပြောမယ်။ နောက်တော့ သူဟာ မှန်ရှေ့မှာ ထိုင်ပြီးတော့ ကိုက်ခဲနေတဲ့ သူ့ခေါင်းကိုယမ်းမယ်။ ပြီးရင်နှုတ်ခမ်းနီဆိုး၊ မျက်တောင်တု တပ်ပြီး အဆီအငေါ်မတည့်စွာ မိတ်ကပ်လိမ်းမယ်။ ကျွန်တော်က သူတို့နဲ့ တစ်ညလုံး နေရတာကို မကြိုက်ပါဘူး။ မိန်းကလေးတွေကို ဖျားယောင်း သိမ်းသွင်းနေချိန်မှာ ညသန်းခေါင်ကျော် အဆောင်ပြန်မဝင်ရ စည်းကမ်းကို မကြောက်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ညထွက်ခွင့်လုပ်ထား တာကိုး။ အဲဒါကြောင့်လည်း ကျွန်တော်ဟာ မနက်မိုးလင်းတဲ့အထိ ဟိုတယ်မှာ နေရတာပေါ့။ မနက်ဘက် အဆောင်ပြန်ချိန်မှာ ကျွန်တော်ခြေထောက် ဒယီး ဒယိုင်ဖြစ်နေတယ်။ နေရောင်ခြည်ကလည်း ကျွန်တော့် မျက်စေ့တွေကို ဓားနဲ့ ထိုးနေသလိုပဲ။ ကျွန်တော့်ခေါင်းကလည်း တခြားလူတစ်ယောက်ရဲ့ ခေါင်းလိုပဲ။

ဒီလိုနည်းနဲ့ ကျွန်တော် မိန်းကလေးသုံးလေးယောက်လောက်နဲ့ အိပ်ပြီးတဲ့အချိန်မှာ နာကာဆာဝါကို မေးမိတယ်။ "ခင်ဗျား အကြိမ်ခုနစ်ဆယ် လောက် အိပ်ပြီးတဲ့အချိန်မှာ ခင်ဗျားရဲ့ လုပ်ရပ်ဟာ ဦးတည်ချက်မဲ့တယ်လို့ မခံစားမိဘူးလား"

"အဲဒီမေးခွန်းက မင်းကိုရိုးသားတဲ့ လူတစ်ယောက်ဆိုတာ သက်သေ ပြတယ်။ ကွန်ဂရက်ကျူလေးရှင်းပါ။ သူစိမ်း မိန်းကလေးတွေနဲ့ တစ်ယောက်ပြီး တစ်ယောက်အိပ်တာဟာ ဘာမှ အကျိုးမရှိပါဘူး။ မင်းကိုငြီးငွေ့စေပြီး ကိုယ့်ကိုကိုယ် စိတ်ပျက်မိစေလိမ့်မယ်။ ငါလည်း အဲဒီလိုဖြစ်ပါတယ်" လို့ သူက ပြန်ပြောတယ်။

"အဲဒါဆို ခင်ဗျားဘာဖြစ်လို့ သူတို့နဲ့ အိပ်နေရတာလဲ"

"ပြောရခက်တယ်ကွ။ ဒေါစတိုယက်စကီး လောင်းကစား အကြောင်း ရေးထားတာ မင်းသိတယ်မဟုတ်လား။ အဲဒီလိုပဲပေါ့။ မင်းနံဘေးမှာ အဆုံး မရှိနိုင်တဲ့ ဖြစ်နိုင်ချေတွေ အမြောက်အများ ဝိုင်းရံနေချိန်မှာ မင်းဟာ အဲဒီ အရာတွေကို မဖြတ်ကျော်ချင်တော့ဘူး။ ငါ ပြောတဲ့ အဓိပ္ပါယ်ကို နားလည်လား"

"နားလည်သလိုလိုပဲ"

"ကြည့်စမ်းနေဝင်တော့မယ်။ မိန်းကလေးတွေ ထွက်လာပြီး ဟိုဟို သည်သည်လျှောက်သွားပြီး တစ်ခုခုကိုရှာတော့မယ်။ သူတို့လိုချင်တဲ့ တစ်ခုခုကို

mgyoe.com

mgyoe.com SAMPLE BOOK

ငါပေးနိုင်တယ်။ ကမ္ဘာပေါ်မှာ အလွယ်ကူဆုံးအရာပဲပေါ့။ ပုလင်းထဲက ရေကိုသောက်သလိုပဲ။ မင်းမသိခင်တုန်းကတော့ မင်းကို ငါ ရေသွန် တိုက်ရတယ်။ အဲဒါ သူတို့ လိုချင်တာပဲ။ ငါပြောတဲ့ ဖြစ်နိုင်ချေဆိုတာ အဲဒါပဲ။ မင်းဘေးနားမှာ ဝိုင်းရံနေတယ်။ အဲဒါတွေကို မင်း ဘယ်လိုလုပ် ဥပက္ခာပြုမှာလဲ။ အဲဒါတွေကို အသုံးပြုဖို့ မင်းမှာ အရည်အချင်းရော၊ အခွင့်အရေးရောရှိနေတယ်။ မင်း ပါးစပ်ကို ပိတ်ပြီး အဲဒါတွေကို ဖြတ်ကျော်သွားတာကို ကြည့်နေနိုင်လား''

''ကျွန်တော် အဲဒီ အခြေအနေမျိုး တစ်ခါမှ မရဖူးသေးဘူး။ ဘာနဲ့တူလဲဆိုတာကို ကျွန်တော် မခန့်မှန်းနိုင်ဘူး''လို့ ကျွန်တော်ပြုံးပြုံးလေး ပြောလိုက်မိတယ်။

''မင်းရဲ့ အခွင့်အရေးကို မင်း ရေတွက်ကြည့်'' လို့ နာကာဆာဝါက ပြောတယ်။

သူ့မှာ ချမ်းသာတဲ့ အနေအထားရှိပေမယ့်လည်း အဆောင်မှာ နေရခြင်းရဲ့ ရည်ရွယ်ချက်က နာကာဆာဝါအတွက် မိန်းမပွေဖို့ပဲ။ နာကာ... ဘာမှမလုပ်ဘဲနေမှာစိုးလို့ သူ့အဖေက သူ့ကိုတိုကျိုမှာ တစ်ယောက်ထဲနေခွင့်မပြုဘဲ တစ်ချက်လွှတ်အမိန့်နဲ့ သူ့ကိုအဆောင်မှာ နေခိုင်းခဲ့တယ်။ အဆောင်မှာနေရတာလည်း နာကာဆာဝါအတွက် ပြဿနာ လုံးဝမရှိခဲ့ဘူး။ သူ့ကို စိတ်အနှောင့်အယှက်ဖြစ်စေမယ့် အဆောင်စည်းကမ်းတွေကို သူ ခွင့်မပြုဘူး။ သူစိတ်ပါလာတဲ့အခါတိုင်း ညထွက်ခွင့်ရအောင်ယူပြီး ကောင်မလေး အရှာထွက်ရင် ထွက်မယ်။ ဒါမှမဟုတ် သူ့ကောင်မလေးရဲ့ အခန်းမှာ သွားနေမယ်။ ညထွက်ခွင့်တွေဟာ လွယ်လွယ်နဲ့ရနိုင်တာတော့ မဟုတ်ဘူး။ ဒါပေမဲ့ သူ့အတွက်တော့ လွယ်တယ်။ သူတောင်းပေးနေသမျှ ကျွန်တော့် အတွက်လည်း လွယ်လွယ်လေးပါပဲ။

နာကာဆာဝါမှာ အမြဲတမ်းရည်းစား တစ်ယောက်ရှိတယ်။ သူ ပထမနှစ်ကတည်းက တွဲခဲ့တဲ့ ကောင်မလေး တစ်ယောက်ပါ။ ကောင်မလေး နာမည်က ဟတ်ဆုမိတဲ့။ နာကာဆာဝါနဲ့ အသက်အတူတူပဲ။ ကျွန်တော်သူနဲ့ သုံးလေးခါလောက် တွေ့ဖူးတယ်။ ဟတ်ဆုမိဟာ မိန်းမကောင်းလေးတစ်ယောက်ဆိုတာကို ကျွန်တော် သိခဲ့ရတယ်။ ဟတ်ဆုမိဟာ တစ်ခါကြည့်ရုံလောက် နဲ့ဆွဲဆောင်မှုရှိတဲ့ မိန်းကလေးမဟုတ်ဘူး။ သူဟာ သာမန်ရိုးရိုးမိန်းကလေးတစ်ယောက်သာ ဖြစ်တဲ့အတွက် ပထမဆုံးအကြိမ်တွေ့တော့ နာကာဆာဝါသူ့ကို ဘာကြောင့်

mgyoe.com

mgyoe.com

ကြိုက်ခဲ့တာလဲလို့ ကျွန်တော်တွေးမိတယ်။ ဒါပေမဲ့စကားပြောကြည့်ပြီးတဲ့အခါမှာ တော့သူ့ကို ကျွန်တော်သဘောကျမိခဲ့တယ်။ သူဟာ စကားနည်းတယ်။ ဉာဏ်ကောင်းတယ်။ ပျော်ပျော်နေတတ်ပြီး တစ်ဖက်သားအပေါ် ဂရုစိုက်တတ်တယ်။ သူဟာ အမြဲတမ်း အဝတ်အစားသပ်သပ်ရပ်ရပ်ဝတ်တတ်တယ်။ ကျွန်တော် သူ့ကို တော်တော်သဘောကျမိတယ်။ တကယ်လို့သာ ကျွန်တော်ဟာ ဟတ်ဆုမိလို မိန်းကလေးတစ်ယောက်နဲ့ ချစ်သူဖြစ်နေမယ်ဆိုရင် ကျွန်တော်ဟာ အလွယ်ရတဲ့ မိန်းကလေးတွေနဲ့ အိပ်တတ်မှာ မဟုတ်ဘူး။ သူကလည်း ကျွန်တော့်ကို သဘောကျပါတယ်။ အဲဒါကြောင့် သူ့ကျောင်းက ပထမနှစ်ကျောင်းသူတစ်ယောက်ကို အရခေါ်ပြီး နှစ်စုံတွဲချိန်းတွေ့ဖို့ ကြိုးစားဖူးပေမယ့် ကျွန်တော်က ခေါ်မလာဖို့ကို တောင်းပန်ခဲ့ရပါတယ်။ ကျွန်တော်ဟာ အတိတ်က အမှားတွေ ထပ်ဖြစ်လာမှာကို စိုးရိမ်လို့ပါ။ ဟတ်ဆုမိဟာ ဂျပန်နိုင်ငံရဲ့ အကောင်းဆုံး မိန်းကလေးကျောင်းမှာ တက်ရောက်နေတာပါ။ ကျွန်တော့်မှာ ဒိတ်ဒိတ်ကျဲကျဲချမ်းသာတဲ့ မင်းသမီးကလေးတွေနဲ့ စကားပြောဖို့ အခွင့်အရေးဆိုတာ မရှိနိုင်ပါဘူး။

နာကာဆာဝါဟာ မိန်းကလေးတွေနဲ့ အိပ်တတ်တာမို့ ဟတ်ဆုမိ သိပေမယ့် ဘာမှမပြောတတ်ပါဘူး။ ဟတ်ဆုမိဟာ နာကာဆာဝါကို စူးစူးနစ်နစ်ကို ချစ်နေတာ။ ဒါပေမယ့် ဘာတောင်းဆိုမှုမှ မလုပ်တတ်ဘူး။

"ငါဟာ ဟတ်ဆုမိလို မိန်းကလေးနဲ့ မတန်ပါဘူး" လို့ နာကာဆာဝါ ကျွန်တော့်ကို တစ်ခါပြောဖူးတယ်။ သူ့စကားကို ကျွန်တော်ထောက်ခံပါတယ်။

♥ ♥ ♥

ဆောင်းဦးရာသီမှာ ကျွန်တော်ဟာ ရှင်ဂျူကူရပ်ကွက်ထဲက အခွေဆိုင်တစ်ဆိုင်မှာ အချိန်ပိုင်းအလုပ်တစ်ခု ရခဲ့ပါတယ်။ ကျွန်တော် ပိုက်ဆံ သိပ်တော့ မရပါဘူး။ အလုပ်ကလည်း လွယ်လွယ်လေးပါ။ အဲဒီဆိုင်မှာ တစ်ပတ်သုံးည အလုပ်သွားလုပ်ရုံပါပဲ။ ဆိုင်ရှင်တွေက ကျွန်တော့်ကိုအခွေတွေ ဈေးပေါပေါ ဝယ်ခွင့်ပြုပါတယ်။ ခရစ္စမတ်ရောက်တော့ နာအိုကိုကြိုက် တဲ့ Dear Heart သီချင်းပါတဲ့ ဟင်နရီမန်ချီနီရဲ့ အခွေကို ကျွန်တော်ဝယ်ပြီး လက်ဆောင်ပေးခဲ့ပါတယ်။ အဲဒီအခွေကို ကျွန်တော်အနီရောင်စက္ကူတောက်တောက်နဲ့ ထုပ်ပြီးပေးခဲ့ပါတယ်။ သူကလည်း ကျွန်တော့်ကို သူကိုယ်တိုင်ထိုးထားတဲ့

mgyoe.com

mgyoe.com SAMPLE BOOK

သိုးမွေး လက်အိတ်ကလေး လက်ဆောင် ပြန်ပေးခဲ့တယ်။ လက်မနေရာ နည်းနည်းတိုနေတာကလွဲလို့ လက်အိတ်ကလေးဟာ ကျွန်တော့်လက်တွေကို နွေးစေပါတယ်။

“ငါ စိတ်မကောင်းပါဘူးဟာ။ ငါ့ လက်ရာတော်တော်ညံ့သေးတာပဲ” လို့ သူ ရေရွတ်ပါတယ်။

“စိတ်မကောင်းမဖြစ်ပါနဲ့။ ငါနဲ့ တော်ပါတယ်” လို့ လက်အိတ် စွပ်ထားတဲ့ လက်နဲ့ သူ့ကို ပြောခဲ့ပါတယ်။

“အင်းပါ။ အနည်းဆုံးတော့ နင့်လက်တွေ အင်္ကျီအိတ်ကပ်ထဲ ထည့်ထားစရာ မလိုတော့ဘူးပေါ့”

ဆောင်းရာသီ ကျောင်းခဏ ပိတ်ချိန်မှာ နာအိုကို ကိုဘေးကို မပြန်ခဲ့ပါဘူး။ ကျွန်တော်လည်း နှစ်ကုန်တဲ့အထိ အခွေဆိုင်မှာ အလုပ်လုပ်ရင်းတိုကျိုမှာပဲ ဆက်နေဖြစ်ခဲ့တယ်။ ကိုဘေးမှာ ကျွန်တော့်အတွက် ပျော်စရာဆိုလို့ ဘာမှမရှိတော့သလို တွေ့ရမယ့်လူလည်းတစ်ယောက်မှ မရှိတော့တာ။ ကျောင်းပိတ်ရက်တွေမှာ အဆောင်ရဲ့ထမင်းစားခန်းပိတ်ထားလို့ ကျွန်တော် နာအိုကို့အခန်းမှာ သွားစားဖြစ်တယ်။ နှစ်သစ်ကူးညနေမှာ ကျွန်တော်တို့ဟာ သူများတွေလိုပဲ ဆန်ကိတ်နဲ့ စွပ်ပြုတ်လုပ်စားဖြစ်တယ်။

၁၉၆၉ ခုနှစ်၊ ဇန်နဝါရီလနှောင်းပိုင်းနဲ့ ဖေဖော်ဝါရီလတွေမှာ အဖြစ်အပျက်တွေအများကြီး ဖြစ်ခဲ့ပါတယ်။

ဇန်နဝါရီလရဲ့ နောက်ဆုံးရက်မှာ မုန်တိုင်းတပ်သားဟာ အပြင်းဖျားပြီး အိပ်ရာထဲလဲနေတဲ့အတွက် နာအိုကိုနဲ့ ချိန်းထားတာကို သွားမတွေ့နိုင်ခဲ့ပါဘူး။ နာအိုကို သိပ်ကြိုက်တဲ့ ဩခတ်စတြာဝိုင်းအဖွဲ့ရဲ့ လက်မှတ်ရဖို့ ကျွန်တော်အခက်အခဲတွေအများကြီးကြားကနေ ကြိုးစားပမ်းစား ဝယ်ခဲ့ရတာ အချည်းအနှီးဖြစ်သွားခဲ့တယ်။ အဲဒီအဖွဲ့ဟာ နာအိုကိုသိပ်ကြိုက်တဲ့ ဘရာဟင်ရဲ့ စတုတ္ထမြောက် ဆင်ဖိုနီအပါအဝင် သူ့အကြိုက်တွေချည်းပဲ တီးကြမှာမို့လို့ နာအိုကို သိပ်သွားချင်ခဲ့တာ။ ဒါပေမဲ့ မုန်တိုင်းတပ်သားဟာ အိပ်ရာထဲမှာ အဖျားတွေ တက်နေပြီး သေလုမျောပါးဖြစ်နေတဲ့အတွက် ကျွန်တော် သူ့ကို ထားပြီး ထွက်မသွားနိုင်ခဲ့ဘူး။ ပြီးတော့ ကျွန်တော့်အစား သူ့ကို ပြုစုပေးမယ့် တစ်ယောက်ယောက်ကိုလည်း ကျွန်တော် မတွေ့ခဲ့ဘူး။ ကျွန်တော်ရေခဲတွေဝယ်၊ ဗီနိုင်းအိတ်တွေထဲ ထည့်ပြီး သူ့နဖူးမှာ အကြိမ်ကြိမ် ကပ်ပေးခဲ့ရတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

သူ့ ခြေးတွေကိုလည်း ရေစိုသဘက်နဲ့ သုတ်ပေးရပြီး တစ်နာရီတစ်ခါ သူ့ကိုယ် အပူချိန်ကို တိုင်းပေးခဲ့ရတယ်။ ပြီးတော့မှ သူရဲ့ စွပ်ကျယ်အင်္ကျီကိုပါလဲပေး ခဲ့ရတယ်။ တစ်နေကုန်အောင် အပူချိန်မြင့်နေခဲ့တယ်။ ဒါပေမဲ့ နောက်နေ့မနက် ကျတော့ အိပ်ရာထဲက ခုန်ထပြီး မနေ့က ဘာမှ မဖြစ်ခဲ့သလို လေ့ကျင့်ခန်းတွေ လုပ်နေပြန်ရော။ သူ့ကိုယ်အပူချိန် ပုံမှန် ပြန်ဖြစ်သွားတယ်။ သူဟာ လူသာမန် တစ်ယောက်ဖြစ်တယ်ဆိုတာတောင် မယုံနိုင်လောက်စရာပဲ။

''တော်တော် ထူးဆန်းတာပဲ။ ငါ့ဘဝမှာ တစ်ခါမှ မဖျားဖူးဘူး''လို့ မုန့်တိုင်းတပ်သားက ပြောတယ်။ သူကတောင် ကျွန်တော့်ကို အပြစ်တင် နေသလိုပဲ။

ကျွန်တော် ရှုံးတောင်ရှုံးချင်မိတယ်။ ''မင်းတကယ်ဖျားခဲ့တာပါ'' လို့ ပြောရင်း အလကားဖြစ်သွားတဲ့ လက်မှတ်နှစ်စောင် ထုတ်ပြလိုက်တယ်။

''ကောင်းတာပေါ့။ လက်မှတ်တွေခုမှ လွတ်လပ်သွားတယ်'' လို့ သူကပြောတယ်။ ကျွန်တော် သူ့ ရေဒီယိုကို ဆွဲယူပြီး ပြတင်းပေါက်ကနေ လွှင့်ပစ်လိုက်ချင်တယ်။ ဒါပေမဲ့ မလုပ်ဖြစ်ပါဘူး။ ကျွန်တော်ခေါင်းတွေ ကိုက်နေလို့ အိပ်ရာထဲပဲ ဝင်လိုက်တယ်။

ဖေဖော်ဝါရီလမှာ နှင်းတွေအကြိမ်ကြိမ်ကျခဲ့တယ်။

ဖေဖော်ဝါရီ လကုန်ပိုင်းမှာ အတန်းကြီးတစ်ယောက်နဲ့ ကျွန်တော် ကြမ်းပြင်ပေါ်မှာ အသုံးမကျတဲ့ ရန်ပွဲတစ်ပွဲဖြစ်ခဲ့ပြီး အဲဒီကောင်ကို ကျွန်တော် လက်သီးနဲ့ ထိုးခဲ့တယ်။ အဲဒီကောင်ဟာ သူ့ခေါင်းကို ကွန်ကရစ်နံရံနဲ့ ဆောင့်ခဲ့ ပေမယ့် ဒဏ်ရာ မရခဲ့ပါဘူး။ နာကာဆာဝါပဲ ကျွန်တော့်ပြဿနာတွေကို ဖြေရှင်း ပေးခဲ့တယ်။ ဒါပေမဲ့လည်း အဆောင်မှူးက ကျွန်တော့်ကို ရုံးခန်းခေါ်ပြီး သတိပေးခဲ့ပါတယ်။ အဲဒါတွေပြီးတဲ့နောက် အဆောင်မှာနေရတာ ကျွန်တော် သိပ်မပျော်တော့ပါဘူး။

စာသင်နှစ်ဟာ မတ်လမှာ ပြီးဆုံးသွားခဲ့တယ်။ ဒါပေမဲ့ ကျွန်တော် ကာလတို အတန်းလေးတွေ ဆက်တက်ခဲ့ရတယ်။ ကျွန်တော့်အဆင့်ဟာ သာမန်လောက်ပါပဲ။ အများစုက စီအဆင့်တွေနဲ့ ဒီတွေ၊ ဘာသာရပ်နည်းနည်း သာ ဘီအဆင့်တွေ ရခဲ့တယ်။ နာအိုကိုတော့ ဘာသာစုံခရက်ဒစ် ထွက်ခဲ့တော့ အတန်းအတွက် ပညာသင်ထောက်ပံ့ကြေး အပြည့်အဝ ရခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ စာသင်နှစ် တစ်နှစ်ဟာ ကုန်ဆုံးသွားခဲ့ပါတယ်။

♥ ♥ ♥

mgyoe.com

mgyoe.com SAMPLE BOOK

ဧပြီ လဝက်လောက်မှာ နာအိုကို အသက်နှစ်ဆယ် ပြည့်တယ်။ သူဟာ ကျွန်တော့်ထက် အသက်ခုနစ်လ ပိုကြီးတယ်။ ကျွန်တော့်မွေးနေ့က နိုဝင်ဘာကျမှ။ အသက်နှစ်ဆယ်ပြည့်တာဟာ အဓိပ္ပါယ်တစ်မျိုးပဲလို့ ကျွန်တော် ခံစားမိတယ်။ နာအိုကိုရော ကျွန်တော်ပါ ဆယ့်ရှစ်နှစ်နဲ့ ဆယ့်ကိုးနှစ်ဘဝကို လည်ပြန်စောင်းငဲ့ကြည့်မိတယ်။ ဆယ့်ရှစ်နှစ်ပြည့်ပြီးရင် ဆယ့်ကိုးနှစ် ပြည့်ရမှာပေါ့။ ဒါပေမဲ့ နှစ်ဆယ်ပြည့်တာတော့ တစ်မျိုးပဲ။ ဆောင်းရာသီကျရင် ကျွန်တော်လည်း နှစ်ဆယ်ပြည့်ရမှာပါ။ သေသွားမှသာ အမြဲတမ်း ဆယ့်ခုနစ်နှစ် ဖြစ်နေမှာ မဟုတ်ဘူးလား။

သူ့ မွေးနေ့မှာ မိုးတွေရွာတယ်။ စာသင်ချိန်တွေပြီးသွားတော့ အနားက ကိတ်မုန့်ဆိုင်မှာ ကိတ်မုန့်ဝင်ဝယ်ပြီး ဘတ်စ်ကားနဲ့ သူ့အခန်းကို သွားခဲ့ပါတယ်။ ကျွန်တော်တို့နှစ်ယောက် အထိမ်းအမှတ်ကလေး လုပ်သင့်တယ်လို့ သူ့ကို ပြောခဲ့ပါတယ်။ ကျွန်တော်က ကျွန်တော်တို့ နှစ်ယောက်ရဲ့ ဆက်ဆံရေး တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားစေချင်ခဲ့တယ်။ အသက်နှစ်ဆယ်ပြည့် မွေးနေ့ပွဲကို တစ်ယောက်ထဲ ကျော်ဖြတ်ဖို့ဆိုတာ မလွယ်ပါဘူး။ ကားဟာ လူကျပ်နေခဲ့ပြီး ခပ်ကြမ်းကြမ်း မောင်းတဲ့အတွက် နာအိုကို့ အခန်းရောက်တော့ ကိတ်မုန့်ဟာ ပုံပျက်နေပြီး ရောမကော်လိုစီယမ် ပွဲကြည့်စင်နဲ့ပဲ တူနေတော့တယ်။ ကျွန်တော် ကိတ်မုန့်နဲ့အတူ ဖယောင်းတိုင် အတိုင်နှစ်ဆယ်လည်း ဝယ်ခဲ့တယ်။ လိုက်ကာတွေချ၊ မီးပိတ် ဖယောင်းတိုင်တွေ ထွန်းလိုက်ပြီး ကျွန်တော်တို့ နှစ်ယောက် မွေးနေ့ပါတီ ဆင်နွှဲခဲ့တယ်။ နာအိုကိုက ဝိုင်တစ်လုံးဖောက်တယ်။ ကျွန်တော်တို့ အတူသောက်၊ ကိတ်မုန့်စားပြီး ရိုးရိုးညစာလေးကို စားခဲ့ကြတယ်။

''အသက်နှစ်ဆယ်ပြည့်တာ အသုံးမကျမှုပဲလားမသိဘူး။ ငါ အသက်နှစ်ဆယ်ပြည့်ဖို့ အဆင်သင့်မဖြစ်သေးဘူး။ ကြောင်တောင်တောင် နိုင်သလိုလို ဘာလိုလိုနဲ့။ ငါ့ကိုနောက်က တစ်ယောက်တွန်းပြီး ပို့လိုက်သလိုပဲ'' လို့ သူကပြောတယ်။

''ငါတော့ အဆင်သင့်ပြင်ဖို့ ခုနစ်လ ကျန်သေးတယ်'' လို့ ရယ်ရယ် မောမောနဲ့ ကျွန်တော်ပြောလိုက်တယ်။

''နင်က ဆယ့်ကိုးနှစ်ပဲ ရှိသေးတော့ ကံကောင်းတယ်'' လို့ နာအိုကိုက မနာလိုတဲ့ပုံနဲ့ ပြောတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်တို့ စားသောက်နေတုန်း မုန့်တိုင်းတပ်သားရဲ့ ဆွယ်တာအသစ်အကြောင်းကို ပြောပြဖြစ်ခဲ့တယ်။ မုန့်တိုင်း တပ်သားမှာ အဲဒီ ဆွယ်တာမဝယ်ခင် အချိန်အထိ အထက်တန်းကျောင်းမှာ ဝတ်ရတဲ့ ရေတပ်ဆွယ်တာအပြာပဲ ရှိခဲ့လေတော့ ဆွယ်တာ နှစ်ထည်ရှိသွားတာဟာ သူ့အတွက်ကြီးမားတဲ့အလှည့်အပြောင်းပါပဲ။ ဆွယ်တာကလေးက သမင်ပုံလေးထိုးထားပြီး အနီနဲ့အနက်ပါလို့ ချစ်စရာလေးပါ။ ဒါပေမဲ့သူဝတ်လိုက်တဲ့အခါမှာတော့ အားလုံးအတွက် ရယ်မောစရာဖြစ်ရပါတယ်။ ဘာကြောင့် ရယ်ကြသလဲဆိုတာ သူကတော့ မသိရှာဘူး။

"ဘာ ... ဘာရယ်စရာရှိလို့လဲ ဝါတာနာဘီ" ထမင်းစားခန်းမှာ ကျွန်တော့် နံဘေးလာထိုင်ပြီး ကျွန်တော့်ကို မေးပါတယ်။ "ငါ့ နဖူးပေါ်မှာ တစ်ခုခုများ ရေးထားလို့လား"

"ရယ်စရာ ဘာမှ မရှိပါဘူး။ ဆွယ်တာကလေးက လှပါတယ်" လို့ ကျွန်တော် မျက်နှာတည်တည်နဲ့ ပြောလိုက်ပါတယ်။

"ကျေးဇူးတင်ပါတယ်"လို့ သူပြန်ပြောခဲ့တယ်။

နာအိုကို့ကို အဲဒီအကြောင်းပြောပြတော့ သူရယ်ပါတယ်။ "ငါ သူ့ကို တစ်ခါလောက် တွေ့လို့ရမလား"လို့ သူက ပြောတယ်။

"တွေ့ရမှာပေါ့။ နင်သူ့မျက်နှာ မြင်တာနဲ့တင် ရယ်မိလိမ့်မယ်"လို့ ကျွန်တော် ပြန်ပြောခဲ့တယ်။

"နင်က အဲဒီလိုထင်လို့လား"

"ငါလောင်းတောင် လောင်းရဲတယ်။ ငါသူ့ကို နေ့တိုင်း တွေ့နေတာတောင် တစ်ခါတစ်လေကျရင် မရယ်ဘဲကို မနေနိုင်ဘူး"

ကျွန်တော်တို့ စားပွဲကိုရှင်းလိုက်ကြပြီး ကြမ်းပြင်ပေါ်မှာ ထိုင်လိုက်ကြတယ်။ ဂီတသံကို နားထောင်ရင်း လက်ကျန် ဝိုင်ကို ဆက်သောက် ကြတယ်။ သူနှစ်ခွက်ကုန်မှ ကျွန်တော်တစ်ခွက်ကုန်တယ်။

နာအိုကိုဟာ ထူးထူးခြားခြား ဒီညမှာ စကားတွေ အများကြီး ပြောတယ်။ သူ့ရဲ့ ကလေးဘဝအကြောင်း၊ ကျောင်း အကြောင်း၊ သူ့မိဘတွေအကြောင်း ကျွန်တော့်ကို ပြောပြတယ်။ အကြောင်းအရာ တစ်ခုပြောတိုင်း အချိန်အတော်ကြာတယ်။ တစ်ခုပြီးသွားတိုင်းလည်း နာကျင်မှု အသေးစားလေးတွေနဲ့ ကျန်ခဲ့ရတယ်။ သူ့ရဲ့ မှတ်ဉာဏ်တွေကို ကျွန်တော် အံ့သြမိတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

အာရုံတက်ချိန်အထိ သူပြောနေတဲ့ အကြောင်းအရာတွေကို သူပြောနေတဲ့ ပုံစံနဲ့ နားထောင်ရတာဟာ တစ်ခုခုတော့ လွဲမှားနေသလိုပဲ။ ထူးလည်း ထူးခြားတယ်။

အကြောင်းအရာတစ်ခုတိုင်းရဲ့ အတွင်းပိုင်းမှာ သူ့ယုတ္တိဗေဒနဲ့ သူ ရှိနေတယ်။ ဒါပေမဲ့ အချိတ်အဆက်တွေကတော့ ကြောင်တောင်တောင်ပဲ။ အကြောင်းအရာ ကကြီးထဲကဟာက၊ ခခွေးထဲမှာပါတယ်။ ခခွေးထဲဟာက လည်း ကထဲမှာပါပြီးတဲ့အရာတွေ။ အဲဒီလိုပဲ အကြောင်းအရာ ဂငယ်ရောက် တော့လည်း ခခွေးထဲကဟာတွေပါနေပြီး သူကတော့ အသက်မရှူဘဲ ပြောနေ တယ်။ ပထမတော့ သူ့ကို တစ်ခုခုပြန်ပြောဦးမလို့ပဲ။ ဒါပေမဲ့ ကျွန်တော် ဘာမှ ပြန်မပြောဖြစ်ဘဲ အခွေတွေတစ်ခွေပြီး တစ်ခွေထည့် နားထောင်နေ မိတယ်။ နောက်ဆုံးအခွေပြီးသွားတော့ ပထမဆုံးအခွေကို ပြန်ထည့်ရတယ်။ သူ့ဆီမှာက ခြောက်ခွေပဲ ရှိတယ်။ ပထမဆုံးက Sit.Pepper ရဲ့ Lonely Hearts-club Band နဲ့စပြီးအဆုံးသတ်က Bill Eran &JU Waltz for Debbie ဖြစ်တယ်။ မိုးဟာ ပြတင်းပေါက်ကို ကျော်ပြီး ဝင်လာတယ်။ အချိန်ဟာ ရွေ့လျားနှေးကွေးတယ်။ နာအိုကိုကတော့ တစ်ယောက်ထဲပဲ ပြောနေတယ်။

ဘာမှားနေလဲဆိုတာကို ကျွန်တော်စဉ်းစားမိတယ်။ နာအိုကိုဟာ သေချာတိကျတာတွေကို မထိတွေ့ပဲ ပြောနေတယ်။ သူပြောတဲ့ အကြောင်းအရာ တွေထဲက တစ်ခုက ကီဇူကီအကြောင်းပါ။ ဒါပေမဲ့ သူကီဇူကီအကြောင်း တော်တော်များများ ပြောတယ်။ ဒါပေမဲ့ တချို့အကြောင်းအရာတွေ သူ မပြောချင်လို့ ရှောင်နေမှန်း သိသာတယ်။ အသေးအဖွဲ၊ အရေးမကြီးတဲ့ ကိစ္စ လေးတွေကိုသာ သူအသေးစိတ် ထပ်ပြန်တလဲလဲ ပြောနေလေရဲ့။ သူအရင်က ဒီလို စိတ်အား ထက်ထက်သန်သန် ပြောတာကို ကျွန်တော်တစ်ခါမှ မမြင်ဖူးဘူး။ အဲဒါကြောင့် ကျွန်တော် သူ့ကို မနှောင့်ယှက်ဘဲ လွှတ်ပေးထားလိုက်တယ်။

ဆယ့်တစ်နာရီထိုးတော့ ကျွန်တော်စိတ်ရှုပ်ထွေးလာတယ်။ သူဟာ လေးနာရီလောက် မနားတမ်း စကားတွေ ပြောနေတာကိုး။ ကျွန်တော် နောက်ဆုံး ရထားမမီမှာနဲ့ ညသန်းခေါင် အဆောင်မဝင်ရ စည်းကမ်းကို စိတ်ပူစ ပြုလာ တယ်။ စကားစ ဖြတ်ဖို့ အခွင့်အရေးရတာနဲ့ ကျွန်တော်ပြောလိုက်တယ်။

"အဆောင်ပြန်ဖို့ အချိန်ရောက်ပြီ။ နောက်ဆုံးရထားလာတော့မယ်"လို့ နာရီကို ကြည့်ပြီး ကျွန်တော် ပြောလိုက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော့်စကားက သူ့ဆီကို တိုးမပေါက်ဘူးထင်တယ်။ ဒါမှမဟုတ် ကျွန်တော့် စကားကို သူကြားသွားခဲ့ရင်လည်း စကားရဲ့ အဓိပ္ပါယ်ကို သူ နားလည်နိုင်မှာ မဟုတ်ဘူး။ သူတံတွေး တစ်စက္ကန့်လောက်ထွေးပြီး သူ့ ပါးစပ်ကို ပိတ်ထားလိုက်တယ်။ ပြီးတော့ စကားဆက်ပြောပြန်တယ်။ ကျွန်တော် လက်လျှော့လိုက်ရတယ်။ သက်တောင့်သက်သာ ဖြစ်အောင်ပဲ ပုံစံ ပြောင်းထိုင် လိုက်ရတယ်။ ဒုတိယမြောက်ပုလင်းထဲက လက်ကျန်ဝိုင်တွေကို ဆက်သောက် နေမိတယ်။ သူ့ကို စိတ်ကြိုက်ပြော ခွင့်ပြုလိုက်တာ ပိုကောင်းမယ်လို့ ကျွန်တော် ယူဆမိတယ်။ အဆောင်စည်းကမ်းနဲ့ နောက်ဆုံးရထားဟာ သူ့တို့ အစီအစဉ် အတိုင်း ဖြစ်သွားပါပြီ။

သူနောက်ထပ်အကြာကြီး စကားထပ်မပြောနိုင်တော့ပါဘူး။ အဲဒီလို ကျွန်တော် မသိခင်မှာ သူစကားပြော ရပ်သွားခဲ့ပါပြီ။ သူ နောက်ဆုံးပြောတဲ့ ဗလုံးဗထွေး စကားလုံးတွေဟာ လေထဲရောက်သွားပြီး တစ်နေရာစီ လွင့်ပျယ် သွားပါတယ်။ သူ ပြောနေတဲ့ စကားတွေ မပြီးဆုံးသေးပါဘူး။ သူ့ စကားလုံး တွေဟာ အငွေ့ပျံသွားတာပါ။ သူစကားတွေ ထပ်ပြောဖို့ ကြိုးစားပေမယ့် ဘာစကားလုံးမှ ထွက်မလာပါဘူး။ အခုတော့ ပြီးဆုံးသွားပါပြီ။ သူ့စကားကို ရပ်တန့်ဖို့ ကြိုးစားတာဟာ ကျွန်တော်ပဲ ဖြစ်ပါလိမ့်မယ်။ နောက်ဆုံးတော့ ကျွန်တော့် စကားတွေ သူ့ကိုတိုးပေါက်သွားပြီး နားလည်စပြုသွားတယ်ထင်ပါရဲ့ သူ့ရဲ့ အချိန်အကြာကြီး စကားတွေပြောနေနိုင်တဲ့ စွမ်းအင်ကို ကျွန်တော် ဖျက်ဆီးပစ်လိုက်နိုင်ပါပြီ။ သူဟာ နှုတ်ခမ်းကို ခပ်ဟဟလေး ထားပြီး ကျွန်တော့် ကို စူးစမ်းတဲ့ မျက်လုံးတွေနဲ့ ကြည့်နေပါတယ်။ သူဟာ တစ်စုံတစ်ယောက်က ပလပ်ကြိုး ဆွဲဖြုတ်လိုက်မှ သီချင်းသံရပ်သွားတဲ့ စက်တစ်စက်နဲ့ တူပါတယ်။ သူ့ရဲ့ မျက်လုံးတွေဟာ တိမ်တွေလို ဖြစ်ထွန်းနေတယ်။ အဲဒီအပေါ်မှာ ထွင်းဖောက်မြင်နိုင်တဲ့ အလွှာပါးကလေးတစ်ခုနဲ့ ဖုံးအုပ်ခံထားရသလိုပဲ။

"နှောင့်ယှက်မိတဲ့အတွက် ဆောရီးပါပဲ။ ညဥ့်နက်နေပြီ။ ပြီးတော့ ....."လို့ ကျွန်တော် ပြောလိုက်တယ်။

သူ့ မျက်ဝန်းတစ်ဖက်စီက မျက်ရည်စက်ကြီး တစ်ပေါက် သူ့ ပါးပြင် ပေါ် စီးကျလာတယ်။ နောက်တော့ ဂျက်ကတ် အင်္ကျီပေါ်ကျသွားတယ်။ ပထမဆုံး မျက်ရည်ကျသွားပြီး နောက်မျက်ရည်တွေ စမ်းချောင်းလို စီးကျလာတယ်။ နာအိုကိုဟာ ရှေ့ကိုကိုင်းညွတ်လိုက်ပြီး ဖျာကို ဆွဲဆိတ်နေပြန်တယ်။ သူဟာ

mgyoe.com

mgyoe.com SAMPLE BOOK

ခန္ဓာကိုယ်ထဲ ရှိသမျှအားလုံးကို အန်ထုတ်နေတဲ့ လူတစ်ယောက်လို ငိုနေပြန်တယ်။ ကျွန်တော့် ဘဝတစ်လျှောက်လုံး ဒီလိုလူတစ်ယောက် သည်းသည်းထန်ထန် ငိုနေတာကို တစ်ခါမှမတွေ့ဖူးဘူး။ သူ့ရဲ့ တုန်ခါနေတဲ့ ပုခုံးပေါ် ကျွန်တော် လက်တစ်ဖက် ရောက်သွားတယ်။ နောက်တော့ အလိုအလျောက်ပဲ ကျွန်တော့် လက်နှစ်ဖက်နဲ့ သူ့ကို ဖက်ထားလိုက်မိတယ်။ ကျွန်တော့်ကို မှီနေတဲ့ သူ့ခန္ဓာကိုယ်တစ်ခုလုံးဟာ တုန်ယင်နေတယ်။ သူဟာ အသံမထွက်ဘဲ ဆက်ငို နေတယ်။ သူ့ရဲ့ မျက်ရည်တွေရယ်၊ သူ့ရဲ့ သက်ပြင်းပူပူတွေရယ်ကြောင့် ကျွန်တော် အင်္ကျီစိုစွတ်လာတယ်။ နောက်တော့ ရွဲနစ်လာတယ်။ နောက်မကြာခင်မှာ သူ့ရဲ့လက်ချောင်းတွေဟာ ကျွန်တော့်ပုခုံးမှာ ရွေ့လျားလာတယ်။ သူ တစ်ခုခုကို ရှာဖွေနေသလိုပဲ။ ကျောကုန်းထဲမှာ နဂိုထဲက ရှိနေတဲ့အရေးကြီးတဲ့ အရာတစ်ခုခုကို ရှာနေသလိုမျိုးပေါ့။ သူ့ရဲ့ ကိုယ်အလေးချိန်ကို ကျွန်တော် ဘယ်လက်မောင်းနဲ့ ထိန်းထားလိုက်တယ်။ ကျန်တဲ့ ညာဘက်လက်က သူ့ရဲ့ ဆံပင်တွေကို ထိုးဖွနေမိတယ်။ ဒီလိုအနေအထားမျိုးမှာ နာအိုကို အငိုရပ်တဲ့အထိ ကျွန်တော်စောင့်နေမိတယ်။ ကျွန်တော်ထပ်စောင့်နေရတယ်။ ဒါပေမဲ့ နာအိုကိုဟာ ဘယ်တော့မှ အငိုမရပ်တော့ဘူး။

♥ ♥ ♥

အဲဒီညက ကျွန်တော်နာအိုကိုနဲ့ အတူ အိပ်ဖြစ်ခဲ့တယ်။ အဲဒီလိုလုပ်တာမှန်ရဲ့လားတော့ မသိဘူး။ ကျွန်တော် မပြောနိုင်ဘူး။ အခုလို နှစ်နှစ်ဆယ်ကြာခဲ့ပြီဖြစ်တဲ့ အချိန်မှာတောင် မှန်၊ မမှန်ဆိုတာ ကျွန်တော်မသိနိုင်သေးဘူး။ ကျွန်တော် ဘယ်တော့မှ သိမှာ မဟုတ်ဘူးလို့ ထင်ပါတယ်။ ဒါပေမဲ့ အဲဒီအချိန်တုန်းကတော့ အဲဒီလိုလုပ်ခဲ့တာဟာ ကျွန်တော်လုပ်နိုင်တာ အကုန်ပဲ။ သူဟာ စိတ်ဖိစီးမှုတွေ၊ စိတ်ရှုပ်ထွေးမှုတွေ အမြင့်ဆုံးအချိန်ကို ရောက်နေခဲ့တယ်။ ပြီးတော့ သူကျွန်တော့်ကို စိတ်ဖြေလျှော့ခိုင်းနေတယ်ဆိုတာ သိသာနေခဲ့တယ်။ ကျွန်တော် မီးကို ပိတ်ခဲ့တယ်။ အညင်သာဆုံး အထိအတွေ့နဲ့ သူ့ကိုထိတွေ့ပြီး သူ့ရဲ့ အဝတ်အစားတွေကို ဖယ်ရှားလိုက်တယ်။ ပြီးတော့ ကျွန်တော့်ရဲ့ အဝတ်အစားတွေပေါ့။ မိုးတွေရွာသွန်းနေတဲ့ အဲဒီဧပြီညဟာ နွေးထွေးနေခဲ့တယ်။ အဝတ်မပါဘဲ တစ်ယောက်ကိုတစ်ယောက် တင်းတင်းဖက်ထားတဲ့ ကျွန်တော်တို့ဟာ အအေးဒဏ်ကို တစိုးတစေ့လေးတောင် မခံစားရဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

အမှောင်ထုထဲ ကျွန်တော်တို့ နှစ်ယောက်ဟာ စကားမပြောဘဲ တစ်ယောက်ကို တစ်ယောက် စူးစမ်းရှာဖွေခဲ့ကြတယ်။ ကျွန်တော့် သူ့ကို နမ်းတယ်။ သူ့ရဲ့ ရင်သားတွေကို ကျွန်တော်လက်နဲ့ ဆုပ်နယ်နေမိတယ်။ ကျွန်တော့်ရဲ့ မာကျောမှု ကိုလည်း သူ ဆုပ်ကိုင် ဖျစ်ညှစ်ခဲ့တယ်။ နွေးထွေး၊ စိုစွတ်နေတဲ့ သူ့ရဲ့ ထိပ်ဝကလေးဟာ ကျွန်တော်ကို တောင်းဆိုနေတယ်။

သူ့ရဲ့ အတွင်းပိုင်းကို ရောက်သွားတော့ နာအိုကိုဟာ နာကျင်မှုနဲ့ တုန်ခါသွားတယ်။ ဒါဟာ သူ့ရဲ့ ပထမဆုံးအကြိမ်ပဲလား။ အခုတော့ စိတ်ရှုပ် ထွေးရတာ ကျွန်တော့် အလှည့်ဖြစ်သွားတယ်။ ကျွန်တော်က သူဟာ ကီဇူကီနဲ့ အရင်က အမြဲတမ်း အတူအိပ်နေခဲ့တယ်လို့ အချိန်တော်တော်ကြာ ထင်နေမိခဲ့ တာကိုး။ ကျွန်တော် နာအိုကို့ကို ဖက်ထားပြီး အကြာကြီး ငြိမ်နေခဲ့မိတယ်။ နောက် သူတည်ငြိမ်စပြုလာမှ ကျွန်တော် ဖြည်းဖြည်းချင်း လှုပ်ခဲ့တယ်။ ညင်သာ၊ ဖြည်းညှင်းတဲ့ ရွေ့လျားမှုတွေကြောင့် ဓာတ်ရှိန်အမြင့်ဆုံးကို ရောက်ဖို့ အချိန် တော်တော်ကြာခဲ့တယ်။ ပြီးတော့သူ ကျွန်တော့်ကို တင်းတင်းကျပ်ကျပ် ပွေ့ဖက် ထားပြီး သက်ပြင်းကလေး တိုးတိုးချခဲ့တယ်။ ပြီးဆုံးမှုနဲ့အတူ ဝမ်းနည်းဆုံး သူ ငိုတာကို ကျွန်တော် ကြားခဲ့တယ်။

အရာရာပြီးဆုံးသွားတော့ ကျွန်တော်နာအိုကို ကို မေးမိတယ်။ ကီဇူကီနဲ့ ဘာဖြစ်လို့ မအိပ်ခဲ့ဖူးတာလဲလို့။ အဲဒါဟာ တကယ့်အမှားကြီး ဖြစ်သွားခဲ့ ပါတယ်။ အဲဒီမေးခွန်းကို ကျွန်တော် မေးပြီးပြီးချင်းချင်း သူ ကျွန်တော့်ဆီကနေ လက်တွေ ရုတ်ပြီး အသံတိတ် ပြန်ငိုပါလေရော။ ကျွန်တော် အံဆွဲထဲက အိပ်ရာခင်းကို ထုတ်ပြီး ဖျာပေါ်ခင်းလိုက်တယ်။ သူ့ကို အိပ်ရာပေါ် သိပ်ပြီးတဲ့ နောက် စောင်ခြုံပေးထားလိုက်တယ်။ ပြတင်းပေါက်ကနေ တစ်ဆင့် ဧပြီလရဲ့ မိုးရေစက်တွေကို ဆေးလိပ်သောက်ရင်း ကျွန်တော် ထိုင်ကြည့်နေမိခဲ့တယ်။

♥ ♥ ♥

မနက်ရောက်တော့ မိုးတိတ်သွားတယ်။ နာအိုကိုဟာ ကျွန်တော့်ကို ကျောခိုင်းပြီး အိပ်နေခဲ့တယ်။ ဒါမှမဟုတ် သူလုံးဝ မအိပ်တာလည်း ဖြစ်နိုင် ပါတယ်။ သူအိပ်နေတာပဲဖြစ်ဖြစ်၊ နိုးနေတာပဲဖြစ်ဖြစ်၊ သူ့နှုတ်ခမ်းမှာ ပြောစရာ စကားတွေ မရှိတော့ဘူး။ သူ့ ခန္ဓာကိုယ်ဟာလည်း မာမာတောင့်တောင့် ဖြစ်လို့နေပြီ။ အေးခဲလု နီးနီးပဲ။ ကျွန်တော် သူ့ကို စကားပြောဖို့ အကြိမ်ပေါင်း

mgyoe.com SAMPLE BOOK

များစွာ ကြုံးပမ်းခဲ့ပေမယ့် သူ ဘာမှ ပြန်မပြောသလို လှုပ်ရှားမှုလည်း မရှိခဲ့ဘူး။ သူ့ရဲ့ ကျောပြင်ကို ကျွန်တော် အချိန်အကြာကြီး စိုက်ကြည့်နေမိခဲ့တယ်။ နောက်ဆုံးတော့ သူ့ဆီက တုန့်ပြန်မှုကို ရဖို့ လက်လျှော့လိုက်ပြီး အိပ်ရာက ထဖို့ ဆုံးဖြတ်ချက် ချမိခဲ့တယ်။

ကြမ်းပြင်ပေါ်မှာ အင်္ကျီတွေ၊ ဖန်ခွက်တွေ၊ ဝိုင်ပုလင်းတွေနဲ့ ကျွန်တော် အသုံးပြုခဲ့တဲ့ ပြာခွက်တို့ဟာ ဖရိုဖရဲ ပြန့်ကျဲနေတယ်။ တစ်ဝက် ကျန်နေသေးတဲ့ ကိတ်မုန့်ဟာလည်း စားပွဲပေါ်မှာ ဒီအတိုင်းပဲ။ အချိန်ကာလတစ်ခုဟာ ဒီနေရာမှာ ရပ်တန့်ခဲ့သလိုပဲ။ ကျွန်တော်ကြမ်းပြင်ပေါ်က ပစ္စည်းတွေ ပြန်သိမ်းလိုက်ပြီး ရေနွေးစ်ခွက် သောက်လိုက်တယ်။ နာအိုကိုရဲ့ စားပွဲပေါ်မှာ အဘိဓာန် တစ်အုပ်နဲ့ ပြင်သစ် ကြိယာဇယား တစ်ခုရှိတယ်။ နံရံအမြင့်ပိုင်းမှာ ပုံ၊ ဓာတ်ပုံဘာမှ မပါဘဲ ဂဏန်းတွေနဲ့ လတွေပဲပါတဲ့ ပြက္ခဒိန်တစ်ခု ချိတ်ဆွဲထားတယ်။ အဲဒီ့ ပြက္ခဒိန်ပေါ်မှာ မှတ်သားထားတာလည်း တစ်ခုမှ မရှိဘူး။

ကြမ်းပြင်ပေါ်က အဝတ်တွေ ကျွန်တော်ကောက်ဝတ်လိုက်တယ်။ ကျွန်တော့် ရှပ်အင်္ကျီဟာ စိုစွတ်အေးစက်နေဆဲပဲ။ နာအိုကိုရဲ့ ရနံ့တွေရှိနေတယ်။ စားပွဲပေါ်မှာ ရှိတဲ့ မှတ်စုစာရွက်မှာ ကျွန်တော် ရေးထားခဲ့လိုက်တယ်။ "နင် တည်ငြိမ်သွားတဲ့အခါ ငါစကားတွေ အကြာကြီးပြောချင်ပါတယ်။ ကျေးဇူး ပြုပြီး ငါ့ဆီကို အမြန်ဆုံး ဖုန်းဆက်ပါ။ ဟက်ပီဘက်ဒေး" ကျွန်တော် နာအိုကိုရဲ့ ကျောပြင်ကို နောက်ဆုံးကြည့်ပြီး အပြင်ထွက်လာခဲ့တယ်။ ပြီးတော့ တံခါးကို တိတ်တိတ်လေးပိတ်ခဲ့တယ်။

♥ ♥ ♥

အချိန်တစ်ပတ်ကုန်ဆုံးသွားတယ်။ ကျွန်တော့်ဆီကို ဘယ်သူမှ ဖုန်းမဆက်ဘူး။ နာအိုကို နေတဲ့ အခန်းရဲ့တိုက်ခန်း စကားလက်ဆင့်ကမ်းပေးတဲ့ စနစ်မရှိဘူး။ တနင်္ဂနွေနေ့မှာတော့ ကျွန်တော်ရထားစီးပြီး ကိုကူဘွန်ဂျီကို သွားခဲ့တယ်။ သူအဲဒီမှာ မရှိတော့ဘူး။ သူ့အခန်းတံခါးမှာ သူ့နာမည် မရှိတော့ဘူး။ ပြတင်းပေါက်တွေနဲ့ မုန်တိုင်းကာ တံခါးတွေပိတ်ထားကြတယ်။ နာအိုကိုဟာ လွန်ခဲ့တဲ့သုံးရက်ကတည်းက ပြောင်းသွားခဲ့ပြီလို့ မန်နေဂျာက ကျွန်တော့်ကို ပြောပါတယ်။ ဘယ်ပြောင်းသွားလဲ မေးတော့လည်း သူမသိဘူးတဲ့။

mgyoe.com

mgyoe.com

ကျွန်တော် အဆောင်ကို ပြန်လာခဲ့တယ်။ ကိုဘေးမှာရှိတဲ့ နာအိုကိုရဲ့ အိမ်လိပ်စာမူပြီး စာအရှည်ကြီး တစ်စောင် ရေးပို့ခဲ့တယ်။ သူဘယ်နေရာရောက်ရောက် အဲဒီစာကို သူတို့ထပ်ပို့ပေးမှာပေါ့။

ကျွန်တော့်ရဲ့ စိတ်ခံစားမှုတွေကို သူ့ဆီ ရိုးရိုးသားသား ရေးပို့ခဲ့တာပါ။ ကျွန်တော် နားမလည်နိုင်တာတွေ အများကြီး ရှိနေသေးတယ်။ ကျွန်တော် နားလည်ဖို့ ကြိုးစားနေပေမယ့် အချိန်တော်တော်ယူရပါဦးမယ်။ အဲ့ဒီအချိန်ဟာ ပြီးဆုံးခဲ့တာ ကြာခဲ့ပြီဆိုပေမယ့် ကျွန်တော်အခုချိန်မှာ တိတိပပ တစ်ခုခု ပြောနိုင်ဖို့ဆိုတာ မဖြစ်နိုင်သေးပါဘူး။ ကတိစကားတွေ၊ တောင်းဆိုမှုတွေလုပ်ဖို့ဆိုတာ ကျွန်တော့်အတွက်မဖြစ်နိုင်ခဲ့သလို စကားလုံးလှလှလေးတွေနဲ့ ချရေးဖို့ဆိုတာလည်း မဖြစ်နိုင်သေးပါဘူး။ သေချာတာ တစ်ခုကတော့ ကျွန်တော်တို့နှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက် နည်းနည်းပဲ သိကြပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အဲဒီအချိန်တုန်းက သူသာ ကျွန်တော့်ကို၊ ကျွန်တော့်ရဲ့ အကောင်းဆုံး စွမ်းဆောင်ပေးနိုင်ခဲ့မှုအတွက် သူကျွန်တော့်ကို တွေ့ခွင့်ပေးခဲ့မယ်ဆိုရင် ကျွန်တော်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ပိုပြီး နားလည်ခဲ့ကြမှာပါ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ သူ့ကို နောက်တစ်ကြိမ် တွေ့ပြီး စကားအကြာကြီး ပြောချင်နေခဲ့ပါတယ်။ ကျွန်တော် ကီဇူကီကို ဆုံးရှုံးခဲ့ရတယ်။ ပြီးတော့ ကျွန်တော်ရဲ့ စိတ်ခံစားချက်တွေကို ပွင့်ပွင့်လင်းလင်း ပြောလို့ရတဲ့ တစ်ယောက်ကိုလည်း ဆုံးရှုံးခဲ့ရတယ်။ နာအိုကိုလည်း ကျွန်တော့်လိုပဲ ဖြစ်လိမ့်မယ်လို့ ကျွန်တော် ခန့်မှန်းမိပါတယ်။ ကျွန်တော်တို့ နှစ်ယောက်ဟာ တစ်ယောက်ကို တစ်ယောက်သိခဲ့တာထက် တစ်ယောက်ကို တစ်ယောက်ပို လိုအပ်ခဲ့ပါတယ်။ အဲဒါကြောင့်ပဲ ကျွန်တော်တို့ရဲ့ ဆက်ဆံရေးဟာ လမ်းကြောင်း သွေဖည်သွားပြီး မှုမမှန်ဖြစ်သွားခဲ့တာလို့ ကျွန်တော်ထင်ပါတယ်။ “ငါအဲဒီလို မလုပ်ခဲ့သင့်ဘူးလို့ ငါထင်ပါတယ်။ ဒါပေမယ့် အဲဒါဟာ ငါလုပ်ပေးနိုင်သမျှ အကုန်လုံးပဲလို့ ငါယုံကြည်နေမိတယ်။ အဲဒီအချိန်တုန်းက နီးစပ်မှုနဲ့နွေးထွေးမှုက နင်နဲ့ပတ်သက်ပြီး ငါခံစားရတာတစ်မျိုးပဲ၊ အဲဒီအတွေ့အကြုံမျိုး ငါတစ်ခါမှ မရဖူးဘူး။ နင့်ရဲ့ဒီစာအပေါ် တုံ့ပြန်မှုကို ငါ လိုအပ်နေပါတယ်။ ဘယ်လို အဖြေမျိုးကိုပဲဖြစ်ဖြစ် ငါရချင်တယ်” လို့ရေးပေးခဲ့ပါတယ်။

သူ့ဆီက တုန့်ပြန်မှုရောက်မလာခဲ့ပါဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော့် ခန္ဓာကိုယ်ထဲမှာရှိတဲ့ တစ်စုံတစ်ခုဟာ ပဲ့ထွက်သွားသလို ပါပဲ။ ဂလိုဏ်လိုဖြစ်သွားတဲ့ အဲဒီနေရာကို ဘယ်အရာကမှ လာပြီး မဖြည့်ပေးပါဘူး။ ကျွန်တော့်ခန္ဓာကိုယ်ဟာ ပုံမှန်မဟုတ်တဲ့ ပေါ့ပါးမှုမျိုးဖြစ်သွားပြီး အဲဒီနေရာမှာ ပဲ့တင်သံတွေ ထွက်နေပါတော့တယ်။ ကျွန်တော်ဟာ အရင်ကထက် ပိုပြီးစာသင်ချိန်တွေကို သစ္စာရှိရှိသွားနေခဲ့ပါတယ်။ လက်ချာတွေဟာ ပျင်းဖို့ကောင်းလှပါတယ်။ အခန်းထဲက ဘယ်သူနဲ့မှလည်း ကျွန်တော် စကားမပြောပါဘူး။ ကျွန်တော့်မှာ လုပ်စရာအထွေအထူး မရှိလေတော့ စာသင်ခန်းရဲ့ ထိပ်ဆုံးအတန်းမှာ ထိုင်၊ လက်ချာတွေနားထောင်တယ်။ ဘယ်သူ့ကိုမှ စကားမပြောပဲ၊ အစာစားရင်လည်း တစ်ယောက်ထဲပဲ သွားစားတယ်။ ကျွန်တော် ဆေးလိပ်ဖြတ်လိုက်တယ်။

မေလ အကုန်မှာ ကျောင်းသား သပိတ်စ ဖြစ်ခဲ့တယ်။ ''တက္ကသိုလ်ကြီးကို တစ်စစီဖြိုပစ်ကြ''လို့ ကျောင်းသားတွေ အော်ကြတယ်။ ရှေ့ဆက်လုပ်ကြပေါ့ကွာလို့ ကျွန်တော်တွေးမိတယ်။ တစ်စစီ ဖြိုပစ်လိုက်ကြ၊ အစိတ်စိတ်အပိုင်းပိုင်းဖြစ်အောင် လုပ်လိုက်ကြ။ အမှုန့်ဖြစ်အောင် ထုချေ လိုက်ကြ၊ မင်းကိုအပြစ်မတင်ပါဘူး။ ကျွန်တော့်အတွက် လတ်ဆတ်တဲ့ လေရှူသွင်းရတာပဲ။ ကျွန်တော်ဟာ အရာရာအတွက် အဆင့်သင့် ဖြစ်နေပါပြီ။ လိုအပ်ရင် မင်းတို့ကို လာကူပေးဦးမယ်။ ရှေ့ဆက်ပြီးသာ လုပ်လိုက်ကြ။

ကျောင်းပိတ်ပြီး စာသင်ချိန်တွေ ရွှေ့ဆိုင်းထားတော့ ကျွန်တော် ထရပ်ကား ကုမ္ပဏီမှာ အလုပ်လုပ်ဖြစ်သွားတယ်။ ထရပ်ကားတွေပေါ် ကုန်တင်တာ၊ ကုန်ချတာတွေကို ကျွန်တော်လုပ်ရပါတယ်။ အရင်အလုပ်ထက် အများကြီးပိုကြမ်းတမ်းတယ်။ ပထမပိုင်းတော့ အလုပ်ဆင်းပြီး နောက်နေ့ မနက်ကျရင် ကျွန်တော်နာကျင်လွန်းနေလို့ အိပ်ရာထဲကနေ မထနိုင်ဘူး။ ဒါပေမဲ့ လည်းဝင်ငွေက ကောင်းတယ်။ ကျွန်တော့် ခန္ဓာကိုယ် ရွေ့လျားနေသမျှ ကာလပတ်လုံး ကျွန်တော့် ခန္ဓာကိုယ်ထဲက ဗလာနယ်ကြီးကို ကျွန်တော် မေ့ထားနိုင်ပါတယ်။ ထရပ်ကားကုမ္ပဏီမှာ ကျွန်တော် တစ်ပတ်ငါးရက် အလုပ်လုပ်ရပါတယ်။ တစ်ပတ်မှာ သုံးညလည်း ကျွန်တော် အခွေဆိုင်မှာ အလုပ် လုပ်သေးပါတယ်။ အလုပ်မရှိတဲ့ ညတွေမှာ ကျွန်တော် ဝီစကီသောက်ပြီး စာအုပ်ဖတ်နေတတ်ပါတယ်။ မုန်တိုင်းတပ်သားဟာ ဝီစကီကို လက်ဖျားနဲ့တောင် မထိတဲ့အပြင် အနံ့တောင် မခံနိုင်ပါဘူး။ အဲဒါကြောင့် ကျွန်တော် အိပ်ရာပေါ်မှာ ခြေကားယား၊ လက်ကားယားလဲပြီး ဝီစကီကို တဂွတ်ဂွတ်မော့သောက်နေတဲ့

mgyoe.com

mgyoe.com

အချိန်တိုင်း အရက်နံ့ကြောင့် သူ စာကျက်လို့ မရဘူးဆိုပြီး ပုလင်းကို အပြင်ယူသွားဖို့ သူက တောင်းဆိုတတ်ပါတယ်။

"မင်းပဲ ထွက်သွား၊ သောက်သုံးမကျတဲ့ကောင်" လို့ ကျွန်တော် သူ့ကို ပြန်အော်ခဲ့တယ်။

"အ...အ...အဆောင်မှာ အရက်သောက်တာ စည်းကမ်းဖောက်ဖျက် တာပဲဆိုတာ မင်းသိတယ် မဟုတ်လား"

"ငါ မင်းကို သောက်ဂရုမစိုက်ဘူး။ မင်းပဲ ထွက်သွား"

သူတောင်းဆိုတာ ရပ်သွားတယ်။ ဒါပေမဲ့ ကျွန်တော်လည်း စိတ်ပျက်သွားတယ်။ ကျွန်တော်ခေါင်မိုးပေါ်တက်ပြီး တစ်ယောက်ထဲ သောက်နေလိုက်တယ်။

ဇွန်လမှာ ကျွန်တော် နာအိုကို့ဆီ စာအရှည်ကြီး တစ်စောင် ထပ်ရေးဖြစ်ပါတယ်။ ကိုဘေးမှာရှိတဲ့ သူ့ရဲ့ အိမ်ကို လိပ်မူပြီးတော့ပေ့ါ။ ပထမတစ်ကြိမ် စာထဲက အကြောင်းအရာတွေကိုပဲ လှလှပပရေးလိုက်တာပါ။ ဒါပေမဲ့ စာအဆုံးမှာတော့ ကျွန်တော်ထပ်ဖြည့်လိုက်တယ်။ "နင့်ဆီက တုန့်ပြန်မှုရဖို့ စောင့်မျှော်နေရတာဟာ ငါကြုံတွေ့ဖူးသမျှ ဒုက္ခတွေထဲမှာ အဆိုးရွားဆုံးပဲ။ အနည်းဆုံးတော့ ငါနင့်ကို နာကျင်အောင်လုပ်မိခဲ့တယ်၊ မလုပ်မိခဲ့ဖူး ဆိုတာကိုတော့ သိချင်ပါတယ်" အဲဒီ စာကို ကျွန်တော် ပိတ်လိုက်ချိန်မှာ ကျွန်တော့် ခန္ဓာကိုယ်ထဲက ဂလိုဏ်ဟာ ပိုကြီးလာတယ်လို့ ကျွန်တော်ခံစားရတယ်။

ဇွန်လထဲမှာပဲ ကျွန်တော် နာကာဆာဝါနဲ့ အတူ မိန်းကလေးတွေနဲ့ နှစ်ကြိမ် အိပ်ဖြစ်ခဲ့ပါတယ်။ နှစ်ကြိမ်စလုံး လွယ်လွယ်ကူကူပါပဲ။ ပထမ မိန်းကလေးကတော့ ဟိုတယ်အိပ်ရာပေါ်မှာ သူ့ကို အဝတ်အစားချွတ်ဖို့ အတော်လေး ရုန်းကန်ခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော် ခုတင်ပေါ်မှာ စာအုပ်ဖတ်နေတဲ့အခါမှာတော့ ကျွန်တော့်ဆီ ရောက်လာပြီး ပွတ်သီးပွတ်သပ် လုပ်ခဲ့ပါတယ်။ ဒုတိယ မိန်းကလေးကတော့ ကျွန်တော့်ကို ကိုယ်ရေးကိုယ်တာ မေးခွန်းတွေ သိပ်မေးတာပဲ။ ကျွန်တော် မိန်းကလေး ဘယ်နှစ်ယောက်နဲ့ အိပ်ပြီးပြီလဲ။ ကျွန်တော် ဘယ်ကလာတာလဲ။ ကျွန်တော် ဘယ်ကျောင်းတက်နေလဲ။ ကျွန်တော် ဘယ်ဂီတ အမျိုးအစားကို ကြိုက်လဲ။ အိုဆာမူဒါဇိုင်းရဲ့ ဝတ္ထုတွေ ဖတ်ဖူးလား။ နိုင်ငံခြားသွားရင် ဘယ်ကိုသွားချင်လဲ။ သူ့ရဲ့ နို့သီးခေါင်းတွေကြီးနေတယ်လို့ ထင်လား။ စတဲ့ မေးခွန်းတွေချည်း မေးနေခဲ့တော့

mgyoe.com SAMPLE BOOK

တာပဲ။ ကျွန်တော် တချို့မေးခွန်းတွေကို ဖြေပြီး အိပ်ပစ်လိုက်တယ်။ နောက်နေ့ မနက်ကျပြန်တော့လည်း သူ ကျွန်တော်နဲ့ မနက်စာ စားချင်ခဲ့ပြန်ရော။ သူဟာ ဘာအရသာမှ မရှိတဲ့ ကြက်ဥပြုတ်၊ ပေါင်မုန့်မီးကင်နဲ့ ကော်ဖီကို သောက်သုံးရင်း မေးခွန်းတွေ တရစပ် မေးလာခဲ့ပြန်တယ်။ ကျွန်တော့်အဖေ ဘာအလုပ်လုပ်လဲ။ ကျွန်တော် အထက်တန်းတုန်းက အဆင့် ဘယ်လောက်ရလဲ။ ကျွန်တော် ဘယ်လမှာ မွေးတာလဲ။ ဖားသား စားဖူးလား။ သူဟာ ကျွန်တော့်ကို တော်တော် ခေါင်းကိုက်စေတယ်။ အဲဒါနဲ့ ကျွန်တော်လည်း မနက်စာ အမြန်စားပြီး အလုပ် သွားရတော့မယ်လို့ ပြောခဲ့တယ်။

''ငါနင့်ကို ထပ်တွေ့လို့ရဦးမလား''လို့ သူက ကျွန်တော့်ကို ဝမ်းနည်းနေတဲ့ ပုံစံနဲ့ မေးတယ်။

''ငါတို့ နောက်ထပ်သိပ်မကြာခင် တစ်နေရာရာမှာ ထပ်တွေ့ကြသေးတာပေါ့'' လို့ ကျွန်တော် ပြောပြီး လမ်းခွဲခဲ့တယ်။ သောက်သုံးမကျတဲ့ ကျွန်တော် ဘာတွေလုပ်နေမိလဲ မသိဘူး။ ကျွန်တော် တစ်ယောက်ထဲရှိတဲ့ အချိန်ကျတော့ ကျွန်တော်ဟာ ကိုယ့်ကိုကိုယ် စိတ်ပျက်နေမိတော့တယ်။ ဒါဟာ ကျွန်တော်လုပ်နိုင်တာ အကုန်ပဲလား။ ကျွန်တော့် ခန္ဓာကိုယ်ဟာ မိန်းမတွေကို ဆာလောင်နေတယ်။ အဲဒီ့ မိန်းကလေးတွေနဲ့ အိပ်နေတဲ့ အချိန်တိုင်းမှာလည်း ကျွန်တော်ဟာ နာအိုကို့အကြောင်း၊ အမှောင်ထဲက အဝတ်အစားမဲ့ နာအိုကိုရဲ့ အဖြူရောင်ပုံသဏ္ဌာန်အကြောင်း၊ သူ့ရဲ့ညဥ်းသံလေးတွေအကြောင်း၊ မိုးရေစက်တွေရဲ့ အသံတွေအကြောင်းတွေကို စဉ်းစားနေမိတော့တာပဲ။ အဲဒီ့ အကြောင်းတွေ စဉ်းစားမိလေ ကျွန်တော့် ခန္ဓာကိုယ်က ပိုမိုဆာလောင်လေပါပဲ။ ကျွန်တော်ဟာ ဝီစကီပုလင်းနဲ့ ခေါင်မိုးပေါ်တက်ပြီး ကျွန်တော့်အတွေးတွေ ဘယ်ကို ဦးတည်နေလဲ ဆိုတာကို ကိုယ့်ဘာသာကိုယ် မေးနေမိတယ်။

ဇူလိုင်လရဲ့ အစပိုင်းတစ်နေ့မှာတော့ နာအိုကို့ဆီက ပြန်စာ ရောက်လာခဲ့တယ်။ စာအတိုလေးပါပဲ။

♥ ♥ ♥

ပြန်စာ ချက်ချင်း မပို့ခဲ့တဲ့အတွက် ငါ့ကို ခွင့်လွှတ်ပါ။ ဒါပေမဲ့ ငါ့ကို နားလည်ဖို့ ကြိုးစားပါ။ ငါ ဒီလို စာရေးနိုင်တဲ့ အခြေအနေကို ရောက်ဖို့ အချိန် တော်တော်ယူခဲ့ရပါတယ်။ ဒီစာကိုရေးတာ အနည်းဆုံး ဆယ်ကြိမ်

mgyoe.com

mgyoe.com SAMPLE BOOK


လောက်တော့ရှိပြီ။ စာရေးတာဟာ ငါ့အတွက် နာကျင်ဖို့ကောင်းတဲ့ ဖြစ်စဉ် တစ်ခုပဲ။

ဒီစာကို ငါရဲ့ သုံးသပ်ချက်နဲ့ပဲ စပါရစေ။ ငါ့ ကျောင်းကနေ တစ်နှစ်နားဖို့ ဆုံးဖြတ်ချက်ချခဲ့တယ်။ ပျက်ကွက်ခွင့်နဲ့ ငါတရားဝင်နားခဲ့တာပါ။ ဒါပေမဲ့ ငါကျောင်းကို ဘယ်တော့မှပြန်သွားတော့မှာ မဟုတ်ဘူးလို့တဲ ထင်တယ်။ နင် တော်တော် အံ့ဩသွားမှာပဲ။ ငါကတော့ ကျောင်းနဲ့ ပတ်သက်လို့ အချိန် အကြာကြီးယူပြီး စဉ်းစားပြီးပါပြီ။ ငါ အဲဒီအကြောင်းတွေကို နင့်ဆီကို လှမ်းပြောဖို့ ကြိုးစားခဲ့ပါသေးတယ်။ ဒါပေမဲ့ ငါပြောဖို့ ငါ့ကိုယ်ငါ မစွမ်းနိုင်ဘူး ဖြစ်နေခဲ့တယ်။ စကားလုံးတွေကို အသံထွက်ရမှာကိုတောင် ငါကြောက်နေ ခဲ့တယ်။

တချို့ကိစ္စတွေကို ပြင်းပြင်းထန်ထန်ကြီး စဉ်းစားမနေပါနဲ့တော့ဟာ။ ဘာပဲဖြစ်ခဲ့၊ ဖြစ်ခဲ့ ဒါမှမဟုတ် ဘာမှမဖြစ်ခဲ့၊ မဖြစ်ခဲ့ နောက်ဆုံးရလဒ်ဟာ အတူတူပဲ မဟုတ်လား။ ဒီလို ပြောရတာဟာ ကောင်းလှတယ်တော့ မဟုတ်ဘူး။ နင့်ကို ထိခိုက် နာကျင်မှုဖြစ်စေခဲ့ရင် ငါ စိတ်မကောင်းပါဘူးဟာ။ အဲ့ဒီ ကိစ္စဟာ ငါ့ဘာသာငါ ဖြေရှင်းရမယ့် ကိစ္စပါဟာ။ အဲဒီလို တွေးနိုင်ဖို့ ငါ အချိန် တစ်နှစ်ကျော်လောက် ဟိုရွှေ့ ဒီရွှေ့လုပ်နေခဲ့တယ်။ နောက်တော့ ငါ ဆုံးဖြတ်ချက် ချလိုက်တာတွေဟာ နင့်အတွက် ခက်ခဲစေခဲ့တယ်။ ဒီကိစ္စကို နောက်ထပ် ထပ်ရွှေ့လို့လည်း မကောင်းတော့ဘူးလေ။

ငါအခန်းကို ပြန်အပ်ပြီးတော့ ကိုဘေးမှာရှိတဲ့ ငါ့မိဘတွေဆီကို ပြန်လာခဲ့တယ်။ ပြီးတော့ ငါဆရာဝန်တစ်ယောက်နဲ့ ပြနေခဲ့ရတယ်။ ကျိုတို မြို့အပြင်ဘက် တောင်ကုန်းတွေမှာရှိတဲ့ နေရာတစ်ခုက ငါ့အတွက် အသင့်တော် ဆုံး နေရာတစ်ခုဖြစ်လိမ့်မယ်လို့ သူက ငါ့ကိုပြောခဲ့တယ်။ ငါလည်း ဒီနေရာမှာ အချိန်နည်းနည်းနေဖို့ ဆုံးဖြတ်လိုက်တယ်။ ဒီနေရာဟာ ဆေးရုံ တစ်ခုတော့ မဟုတ်ဘူး။ ရောဂါကုနလန်ထတဲ့ လူတွေကို လွတ်လပ်တဲ့ ကုထုံးတွေနဲ့ ကုသပေးတဲ့ ဌာနတစ်ခုနဲ့ပဲ တူတယ်။ ငါ နောက်စာတစ်စောင်ကျရင် အသေးစိတ် ရေးပြပါ့မယ်။ အခုလောလောဆယ် ငါ လိုအပ်နေတာက ငါ ပြင်ပ ကမ္ဘာကြီးနဲ့ အဆက်အသွယ်ဖြတ်ပြီး ငါ့ အာရုံကြောတွေကို အနားပေးဖို့ပဲ။

နင် ငါ့ကို တစ်နှစ်လောက် အဖော်ပြုပေးခဲ့တဲ့ အတွက်တော့ ငါနင့်ကို ကျေးဇူးတင်ပါတယ်။ နင် တခြားဘာကိုမှ မယုံကြည်ရင်တောင်မှ ဒီစကား

mgyoe.com

mgyoe.com SAMPLE BOOK

ကိုတော့ ယုံကြည်ပေးပါနော်။ ငါ့ကို နာကျင်အောင်လုပ်ခဲ့တာ နင် မဟုတ်ပါဘူး။ အဲဒါ ငါကိုယ်တိုင်ပါပဲ။ အဲဒါ ငါခံစားရတဲ့ အရင်းခံပါပဲ။

ဘာပဲပြောပြော အခုလောလောဆယ်တော့ နင့်ကိုတွေ့ဖို့ ငါ မပြင်ဆင်ရသေးဘူး။ ငါ နင့်ကို မတွေ့ချင်တာ မဟုတ်ဘူးနော်။ ငါ မပြင်ဆင်ရသေးတာ။ ငါ အဆင်သင့်ဖြစ်ပြီလို့ ခံစားရတဲ့နေ့ကျရင် နင့်ကို စာရေးလိုက်ပါမယ်။ အဲဒီ အချိန်ကျရင်တော့ ငါတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ပိုနားလည်လာမှာပါ။ နင် ပြောသလိုပဲ ငါတို့ တစ်ယောက်ကို တစ်ယောက် ပိုနားလည်လာအောင် လုပ်သင့်တာလုပ်ကြတာပေါ့။ဠတ်ဘိုင်။

♥ ♥ ♥

ကျွန်တော် နာအိုကိုရဲ့ စာကို ထပ်ပြန်တလဲလဲ ဖတ်မိတယ်။ စာဖတ်တဲ့ အချိန်တိုင်းမှာလည်း နာအိုကို ကျွန်တော့် မျက်လုံးတွေကို လှမ်းကြည့်တဲ့ အတိုင်း မခံမရပ်နိုင်တဲ့ ဝမ်းနည်းမှုမျိုးကို ကျွန်တော် ခံစားရပါတယ်။ ကျွန်တော် အဲဒီခံစားချက်ကို ဖြေရှင်းနိုင်ဖို့ နည်းလမ်းကို မရှိဘူး။ အဲဒီ ခံစားချက်ကြီးကို ထားရမယ့် နေရာ၊ ဝှက်ထားရမယ့် နေရာလည်း မရှိဘူး။ ကျွန်တော့် ခန္ဓာကိုယ်ကို ဖြတ်တိုက်သွားတဲ့လေလိုပဲ။ ပုံသဏ္ဌာန်မရှိ၊ အလေးချိန် မရှိပဲ ကျွန်တော့် ခန္ဓာကိုယ်ကို လွှမ်းခြုံသွားနေသလိုမျိုးပေါ့။ မြင်ကွင်းထဲက အရာဝတ္ထုတွေဟာ ကျွန်တော့် နံဘေး ဖြတ်သန်းသွားနေသလိုပဲ။ သူတို့ရဲ့ စကားလုံးတွေဟာ ကျွန်တော့် နားထဲကို မရောက်ဘူး ဖြစ်နေတယ်။

စနေညတိုင်း ဧည့်ခန်းထဲမှာ ထိုင်နေတဲ့အကျင့်ကြီးက ဆက်ဖြစ်နေသေးတယ်။ တယ်လီဖုန်း လာမလားဆိုတဲ့ မျှော်လင့်ချက်တော့ မရှိပါဘူး။ ကျွန်တော့်အတွက် အဲဒီအချိန်တွေမှာ ဧည့်ခန်းထဲ ထိုင်နေဖို့ကလွဲလို့ ဘာမှ လုပ်စရာမရှိခဲ့ဘူး။ ကျွန်တော် တီဗီဖွင့်ပြီး ဘေ့စ်ဘောပွဲ ကြည့်ချင်ယောင်ဆောင်ပြီး ကျွန်တော်နဲ့ တီဗီကြားက နေရာလွတ်ကို နှစ်ပိုင်းခွဲ နေတတ်တယ်။ ပြီးတော့ နောက်ထပ်နှစ်ပိုင်း၊ နှစ်ပိုင်းစီ ကျွန်တော် ထပ်ခွဲတယ်။ နောက်ဆုံး ကျွန်တော့် လက်ကိုပဲ ကျွန်တော် ဆုပ်ထားနိုင်လောက်တဲ့နေရာ ရောက်အောင် ကျွန်တော် ခွဲပစ်လိုက်တယ်။

♥ ♥ ♥

mgyoe.com

mgyoe.com SAMPLE BOOK

အဲဒီလကုန်တော့ မုန်တိုင်းတပ်သားက ကျွန်တော့်ကို ပိုးစုန်းကြူး တစ်ကောင်ပေးတယ်။ အဖုံးထဲမှာ လေဝင်ပေါက် လေးတွေပါတဲ့ ကော်ဖီခရား ကြီးထဲမှာ မြက်ပင်လေးတွေ ရေတွေနဲ့အတူ ပိုးစုန်းကြူးလေးထည့်ထားတယ်။ မီးလင်းနေတဲ့ အခန်းထဲမှာဆိုရင် ပိုးစုန်းကြူးလေးဟာ ရေကန်ဘေးမှာ တွေ့ရတတ်တဲ့ သာမန် ပိုးကောင်အမည်းလေးနဲ့ပဲ တူတယ်။ ဒါပေမယ့် မုန်တိုင်း တပ်သားကတော့ ဒါဟာ တကယ့် သက်ရှိအရာပဲလို့ ပြောပါတယ်။ ''ငါ ပိုးစုန်းကြူးကို စတွေ့ကတည်းက ပိုးစုန်းကြူးလို့ သိနေခဲ့တယ်''လို့ သူက ပြောတယ်။ ကျွန်တော် သူနဲ့ အငြင်းပွားစရာ အကြောင်းမရှိပါဘူး။

''ကောင်းသားပဲ။ ဒါ ပိုးစုန်းကြူးလေးပါပဲ'' လို့ ကျွန်တော် ပြန်ပြောခဲ့တယ်။ ပိုးစုန်းကြူးနဲ့ ပုံစံက အိပ်ချင်နေတဲ့ပုံစံပဲ။ ပိုးစုန်းကြူးဟာ ပြောင်ချောနေတဲ့ မှန်နံရံကို တက်ဖို့ကြိုးစားနေပေမယ့် ပြန်ပြုတ်ကျသွားတာ ချည်းပဲ။

''ငါ ဒီကောင့်ကို မြက်ခင်းပေါ်က ဖမ်းခဲ့တာ'' လို့ သူက ပြောတယ်။

''အဆောင်ဘေးက မြက်ခင်းလား''

''ဟုတ်တယ်။ ဒီလမ်းထောင့်က ဟိုတယ်ကို သိတယ်မဟုတ်လား။ နွေရာသီ ဧည့်သည်တွေအတွက် ဟိုတယ်ဥယျာဉ်ထဲမှာ သူတို့ပိုးစုန်းကြူးတွေ လွှတ်ပေးထားတယ်။ ဒီကောင်လည်း အဲဒီထဲကပဲ''

မုန်တိုင်းတပ်သားဟာ စကားပြောနေရင်း သူ့ အဝတ်အစားတွေနဲ့ မှတ်စုစာအုပ်တွေကို ကော်စတွန်အိတ်အနက်ကြီးထဲ ထည့်ပြီး အလုပ်ရှုပ် နေပါတယ်။

နွေရာသီအပန်းဖြေကာလအတွက် ကျွန်တော်တို့ ရက်သတ္တပတ် တော်တော်များများခွင့်ရပါတယ်။ အဆောင်မှာ ကျန်ခဲ့တာဆိုလို့ မုန်တိုင်း တပ်သားနဲ့ ကျွန်တော် နှစ်ယောက်ပဲ ရှိတယ်။ ကျွန်တော် ကိုဘေးကို မပြန်ဘဲ အလုပ်လုပ်ပြီး ဆက်နေခဲ့တယ်။ မုန်တိုင်း တပ်သားကလည်း သင်တန်းတစ်ခု တက်နေလို့ အိမ်မပြန်ဘူး။ ခုတော့ သင်တန်းပြီးသွားလို့ မုန်တိုင်းတပ်သားဟာ တောင်တန်းထူထပ်တဲ့ ယာမာနာရှီကို ပြန်တော့မှာပါ။

''ဒီကောင့်ကို မင်းကောင်မလေးကို လက်ဆောင် ပေးလို့ရတယ်။ သူ ကြိုက်မှာပါ'' လို့ သူက ပြောတယ်။

''ကျေးဇူးပဲ''

mgyoe.com

mgyoe.com

အဆောင်ဟာ မှောင်ပြီး တိတ်ဆိတ်သွားတော့ ယိုယွင်းပျက်စီးနေတဲ့ နေရာကြီးတစ်ခုလိုပဲ။ အလံတော်ကို အောက် ပြန်ချလိုက်ပြီ။ ထမင်းစားခန်းထဲမှာ မီးတွေလင်းလာတယ်။ ကျောင်းသားနည်းနည်းပဲ ကျန်လို့ ထမင်းစားခန်း တစ်ဝက်လောက်ကိုပဲ သူတို့ မီးထွန်းပြီး တစ်ဝက်ကို မီးပိတ်ထားကြတယ်။ ညစာရဲ့ ဟင်းရနံ့တွေ ကျွန်တော်တို့ဆီ ရောက်လာတယ်။ အသား တစ်ခုခုကို စတူးလုပ်ထားတဲ့ အနံ့ပါ။

ပိုးစုန်းကြူး ထည့်ထားတဲ့ ပုလင်းကြီးနဲ့အတူ ကျွန်တော်ခေါင်မိုးပေါ် တက်လာခဲ့တယ်။ ခေါင်မိုးပေါ်မှာ ဘယ်သူမှ မရှိဘူး။ အဝတ်လှန်းမှာ တစ်ယောက်ယောက်မေ့ခဲ့ပုံရတဲ့ တီရှပ်တစ်ထည် လှမ်းထားတာတွေ့ရတယ်။ လေတိုက်ရင်လှုပ်နေတဲ့ အဲဒီတီရှပ်ဟာ အင်းဆက် အကောင်ကြီးကြီး တစ်ကောင်ရဲ့ အခွံလိုပဲ။ နေ့လယ်တုန်းက အပူစုပ်ထားတဲ့ ရေစင်ကြီးဟာ ပူနွေးနေဆဲပဲ။ ကျွန်တော်ရေစင်ပေါ်က ခပ်ကျဉ်းကျဉ်းနေရာမှာ တက်ထိုင်နေလိုက်ပြီး လက်ရန်းကို မှီနေလိုက်တယ်။ မပြည့်တပြည့် အဖြူရောင် လမင်းကြီးနဲ့ ကျွန်တော်ဟာမျက်နှာချင်းဆိုင် အနေအထားပဲ။ ညာဘက်မှာ ရှင်ဂျူကူက မီးရောင်တွေ၊ ဘယ်ဘက်မှာ အီကီဘူကူရိုက မီးရောင်တွေကို လှမ်းမြင်ရတယ်။ ကားမီးရောင်တွေဟာ တောက်ပနေတဲ့ စမ်းချောင်းတွေလိုပဲ။ ရောထွေးနေတဲ့ အသံပေါင်းစုံတို့ရဲ့ ငြီးငွေ့ဖွယ်အော်သံဟာ မြို့အထက်မှာ တိမ်တိုက်တစ်ခုလို ဖြန့်ကျက် အုပ်မိုးနေတယ်။

ပိုးစုန်းကြူးဟာ ကော်ဖီခရားအောက်ခြေမှာ ခပ်ဖျော့ဖျော့ လင်းနေတယ်။ သူ့ အလင်းရောင်ဟာ အားပျော့ပြီး သူ့ အရောင်ကလည်း ဖျော့တော့နေတယ်။ ကျွန်တော် ပိုးစုန်းကြူးတွေ မမြင်ရတာ နှစ်တော်တော်ကြာပြီ။ ဒါပေမဲ့ ကျွန်တော် မြင်ခဲ့တဲ့ ပိုးစုန်းကြူးတွေဟာ နွေရာသီအမှောင်ထဲမှာ စူးစူးရဲရဲလင်းကြတယ်လို့ ကျွန်တော် မှတ်ဉာဏ်ထဲမှာ ရှိနေကြတယ်။

ဒီပိုးစုန်းကြူးကတော့ အသက်ငင်နေတာလည်း ဖြစ်နိုင်တယ်။ ကျွန်တော် ခရားကြီးကို နည်းနည်းလှုပ်လိုက်တယ်။ ပိုးစုန်းကြူးဟာ ထခုန်ပြီးပျံဖို့ ကြိုးစားတယ်။ ဒါပေမဲ့ သူ့အလင်းရောင်ကတော့ ဖျော့တော့နေဆဲပဲ။

ကျွန်တော်နောက်ဆုံးမြင်တွေ့ခဲ့တဲ့ ပိုးစုန်းကြူးတွေကို ပြန်စဉ်းစားနေမိတယ်။ ဘယ်နေရာမှာ တွေ့ခဲ့တာလဲပေါ့။ ကျွန်တော့်စိတ်ထဲမှာ မြင်ကွင်းလေးတစ်ခု မြင်မိတယ်။ ဒါပေမဲ့ ဘယ်နေရာ၊ ဘယ်အချိန်လဲဆိုတာ ကျွန်တော်

mgyoe.com

စဉ်းစားလို့ မရဘူး။ အမှောင်ထဲကနေ ရေစီးသွားတဲ့ အသံကို ကျွန်တော် ကြားနေရတယ်။ ခေတ်ဟောင်း ရေလွှဲမြောင်းကြီးကို ကျွန်တော် ကြည့်လိုက်မိတယ်။ ရေလွှဲမြောင်းမှာ ဖွင့်လို့ ပိတ်လို့ရတဲ့ လက်ကိုင် တစ်ခုရှိတယ်။ ညက တော်တော် မှောင်နေတယ်။ မီးအိမ်လေးကို ပိတ်လိုက်တော့ ကျွန်တော့် ခြေထောက်တောင် ကျွန်တော် မမြင်ရတော့ဘူး။ ရေလွှဲမြောင်းထဲဝင်တဲ့ ရေကန်ပေါ်မှာ ပိုးစုန်းကြူးတွေ အကောင်ရာချီပြီး ရှိနေတယ်။ သူတို့ရဲ့ အလင်းတွေဟာ ရေစက်ပေါက်ကလေးတွေ လင်းနေသလိုပဲ။

ကျွန်တော် မျက်စိတွေ ပိတ်လိုက်ပြီး အမှောင်ထဲမှာ ကိုယ့်ကိုကိုယ် စိမ်နေလိုက်တယ်။ လေရဲ့ အသံဟာ ပုံမှန်နဲ့မတူပဲ ကြည်လင်နေတာကို ကျွန်တော် ကြားနေရတယ်။ အဝေးကနေလာပြီး ကျွန်တော့်ကို ဖြတ်တိုက်သွားတဲ့ အရှိန်ပြင်းပြင်း လေဟာ သူ့ရဲ့ လမ်းကြောင်းမှာ တောက်ပတဲ့ အရောင်တွေ ချန်ထားရစ်ခဲ့တယ်။ ကျွန်တော်မျက်လုံးတွေ ဖွင့်ပြီး အရင်ညတွေကထက် ပိုမှောင်နေတဲ့ နွေညရဲ့ အမှောင်ကို ကြည့်နေမိတယ်။

ကျွန်တော် ကော်ဖီခရားအဖုံးကို ဖွင့်ပြီး ပိုးစုန်းကြူးကို အပြင် ထုတ်လိုက်တယ်။ ပြီးတော့ ရေစင်ပေါ်မှာ ထားပေးလိုက်တယ်။ ပိုးစုန်းကြူးဟာ ပတ်ဝန်းကျင်အသစ်နဲ့ အသားမကျသေးတဲ့ ပုံစံနဲ့ စတီးလ်လက်ကိုင်ဘုနားမှာ ထော့နင်းထော့နင်းနဲ့ သွားနေတယ်။ သူ့ရဲ့ခြေထောက်တွေဟာ ဆေးရောင်ပေါ်မှာ အနှာရွတ်ဖြစ်နေသလိုပဲ။ နောက်ဆုံးတော့ သူ့ရဲ့ ကြိုးပမ်းမှုနဲ့ လက်ကိုင်ဘုပေါ်ရောက်သွားတယ်။ လက်ကိုင်ဘုပေါ်ရောက်တော့ သူခဏ နားနေတယ်။ ပြီးတော့ မလှုပ်တော့ဘူး။ သူ့ရဲ့ နောက်ဆုံးထွက်သက်ပြီးလို့ မလှုပ်တော့သလိုပဲ။

သူဟာ လက်ကိုင်ဘုကို မှီနေဆဲပဲ။ ကျွန်တော်ဟာ ပိုးစုန်းကြူးကို လှေ့လာနေမိတယ်။ ကျွန်တော်ရော သူပါ လှုပ်ရှားမှု မရှိတော့ဘူး။ လေဟာ ကျွန်တော်တို့နှစ်ယောက်စလုံးကို ဖြတ်တိုက်နေတယ်။ အမှောင်ထဲ မရေမတွက်နိုင်လောက်တဲ့ ဇယ်ကိုဗာ သစ်ရွက်တွေ ယိမ်းထိုးနေကြတယ်။

ကျွန်တော်အကြာကြီးစောင့်နေမိတယ်။

အချိန်တော်တော်ကြာတော့ ပိုးစုန်းကြူးကလေးဟာ လေနဲ့အတူ လိုက်ပါသွားတယ်။ အတွေးတစ်ခုခု သူ့ဆီ ရောက်လာလို့ ထင်တယ်။ ပိုးစုန်းကြူးဟာ လေထဲမှာ အတောင်ပံတွေ ဖြန့်လိုက်တယ်။ ပိုးစုန်းကြူးပျံသွားပြီး မကြာခင်မှာ

mgyoe.com

mgyoe.com SAMPLE BOOK

လက်ကိုင်ဘုဟာလည်း အမှောင်ထုထဲမှာ မျောလွင့်သွားတယ်လို့ခံစားရတယ်။ ဆုံးရှုံးသွားတဲ့ ကြားအချိန်ကာလေးအတွင်းမှာ ရေစင်နဲ့ ထောင့်ကွေးလေးတွေဟာ အသက်ဝင်လာတယ်။ ကျွန်တော် သူ့တို့ကို စောင့်ကြည့်နေမိတယ်။

ပိုးစုန်းကြူး ပျောက်ကွယ်သွားတာ အချိန် အတော်ကြာခဲ့ပြီဖြစ်ပေမယ့်လို့ သူ့ရဲ့ အလင်းရောင်ဟာ ကျွန်တော်ခန္ဓာကိုယ်ထဲမှာ ရှိနေဆဲပဲ။ သူ့ရဲ့ ဖျော့တော့မှိန်ပျတဲ့ အလင်းရောင်နဲ့ အမှောင်ထု ထူထူကြီးထဲမှာ ပျံသန်းသွားပုံဟာ ကျွန်တော့်ရဲ့ မျက်ဝန်းထဲမှာ ပျောက်ဆုံးသွားတဲ့ ··· ပျောက်ဆုံးသွားတဲ့ ဝိညာဉ်တစ်ခုလိုပဲ။

အမှောင်ထဲမှာ ကျွန်တော် တစ်ကြိမ်မက လက်ဆန့်မိတယ်။ ကျွန်တော့် လက်ချောင်းတွေ ဘာကိုမှ မထိဘူး။ ခပ်မှိန်မှိန် တောက်ပမှုရှိနေဆဲပဲ။

▣

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၄)

နွေရာသီ ကျောင်းပိတ်ရက်မှာတော့ တက္ကသိုလ်ထဲကို အဓိကရုဏ်း နှိမ်နင်းရေး ရဲတပ်ဖွဲ့တွေရောက်လာကြတယ်။ သူတို့တွေဟာ ကျောင်းထဲမှာ သံဆူးကြိုးတွေချပြီး ကျောင်းအတွင်းရှိနေတဲ့ ကျောင်းသားတွေကို ခေါ်ဆောင်သွားကြတယ်။ ဒါဟာလည်း သိပ်တော့ မထူးဆန်းပါဘူးလေ။ ကျောင်းတိုင်းလိုလိုမှာ တစ်ချိန်ထဲ၊ တစ်ပြိုင်ထဲ အဲဒီလိုဖြစ်နေကြတယ်။ တက္ကသိုလ်တွေမှာ ကျောင်းသားတွေကို အလွယ်တကူ ဖြိုခွင်းလို့ မရကြဘူး။ ကျောင်းသားအရေးအတွက် ငွေကြေးအမြောက်အမြား သုံးစွဲထားကြတယ်။ သူတို့တွေဟာ ဆွေးနွေးညှိနှိုင်းမှု မလုပ်ကြသလို တစ်ချို့သော ကျောင်းသားတွေဟာလည်း တော်တော့်ကို ရိုင်းစိုင်းလာကြတယ်။ တကယ်တမ်းကျပြန်တော့လည်း ကျောင်းပရဝုဏ်ကို စီးထားတဲ့ ကျောင်းသားတွေဟာ တက္ကသိုလ်တွေကို ဖြိုခွင်းဖို့ ရည်ရွယ်ချက် မရှိကြပြန်ဘူး။ ကျောင်းသားတွေဟာ တက္ကသိုလ်ဖွဲ့စည်းပုံစနစ်မှာ ပါဝါမျှတမှုကို လိုချင်နေကြတာပဲ ရှိတယ်။ အဲဒီကိစ္စတွေကို ကျွန်တော်ကတော့ သိပ်စိတ်မဝင်စားဘူး။ အဲဒီတော့ ကျောင်းသားသပိတ် ဖြိုခွင်းခံလိုက်ရတော့လည်း ကျွန်တော်ဘယ်လိုမှ မခံစားရဘူး။

စက်တင်ဘာလထဲမှာတော့ ကျွန်တော် အပျက်အစီးတွေကြည့်ဖို့ ကျောင်းထဲရောက်သွားခဲ့တယ်။ ကျောင်းထဲမှာ ဘယ်လိုအပျက်အစီးမှ မရှိဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

စာကြည့်တိုက်ထဲက စာအုပ်တွေကို ဘယ်သူမှယူသွားတာမရှိဘူး။ ပါမောက္ခရဲ့ ရုံးခန်းဟာလည်း ဖျက်ဆီးမခံရဘူး။ ကျောင်းသားရေးရာဌာနလည်း မီးရှို့ မခံရဘူး။ ဘာအပျက်အစီးမှ မတွေ့ရတော့ ကျွန်တော် အံ့သြမိတယ်။

ကျောင်းသားသပိတ် ပြီးဆုံးသွားတယ်။ ရဲတွေရဲ့ အထိန်းအကွပ်နဲ့ ကျောင်း ပြန်ဖွင့်တယ်။ ကျောင်းကို အရင်ဆုံးစတက်တဲ့ ကောင်တွေကတော့ ကျောင်းသပိတ်ကို ဦးဆောင်ခဲ့တဲ့ သောက်သုံးမကျတဲ့ အကောင်တွေပါ။ ဘာဆိုဘာမှ မဖြစ်ခဲ့တဲ့ပုံစံမျိုးနဲ့ လူစာရင်းခေါ်တဲ့အခါ "ရှိ" လို့ သူတို့ အော်ကြတယ်။ သူတို့ကို ကြည့်ပြီး ကျွန်တော် မယုံကြည်နိုင်လောက်အောင်ပဲ။ ဘာပဲပြောပြော ကျောင်းသားသပိတ်ရဲ့ သက်ရောက်မှုကတော့ ရှိနေဆဲပဲ။ ကျောင်းသားသပိတ် ပြီးဆုံးကြောင်း ဘာကြေညာချက်မှ ထုတ်ပြန်ခြင်းမရှိဘူး။ အဓိကရုဏ်းနှိမ်နင်းရေး ရဲတွေကို တက္ကသိုလ်ထဲခေါ်သွင်းပြီး သံဆူးကြိုးတွေ ဖယ်လိုက်ပေမယ့် ကျောင်းသားသပိတ်ဟာ ဆက်ဖြစ်ဦးမယ့်ပုံစံပဲ။ သောက်သုံး မကျတဲ့ကောင်တွေကတော့ ကျောင်းသားတွေဟာ သပိတ်ကို မထောက်ခံ ကြဘူးလို့ အသံကောင်းဟစ်နေကြတုန်းပဲ။ အဲဒီ ကျောင်းသား ခေါင်းဆောင် ဟောင်းတွေဆီ ကျွန်တော်သွားလည်ပြီး သပိတ်ထပ်ဖြစ်ဦးမှာလားလို့ ကျွန်တော် မေးခဲ့တယ်။ အဲဒီ ကောင်တွေဟာ ကျွန်တော့်ကို တိကျတဲ့ အဖြေမပေးခဲ့ဘူး။ သူတို့ပြောရင်ကော ဘာဖြစ်မှာမို့လဲ။ အဲဒီ ကောင်တွေဟာ ကျောင်းကို ဆုပူစေမှုနဲ့ ဘွဲ့မရမှာကို ကြောက်နေကြသလား။ သူတို့တွေဟာ တက္ကသိုလ်ကြီးကို ဖြိုခွင်း မယ်လို့ အသံတွေ ကြွေးကြော်ခဲ့လို့လား။ ရယ်စရာပဲ။ သူတို့ရဲ့ ရယ်သံတွေဟာ ပြောင်းလဲလာခဲ့တယ်။ သူတို့ရဲ့ အော်သံတွေဟာ တီးတိုးသံလေးတွေ ဖြစ်လာတယ်။

ဟော့…ကီဇူကီ ခင်ဗျားဘာတစ်ခုမှ မဆုံးရှုံးဘူးလို့ ကျွန်တော် တွေးမိ တယ်။ ဒီကမ္ဘာကြီးဟာ မစင်ပုံကြီးတစ်ပုံပါဗျာ။ သောက်ရူးတွေဟာ ဘွဲ့တွေ ရတော့မယ်။ သူတို့ရဲ့ သောက်မြင်ကပ်စရာ မျက်နှာပေးတွေနဲ့ လူ့အဖွဲ့အစည်းကို အကူအညီ ပေးကြဦးမယ်။

ဒီအတော်အတွင်း ကျွန်တော် ကျောင်း ပုံမှန်တက်ဖြစ်တယ်။ နာမည် ခေါ်ရင်တော့ ကျွန်တော် မထူးဘူး။ ကျွန်တော့်ရဲ့ အပြုအမူဟာ ရည်ရွယ်ချက် ကင်းမဲ့ခဲ့တဲ့ အပြုအမူမှန်း ကျွန်တော်သိတယ်။ ဒါပေမဲ့ ကျွန်တော်ရဲ့ စိတ်ခံစားမှု တွေ ရှုပ်ထွေးနေတဲ့အတွက် ကျွန်တော့်မှာ ရွေးချယ်စရာ မရှိခဲ့ဘူး။ ကျွန်တော် လုပ်နိုင်တာက အရင်ကထက်ပိုပြီး အတန်းဖော်တွေနဲ့ အခေါ်အပြော မလုပ်ဘဲ

mgyoe.com

mgyoe.com
SAMPLE BOOK

တစ်ကိုယ်တော်နေတာပဲ ရှိတယ်။ ကျွန်တော့်နာမည် ခေါ်တဲ့အခါ ကျွန်တော် ပြန်မထူးတဲ့အတွက် ကျန်တဲ့ လူတွေဟာ စက္ကန့်ပိုင်းလောက် စိတ် ကသိကအောက် ဖြစ်ကြရတာပဲ ရှိတယ်။ ဘယ်ကျောင်းသားကမှ ကျွန်တော့်ကို စကားလာ မပြောသလို ကျွန်တော်ကလည်း သူတို့ကို ဘာစကားမှ မပြောဘူး။

စက်တင်ဘာ ဒုတိယပတ်မှာတော့ ကျွန်တော်ကောက်ချက်တစ်ခု ချလိုက်နိုင်တယ်။ အဲဒါက တက္ကသိုလ်ပညာရေးဟာ ဘာအဓိပ္ပါယ်မှ မရှိဘူး ဆိုတာပါပဲ။ အဲဒီလို စဉ်းစားမှုဟာ ကျွန်တော့်အတွက် ပျင်းရိညည်းငွေ့မှုကို ဖြေဖျောက်ဖို့ လေ့ကျင့်ခန်း ကာလတစ်ခုလို့ ကျွန်တော် ဆုံးဖြတ်မိတယ်။ ကျွန်တော်ဟာ လူ့အဖွဲ့အစည်းအပေါ် ဘာမှ လုပ်ပေးချင်စိတ် မရှိတာကို စဉ်းစားမိတိုင်း ကျွန်တော် ကျောင်းထွက်သင့်နေပြီလို့ စဉ်းစားမိတယ်။ ဒါပေမဲ့ ကျွန်တော် ကျောင်းနေ့တိုင်း သွားတက်တယ်။ လက်ချာ လိုက်ရေးတယ်။ ကျွန်တော့်ရဲ့ အားလပ်ချိန်တွေကို စာကြည့်တိုက်ထဲမှာ စာအုပ်သွားဖတ်ရင်ဖတ်၊ ဒါမှမဟုတ် ဟိုကြည့်ဒီကြည့်လုပ်ပြီး အချိန်ကုန်နေတာပဲ။

♥ ♥ ♥

စက်တင်ဘာ ဒုတိယပတ်ဟာ ရယ်ချင်ပက်ကျိဖြစ်ချင်စရာပါပဲ။ မုန့်တိုင်းတပ်သားလုံးဝ ပြန်မရောက်သေးဘူး။ သာမန်ထက်ကို ထူးခြားပြီး ကမ္ဘာကြီးဟာ သောက်ရမ်းတိုးတက်တုန်လှုပ်နေတယ်။ မုန့်တိုင်းတပ်သားရဲ့ တက္ကသိုလ်ဟာ ပြန်ဖွင့်နေပြီဖြစ်ပေမယ့် သူပြန်မရောက်သေးတာတော့ တော်တော့်ကို မယုံကြည်နိုင်လောက်အောင်ပါပဲ။ သူ့ရဲ့ စာရေးစားပွဲနဲ့ ရေဒီယို မှာ ဖုန်မှုန့်တွေ ခပ်ပါးပါးရှိနေပါပြီ။ သူ့ရဲ့ ပလတ်စတစ်ခွက်၊ သွားတိုက်ဆေးဗူး၊ လက်ဖက်ခြောက်ဘူး၊ အင်းဆက်သတ်စပရေး စတာတွေဟာ သူ့ဟာနဲ့ သူ စီစီရီရီ ရှိနေဆဲပါပဲ။

သူ မရှိတဲ့အချိန်မှာ အခန်းကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ကျွန်တော် ထားပါတယ်။ လွန်ခဲ့တဲ့ တစ်နှစ်ခွဲလောက်ကစလို့ ဒီလိုသန့်သန့်ရှင်းရှင်းနေတတ်တဲ့ အကျင့် ကျွန်တော် ရခဲ့တာပါ။ သူ မရှိပေမယ့် အခန်းကို သန့်သန့်ရှင်းရှင်းထားဖို့ ကျွန်တော့်မှာ တာဝန်ရှိပါတယ်။ ကျွန်တော်နေ့တိုင်း တံမြက်စည်းလှဲတယ်။ ပြတင်းပေါက်မှန်တွေကို သုံးရက်တစ်ခါသန့်ရှင်းတယ်။ ကျွန်တော့်ရဲ့ မွေ့ရာ

mgyoe.com

mgyoe.com SAMPLE BOOK

ကို တစ်ပတ်တစ်ခါဖုန်ခါတယ်။ သူ့ကို ကျွန်တော် မျှော်နေမိပါတယ်။ သူပြန်လာတဲ့ အခါကျရင်တော့ ကျွန်တော် သန့်ရှင်းအောင် လုပ်ထားတာနဲ့ ပတ်သက်လို့ ချီးကျူးခိုင်းဦးမယ်။

ဒါပေမဲ့ သူ လုံးဝပြန်မလာဘူး။ ကျွန်တော် စာသင်ခန်းတွေဆီက ပြန်လာတဲ့ တစ်နေ့မှာတော့ သူ့ ပစ္စည်းပစ္စယတွေ မရှိတော့သလို အခန်းတံခါးမှာလည်း သူ့ နာမည်ကတ်ပြား မရှိတော့တာကို တွေ့ရပါတယ်။ ကျွန်တော် အဆောင်မှူးအခန်းကို သွားပြီး ဘာဖြစ်တာလဲလို့ ကျွန်တော်မေးခဲ့ပါတယ်။

''သူဒီအဆောင်ကနေ ထွက်သွားပြီ။ မင်းတစ်ယောက်ထဲ အချိန်တိုင်းအတာတစ်ခုလောက်ထိနေရတော့မယ်'' လို့ သူကပြောပါတယ်။

မုန်တိုင်းတပ်သား ဘာလို့ အခုလို ပြောင်းသွားသလဲဆိုတာတော့ သူ ကျွန်တော့်ကို မပြောပြပါဘူး။ အဆောင်မှူးဆိုတဲ့ ပုဂ္ဂိုလ်က သူများတွေရဲ့ အကြောင်းကို မပြောပဲ ထိန်ချိန်ထားရတာကို သိပ်ကြိုက်တတ်တဲ့ လူစားမျိုးပါပဲ။

မုန်တိုင်းတပ်သားရဲ့ ရေခဲတောင်ပုံ ပိုစတာကတော့ နံရံပေါ်မှာ ကျန်နေခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော် အဲဒီ ပုံကို ဖြုတ်ချည်ပြီး ကျင်မော်ရစ်ဆင်နဲ့ မီလက်စ်ဒေးဗစ်တို့ ပုံတွေကို ကပ်ထားလိုက်တယ်။ အဲဒီ ပုံတွေကပ်လိုက်မှ အခန်းက ကျွန်တော့် အခန်းနဲ့ ပိုတူလာတယ်။ ကျွန်တော် အလုပ်က ရတဲ့ ပိုက်ဆံတွေစုပြီး ကတ်ဆက်တစ်လုံး ဝယ်ခဲ့ပါတယ်။ ကျွန်တော် တစ်ယောက်ထဲ အရက်သောက်ပြီး သီချင်း နားထောင်ပါတယ်။ ကျွန်တော် မုန်တိုင်းတပ်သား အကြောင်း မကြာခဏစဉ်းစားမိပါတယ်။ ဒါပေမဲ့ ကျွန်တော် တစ်ယောက်ထဲ နေတာကို ပိုကြိုက်ပါတယ်။

♥ ♥ ♥

တစ်ခုသော တနင်္လာနေ့၊ နေ့လယ် ဆယ့်တစ်နာရီခွဲမှာ ကျွန်တော်ဟာ ပြဇာတ်သမိုင်းပညာရပ်နဲ့ ယူရီပီးဒီးအကြောင်း လက်ချာ တစ်ခုကို သင်နေခဲ့ရပါတယ်။ စာသင်ခန်းနဲ့ ဆယ်မိနစ်လောက် လမ်းလျှောက်ရတဲ့ နေရာမှာ ကျွန်တော် ကြက်ဥခေါက်ကြော်နဲ့ အရွက်သုပ်ကို နေ့လယ်စာအဖြစ် သွားစားခဲ့ပါတယ်။ အဲဒီ ဆိုင်ဟာ လမ်းကျဉ်းတစ်ခုထဲမှာပါ။ ကျောင်း ကင်တင်းကထက် ဈေးပိုကြီးပေမယ့် အေးအေးဆေးဆေး ထိုင်လို့ရတဲ့ ပုံစံမျိုးပါ။ အဲဒီ ဆိုင်ကလည်း

mgyoe.com

mgyoe.com SAMPLE BOOK

ကြက်ဥခေါက်ကြော် အရမ်းကောင်းပါတယ်။ ဆိုင်ရှင် လင်မယားဟာ တစ်ယောက်နဲ့ တစ်ယောက် စကား လုံးဝ မပြောသလောက်ပါပဲ။ အချိန်ပိုင်း စားပွဲထိုး ကောင်မလေးတစ်ယောက် သူတို့ ထားထားတယ်။ ကျွန်တော် ပြတင်းပေါက်နားက ခုံမှာ ထိုင်စားနေတုန်း ကျောင်းသားအဖွဲ့တစ်ဖွဲ့ ရောက်လာပါတယ်။ သူတို့အားလုံး အဝတ်အစားသပ်သပ်ရပ်ရပ် ဝတ်ထားကြပါတယ်။ သူတို့အဖွဲ့ဟာ တံခါးမကြီးနားက စားပွဲမှာ ထိုင်ပြီး မီနူးစာရွက်ကို တစ်အောင့်လောက် ကြည့်နေကြတယ်။ ပြီးတော့ ဘာမှာမလဲလို့ အချင်းချင်းတိုင်ပင်မေးပြီး စားပွဲထိုး ကောင်မလေးကို မှာလိုက်ကြတယ်။

တစ်အောင့်လောက်အကြာမှာ သူတို့ အဖွဲ့ထဲက မိန်းကလေး တစ်ယောက် ကျွန်တော့်ကို စိုက်ကြည့်နေမှန်း သတိထားမိခဲ့တယ်။ သူက ဆံပင် တော်တော်တိုတယ်။ နေကာမျက်မှန် အနက်ကြီးတပ်ထားပြီး အဖြူရောင် ကော်တွန်စကတ်တိုလေး ဝတ်ထားတယ်။ သူ ဘယ်သူလဲဆိုတာ ကျွန်တော် မသိပါဘူး။ နေ့လယ်စာကိုပဲ အာရုံပြန်ထားလိုက်တယ်။ ဒါပေမဲ့ ခဏနေတော့ သူ ခုံကထပြီး ကျွန်တော့် ဝိုင်းကို ရောက်လာခဲ့တယ်။ ကျွန်တော့် စားပွဲပေါ် လက်တစ်ဖက်တင်ပြီး၊ သူက “ ရှင်က ဝါတာနာဘီ ဟုတ်တယ်နော် ” လို့ ပြောပါတယ်။

ကျွန်တော် ခေါင်းမော့ပြီး သူ့ကို နီးနီးကပ်ကပ် ကြည့်လိုက်ပါတယ်။ ကျွန်တော် သူ့ကိုမြင်ဖူးသလား ဆိုတာပြန်စဉ်းစားလို့ မရသေးပါဘူး။ သူ့ပုံစံက မှတ်မိလွယ်တဲ့ မိန်းကလေးတစ်ယောက်ပုံစံမျိုးပါ။ ကျွန်တော် သူ့ကို မြင်ဖူးရင် ချက်ချင်း မှတ်မိမှာပါ။ ကျွန်တော့် တက္ကသိုလ်မှာ ကျွန်တော့် နာမည်သိတဲ့လူ သိပ်မရှိပါဘူး။

“ကျွန်မ ထိုင်လို့ရမလား။ ရှင် တစ်ယောက်ယောက်ကို မျှော်နေတာလား” လို့ သူကမေးပါတယ်။

ကျွန်တော်ခေါင်းခါလိုက်ပါတယ်။ “ ဘယ်သူမှမလာပါဘူး။ ထိုင်ပါ” လို့ ကျွန်တော် ပြန်ပြောခဲ့ပါတယ်။ သူ ခုံဆွဲထုတ်ပြီး ကျွန်တော်နဲ့ မျက်နှာချင်းဆိုင် ထိုင်လိုက်ပါတယ်။ ခုံဆွဲထုတ်တဲ့ အသံ ထွက်ပေါ်ခဲ့ပါတယ်။ သူဟာ မျက်မှန်တွေ အောက်ကနေ ကျွန်တော့်ကို လှမ်းကြည့်နေပါတယ်။ ပြီးတော့ ကျွန်တော့် ပန်းကန်ပြားကို ကြည့်တယ်။

“ကောင်းမယ့်ပုံပဲ” လို့ သူကပြောတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ကောင်းတယ်။ မှိုကြက်ဥခေါက်ကြော်နဲ့ ပဲစိမ်း အရွက်သုပ်လေ"

"ကောင်းသားပဲ။ နောက်တစ်ခေါက်လာရင် ကျွန်မ မှာစားမယ်။ ကျွန်မ တစ်ခြားဟာ မှာပြီးသားဖြစ်နေလို့"

"ဘာမှာထားလို့လဲ"

"မာကာရိုနီနဲ့ ဒိန်ခဲ"

"ဒီဆိုင်က မာကာရိုနီနဲ့ ဒိန်ခဲဟာ မဆိုးပါဘူး။ ဒါနဲ့စကားမစပ် ကျွန်တော် ခင်ဗျားကိုသိလား။ ကျွန်တော်တော့ မမှတ်မိသေးဘူး"

"ယူရိပီးဒီး" သူကပြောတယ်။ "အီလက်ထရာ ...'ကျွန်မရဲ့ အကူအညီ ကူကယ်ရာမဲ့ အော်သံကို ဘယ်နတ်ဘုရားမှ မကြားကြဘူး' အဲ့ဒီ အတန်းက ခုနကတင်မှ ပြီးတာလေ"

ကျွန်တော် သူ့ကို စေ့စေ့ကြည့်လိုက်တယ်။ သူက မျက်မှန်ကို ချွတ်လိုက်တယ်။ ခုတော့ ကျွန်တော် သူ့ကို မှတ်မိပါပြီ။ ပြဇာတ်သမိုင်း ပညာမှာ သူဟာ လူသစ်ပါ။ ဆံပင်ပုံစံ ပြောင်းသွားလို့ သူ့ကို ကျွန်တော် မမှတ်မိတာပါ။

"အိုး ...မှတ်မိပြီ" ကျောကုန်းနောက်က ယားနေတဲ့ နေရာလေးကို ကုတ်ပြီး သူ့ကို ကျွန်တော် ပြန်ပြောပါတယ်။ "ခင်ဗျားရဲ့ ဆံပင်က နွေရာသီ ကျောင်းမပိတ်ခင်က တော်တော်ရှည်တယ်နော်"

"ဟုတ်တယ်။ နွေရာသီမှာ ကျွန်မ ဆံပင်ကောက်လိုက်သေးတယ်။ ဒါပေမဲ့ ဆံပင်ကောက်တဲ့ပုံစံက ကျွန်မနဲ့ မလိုက်လို့ ကျွန်မ သေချင်စော်နံခဲ့တယ်။ ကျွန်မပုံစံက ကမ်းခြေမှာတင်နေတဲ့ အလောင်းကောင်ကြီးနဲ့ ခေါင်းမှာ ရေညှိ ကပ်နေသလိုပါပဲ။ အဲ့ဒီ ဆံပင်ပုံစံကြောင့် ကျွန်မ သေချင်စိတ်တောင် ပေါက်တယ်။ အဲဒါကြောင့် ကျွန်မ ဆံပင်ညှပ်ပစ်လိုက်တာ။ ဆံပင်တိုတော့ အေးတော့ အေးတယ်ရှင့်" သူရဲ့ နှာတံချွန်ချွန်လေးကို လက်နဲ့ပွတ်ပြီး ကျွန်တော့်ကို ပြုံးပြပါတယ်။

"ခုပုံစံက ကြည့်လို့ ကောင်းပါတယ်" လို့ ကျွန်တော် ပြောနေရင်းနဲ့ ကြက်ဥခေါက်ကြောက်တွေ ပါးစပ်ထဲ ထည့်လိုက်ပါတယ်။

သူက တစ်ဖက်လှည့်ပြီး သူ့ဆံပင်ပုံစံကို ခဏ ပြသေးတယ်။

"ဒီဆံပင်ပုံစံက ခင်ဗျားနဲ့ တော်တော်လေးလိုက်ပါတယ်။ ခေါင်းပုံစံလေးပေါ်တယ်။ နားရွက်လှလှလေးတွေလည်း မြင်ရတယ်"

"ဆံပင်ပုံစံနဲ့ ပတ်သက်ပြီး ကျွန်မ ချေးမများတတ်ပါဘူး။ ဆံပင်တွေ

mgyoe.com

mgyoe.com

ညှပ်ပြီးကတည်းက ကျွန်မနဲ့ လိုက်တယ်လို့ပဲ ဆုံးဖြတ်လိုက်ပါတယ်။ ဘယ်ယောကျ်ားလေးမှ ဆံပင်ပုံစံကို မကြိုက်ကြဘူး။ သူတို့က ပြောသေးတယ်။ နာဇီ အကျဉ်းစခန်းက အသက်ရှင်ပြီး ကျန်ရစ်ခဲ့တဲ့လူရဲ့ ဆံပင်နဲ့တူတယ်တဲ့။ အဲဒီ့ ယောကျ်ားလေးတွေက မိန်းကလေးဆိုရင် ဆံပင်ရှည်ရမယ်လို့ ယူဆထားသလား မသိဘူး။ သူတို့တွေဟာ ဖက်ဆစ်တွေပဲ။ ဆံပင်ရှည်တဲ့ မိန်းမတွေဟာ အဆင့်အတန်းရှိတယ်။ ချိုသာတယ်။ မိန်းမဆန်တယ်လို့ ဘာဖြစ်လို့ ယောကျ်ားတွေက ထင်ကြတာလဲ။ ကျွန်မကိုယ်တိုင်တောင် ဆံပင်ရှည်ပြီး အဆင့်အတန်းမရှိတဲ့ မိန်းကလေးနှစ်ရာငါးဆယ်လောက် တွေ့ဖူးတယ်''

''ကျွန်တော်ကတော့ အရင်ကထက် ပိုလှလာတယ်လို့ ယူဆတယ်'' သူက အဲဒီလိုပြောရင်းနဲ့ အရင်တုန်းက သူ့ရဲ့ပုံစံကို ပြန်စဉ်းစား ကြည့်နေမိတယ်။ အဲဒီတုန်းကလည်း တစ်မျိုးချစ်ဖို့ ကောင်းတာပဲ။ ခုပုံစံကတော့ ဖျတ်လတ်တက်ကြွပြီး ဘဝကို ရင်ဆိုင်မယ့် ပုံစံမျိုးနဲ့ပေါ့။ သူဟာ မကြာခင် ကမ္ဘာကြီးထဲ ရောက်လာတော့မယ့် နွေဦးရာသီကို ချောင်းကြည့်နေတဲ့ တိရစ္ဆာန်သေးသေးလေး တစ်ကောင်နဲ့တူတယ်။ အပြစ်ကင်းတဲ့ ပျော်ရွှင်မှု၊ ကြည်နူးမှု၊ ဒေါသ၊ အံ့ဩမှုနဲ့ စိတ်ဓာတ်ကျမှုတွေဟာ အဲဒီတိရစ္ဆာန်လေးရဲ့ မျက်ဝန်းထဲမှာ တွေ့ရတယ်။ သူ့ရဲ့ မျက်နှာလို ရွှန်းလဲ့တောက်ပပြီး ခွန်အားရှိတဲ့ မျက်နှာမျိုး ကျွန်တော်တစ်ခါမှမမြင်ဘူးဖူး။ အဲဒီ့ မျက်နှာလေး သက်ဝင်လှုပ်ရှားနေတာကို ကြည့်ရတာ ကျွန်တော် သိပ်ပျော်တာပဲ။

''တကယ်ပြောတာလား''

ကျွန်တော်ခေါင်းငြိမ့်ပြီး အရွက်သုပ်တွေ စားနေမိတယ်။

သူဟာ မျက်မှန်ပြန်တပ်ပြီး မျက်မှန်ထဲကနေ ကျွန်တော့်ကို ပြောနေပြန်တယ်။

''ရှင် ညာပြောနေတာတော့ မဟုတ်ဘူးနော်''

''ကျွန်တော်ဟာ ကျွန်တော့်ကို ကျွန်တော် ရိုးသားတဲ့ လူတစ်ယောက်လို့ပဲ ခံယူထားပါတယ်''

''ထားပါတော့''

''ဒါနဲ့ မေးပါရစေဦး။ ဘာဖြစ်လို့မျက်မှန်အနက်ကြီး တပ်ထားရတာလဲ''

mgyoe.com SAMPLE BOOK

''ကျွန်မရဲ့ ဆံပင်တွေ ရုတ်တရက် တိုသွားတော့ အကာအကွယ်မဲ့သွားတယ်လို့ ကျွန်မ ခံစားမိလို့ပါ။ ဘာနဲ့တူလဲဆိုတော့ လူအုပ်ကြီးထဲကို အဝတ်အစားမပါဘဲ တွန်းလွှတ်ခံလိုက်ရတဲ့ လူတစ်ယောက်လိုပါပဲ''

''ခင်ဗျားပြောတာ ဖြစ်နိုင်တယ်'' လို့ ကျွန်တော် ပြောပြီး နောက်ဆုံး ကြက်ဥခေါက်ကြော် တစ်ဇွန်းလောက် စားလိုက်တယ်။ သူဟာ ကျွန်တော် စားနေတဲ့ပုံကို စိတ်ဝင်တစား စိုက်ကြည့်နေတယ်။

''သူငယ်ချင်းတွေဆီ ပြန်မသွားတော့ဘူးလား'' လို့ ကျွန်တော်သူ့ကို မေးလိုက်တယ်။

''စားစရာတွေလာမှ ကျွန်မ ပြန်သွားမယ်။ ကျွန်မကြောင့် ရှင်စားနေတာ အနှောင့်အယှက်ဖြစ်လို့လား''

''အနှောင့်အယှက်ဖြစ်စရာ မရှိတော့ဘူး'' လို့ ကျွန်တော် သူ့ကို ပြောပြီး ကော်ဖီ မှာလိုက်တယ်။ သူဟာ ပြန်သွားမယ့်ပုံစံ မပေါ်သေးဘူး။ ဆိုင်ရှင်မိန်းမကြီးဟာ ကျွန်တော်ရဲ့ စားပြီးသား ပန်းကန်တွေ ပြန်သိမ်းလိုက်ပြီး၊ ကော်ဖီသောက်ဖို့ သကြားနဲ့ ခရင်မ်လာချပေးတယ်။

''အခုရှင်ပြော'' လို့ သူက ပြောတယ်။ ''ဒီနေ့ နာမည်စာရင်းခေါ်တော့ ရှင်ဘာဖြစ်လို့ မထူးတာလဲ။ ရှင့်နာမည် 'ဝါတာနာဘီ' ဟုတ်တယ် မဟုတ်လား။ တိုရုဝါတာနာဘီ''

''ဟုတ်ပါတယ်''

''အဲဒါဆိုဘာဖြစ်လို့ မထူးခဲ့တာလဲ''

''ဒီနေ့ စိတ်မပါလို့ပါ''

သူဟာ မျက်မှန်ချွတ်ပြီး စားပွဲပေါ်တင်လိုက်ပြန်တယ်။ သူ ကျွန်တော့်ကို ကြည့်နေတဲ့ပုံစံက တိရစ္ဆာန်ရုံက လှောင်အိမ်တစ်ခုထဲက ရှားပါး တိရစ္ဆာန်တစ်ကောင်ကို ကြည့်နေသလိုပါပဲ။

''ဒီနေ့ စိတ်မပါလို့ပါလို့ ရှင်ပြောတဲ့ပုံစံက ဟမ်ဖရေးဘိုဂတ်လိုပဲ။ မိုက်တယ်''

''မနောက်ပါနဲ့။ ကျွန်တော်ဟာ သာမန်ပါပဲ။ တခြားလူတွေလိုပါပဲ''

ဆိုင်ရှင်မိန်းမကြီးဟာ ကော်ဖီခွက်ယူလာပြီး စားပွဲပေါ် တင်လိုက်တယ်။ သကြားရော ခရင်မ်ရော မထည့်ဘဲ ကျွန်တော် တစ်ကျိုက်သောက်လိုက်တယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

"ကြည့်ဦး။ ကော်ဖီကို ဒီတိုင်း သောက်ပြန်ပြီ"

"ဒီလိုသောက်တာကတော့ ဟမ်ဖရေးဘိုဂတ်နဲ့ ဘာမှမဆိုင်ဘူး ထင်တယ်နော်။ ခင်ဗျား ကျွန်တော့်ကို မြင်တာတွေ မှားနေတယ်လို့ ထင်တယ် နော်" လို့ ကျွန်တော် မချိုမချဉ် မျက်နှာပေးလေးနဲ့ ပြောလိုက်တယ်။

"ခင်ဗျား အသားတွေ ညိုလာတယ်လို့ ထင်တယ်"

"ကျွန်မပြီးခဲ့တဲ့ နှစ်ပတ်တုန်းက ခြေလျင်တောင်တက် ခရီး ထွက်နေ ခဲ့လို့ပါ။ ခရီးဆောင်အိတ်ကြီးထဲမှာပဲ အိပ်နေခဲ့ရလို့ပါ"

"ဘယ်ဒေသကို သွားခဲ့တာလဲ"

"ကာနာကာဝါ။ နိုတိုကျွန်းဆွယ်ဒေသ။ နီဂါတာထိရောက်ခဲ့တယ်"

"တစ်ယောက်တည်းလား"

"ဟုတ်တယ်။ တစ်ယောက်ထဲပဲ။ လမ်းမှာတော့ အပေါင်းအသင်း တွေ မကြာခဏ ရခဲ့တယ်"

"ရိုမန့်တစ်ဆန်တဲ့ အဖော်မျိုးလား"

"ရိုမန့်တစ်ဟုတ်လား။ ရှင်ထင်တာတွေ မှားနေပြီ။ အိပ်လို့ရတဲ့ အိတ်ကြီးကို ကျောမှာလွယ်ပြီး မျက်နှာကလည်း နေလောင်ဒဏ်တွေရနေတဲ့ လူနဲ့ တွေ့ဆုံရတာဟာ ရိုမန့်တစ်ဖြစ်နိုင်ပါ့မလား"

"ရှင်ရော တစ်ယောက်ထဲခရီးထွက်ဖူးလား"

"အာ ..."

"ရှင် အထီးကျန်ရတာကို သဘောကျလား။ ခရီးထွက်ရင်လည်း တစ်ယောက်တည်း။ စားရင်လည်း တစ်ယောက်တည်း။ စာသင်ခန်းထဲမှာလည်း တစ်ယောက်ထဲ ထိုင်နေရတာကို သဘောကျလား" လို့ သူက လက်ပေါ် မေးထောက်ပြီး ကျွန်တော့်ကို မေးပါတယ်။

"ဘယ်သူမှတော့ အဲဒီလို တစ်ယောက်တည်း နေရတာကို ကြိုက်မှာ မဟုတ်ပါဘူး။ ကျွန်တော်က အပေါင်းအသင်း မဖွဲ့တတ်တာပါ။ အဲဒီလို လုပ်ရမှာဟာ ကျွန်တော့်ကို စိတ်ပျက်စေပါတယ်"

သူဟာ နားကပ်တစ်ဖက်ကို ပါးစပ်မှာ ကိုက်လိုက်ပြီး မျက်မှန်ကို ချွတ်လိုက်တယ်။ "ဘယ်သူမှ အထီးကျန်ရတာကို မကြိုက်ပါဘူး။ စိတ်ပျက် ရတာကိုလည်း ကျွန်မ မုန်းတယ်။ အဲဒီ စာကြောင်းကို ရှင့်ရဲ့ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိမှာ ထည့်သုံးရင် သုံးပါ"

mgyoe.com

mgyoe.com SAMPLE BOOK

"ကျေးဇူးပါပဲ" လို့ ကျွန်တော် ပြောလိုက်တယ်။

"ရှင် အစိမ်းရောင်ကို ကြိုက်လား"

"ဘာဖြစ်လို့မေးတာလဲ"

"ရှင်က အစိမ်းရောင် ပိုလိုရှပ်အင်္ကျီကို ဝတ်ထားလို့ပါ"

"ထွေထွေထူးထူးတော့ မဟုတ်ပါဘူး။ ကျွန်တော်က ဘာမဆို ဝတ်တတ်ပါတယ်"

"ထွေထွေထူးထူးမဟုတ်ပါဘူး။ ကျွန်တော် ဘာမဆို ဝတ်တတ်ပါတယ်။ ရှင်ပြောတဲ့ပုံစံကို ကျွန်မသဘောကျတယ်။ ချောမွေ့ကောင်းမွန်တဲ့ ပလာစတာတစ်ခုကို ဖြန့်ကပ်လိုက်ရသလိုပါပဲ။ ရှင့်ကို အဲဒီလို ပြောဖူးတဲ့ လူရှိလား"

"ဘယ်သူမှ မပြောဖူးပါဘူး"

"ကျွန်မ နာမည်က မီဒိုရီပါ။ အစိမ်းပေါ့။ ဒါပေမဲ့ အစိမ်းရောင် ဝတ်ရင် ကျွန်မဟာ အတော့်ကို အကျည်းတန်ပါတယ်။ ကိုုန့်စာ မိနေသလိုပါပဲ။ ကျွန်မရဲ့ ညီမနာမည်က မိုမိုကိုပါ။ မက်မွန်သီးလေးပေါ့"

"သူကရော ပန်းနုရောင်ဝတ်ရင်လှလား"

"သူက ပန်းနုရောင်ဝတ်ရင် လှတယ်။ သူက ပန်းနုရောင်ဝတ်ဖို့ မွေးဖွားလာသလိုပဲ။ လုံးဝကို မမျှတဘူး"

မီဒိုရီရဲ့ စားပွဲမှာ သူ မှာထားတဲ့ အစားအစာတွေ ရောက်ခဲ့ပါပြီ။ မက်ဒရက်စ် ကုတ်အင်္ကျီဝတ်ထားတဲ့ လူတစ်ယောက်က သူ့ကို လှမ်းခေါ်ပါတယ်။ "ဟေ့ …မီဒိုရီ ‥လာစားတော့" သူကတော့ ငါသိတယ်ဆိုတဲ့ ပုံစံမျိုးနဲ့ လက်ပြလိုက်ပါတယ်။

"ဒါနဲ့ ရှင် လက်ချာနုတ်တွေ လိုက်ရေးလား။ ဒရမ်မာကို မေးတာပါ"

"လိုက်ရေးပါတယ်"

"ကျွန်မ အကူအညီ မတောင်းချင်ပါဘူး။ ဒါပေမဲ့ ရှင့် လက်ချာနုတ်တွေ ကျွန်မကို ပေးထားလို့ရမလား။ ကျွန်မ စာသင်ချိန် နှစ်ချိန်လောက် လွတ်ခဲ့ပါတယ်။ အခန်းထဲမှာ တစ်ခြားဘယ်သူ့ကိုမှလည်း ကျွန်မ မသိပါဘူး"

"ကိစ္စမရှိပါဘူး" လို့ ပြောပြီး ကျွန်တော့်အိတ်ထဲက စာအုပ်ကို ထုတ်လိုက်ပါတယ်။ တစ်ခုခုများ ရေးထားတာများရှိ၊ မရှိဆိုတာကို ကျွန်တော် ကြည့်ပြီးမှ သူ့ကို ပေးလိုက်ပါတယ်။

mgyoe.com

mgyoe.com

"ကျေးဇူးပါပဲ။ သက်တန့်ခါကျရင် ရှင် အတန်းတက်မယ် မဟုတ်လား"

"တက်မှာပါ"

"အဲဒီနေ့ နေ့လယ်ကျရင် ဒီမှာပဲ တွေ့ရအောင်။ ကျွန်မ ရှင့်ကို စာအုပ်ပြန်ပေးပြီး နေ့လယ်စာဝယ်ကျွေးပါမယ်။ နေ့လယ်စာကို တစ်ယောက်ထဲ ထိုင်စားရတာထက် ပိုကောင်းနိုင်တယ် မဟုတ်လား"

"ရပါတယ်။ ဒါပေမဲ့ စာအုပ်ထားရုံလောက်နဲ့ နေ့လယ်စာ ဝယ်ကျွေးစရာ မလိုပါဘူး"

"မဟုတ်ပါဘူး။ ကျွန်မက သူငယ်ချင်းတွေကို နေ့လယ်စာ ဝယ်ကျွေးရတာကို သဘောကျလို့ပါ။ ကျွန်မနဲ့ ချိန်းထားတာကို မမေ့အောင် ရှင် တစ်နေရာရာမှာ ရေးထားလိုက်ပါလား"

"ကျွန်တော် မမေ့ပါဘူး။ သန်ဘက်ခါ။ နေ့လယ် ဆယ့်နှစ်နာရီ မီဒိုရီ။ အစိမ်းရောင် ဟုတ်ပြီလား"

တစ်ဖက်စားပွဲက မီဒိုရီကို ထပ်ခေါ်နေပြန်ပါပြီ။ "မြန်မြန်လာ ...မီဒိုရီ။ အေးနေပြီ"

ခေါ်နေတာကို ဂရုမစိုက်ဘဲ သူ ကျွန်တော့်ကို မေးပြန်တယ်။ "ရှင် ဒီလိုမျိုးရော စကားပြောဖူးလား"

"ပြောဖူးမယ်ထင်တာပဲ။ အမှတ်တော့ မထားမိဘူး" လို့ ကျွန်တော် ပြောလိုက်တယ်။ တကယ်တော့ ကျွန်တော်ဒီလိုမျိုး တစ်ခါမှ စကား မပြောဖူးပါဘူး။

သူ တစ်ခုခုကို စက္ကန့်ပိုင်းလောက် အချိန်ယူပြီး စဉ်းစားနေသလိုပါပဲ။ နောက်တော့ သူပြုံးပြပြီး မတ်တပ်ရပ်ပြီး သူ့ စားပွဲ သူ ပြန်သွားပါတယ်။ သူ့စားပွဲ သူပြန်ရောက်သွားပြီး၊ မိနစ်နည်းနည်းကြာတော့ သူ ကျွန်တော့်ကို လက်လှမ်းပြပါတယ်။ ကျန်တဲ့ သုံးယောက်ကတော့ ကျွန်တော့်ကို သိပ် မကြည့်ကြပါဘူး။

ဗုဒ္ဓဟူး နေ့လယ်မှာ မီဒိုရီစားသောက်ဆိုင်ကို ရောက်မလာပါဘူး။ ကျွန်တော် ဘီယာသောက်ပြီး စောင့်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဘီယာ မှာပြီးပြီးချင်းပဲ ဆိုင်ထဲမှာ လူတွေပြည့်လာပါတယ်။ အဲဒါနဲ့ ကျွန်တော် နေ့လယ်စာမှာပြီး၊ တစ်ယောက်ထဲပဲ စားလိုက်ပါတယ်။ ကျွန်တော် နေ့လယ်စာ စားတာ ၁၂ နာရီ ၃၅ မိနစ်မှာ ပြီးသွားပါတယ်။ မီဒိုရီ ရောက်မလာသေးပါဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

ဘေလ်ရှင်းပြီး အပြင်ကို တစ်ယောက်တည်း ထွက်လာပါတယ်။ လမ်းကူးပြီး သချိုင်းအသေးလေးဘက် လျှောက်လာခဲ့ပါတယ်။ အဲ့ဒီမှာ ကျောက်လှေကားပေါ်ထိုင်ပြီး မီဒိုရီလာလေမလားဆိုပြီး ကျွန်တော် စောင့်ကြည့်နေပါသေးတယ်။ တစ်နာရီထိုးတဲ့ အခါမှာတော့ စာကြည့်တိုက်သွားပြီး စာဖတ်နေ လိုက်ပါတယ်။ နှစ်နာရီမှာတော့ ဂျာမန်စာသင်ခန်းကို သွားတက်လိုက်ပါ တယ်။

စာသင်ချိန်ပြီးတော့ ကျောင်းသားရေးရာကို သွားပြီး ပြဇာတ်သမိုင်းပညာရပ်စာသင်ခန်းထဲက မီဒိုရီရဲ့ နာမည်ကို သွားကြည့်ပါတယ်။ အဲ့ဒီ စာသင်ခန်းမှာရှိတဲ့ တစ်ယောက်တည်းသော မီဒိုရီရဲ့ နာမည်က မီဒိုရီကိုဘာယာရှိပါ။ နာမည်ကတ်ပြားတွေကို ကျွန်တော် လှန်လှောကြည့်ပြီး မီဒိုရီရဲ့ အိမ်လိပ်စာနဲ့ ဖုန်းနံပါတ်ကို မှတ်ခဲ့ပါတယ်။ မီဒိုရီကိုဘာယာရှိဟာ ၁၉၆၉ မှာ ဒီတက္ကသိုလ်ကို ရောက်လာခဲ့တာပါ။ သူဟာ အနောက်မြောက်ဘက် ဆင်ခြေဖုံး ရပ်ကွက်ဖြစ်တဲ့ တိုရှီမာမှာ သူ့မိသားစုနဲ့ အတူနေခဲ့ပါတယ်။ ပြီးတော့ ကျွန်တော် ဖုန်းရုံဆီသွားပြီး သူ့ဆီ ဖုန်းဆက်ပါတယ်။

လူတစ်ယောက် ဖုန်းကိုင်ပါတယ်။ "ကိုဘာယာရှိ စာအုပ်ဆိုင်ကပါ" တဲ့။ ကိုဘာယာရှိ စာအုပ်ဆိုင်တဲ့လား။

"မီဒိုရီနဲ့ ပြောချင်လို့ပါခင်ဗျာ"

"မရှိပါဘူး" သူက ဖြေပါတယ်။

"သူကျောင်းသွားတာလားမသိဘူး"

"မဟုတ်ဘူး။ သူဆေးရုံမှာ ရှိကောင်းရှိမယ်။ ဘယ်သူလို့ ပြောပေးရမလဲ"

ကျွန်တော် ဘာမှပြန်မပြောဘဲ ကျေးဇူးပါပဲလို့ ပြောပြီး ဖုန်းချလိုက်ပါတယ်။ ဆေးရုံတဲ့။ သူဒဏ်ရာများရသွားလို့လား။ ဒါမှမဟုတ် နေမကောင်းဖြစ်လို့လား မသိဘူး။ ဒါပေမဲ့ ဖုန်းထဲက လူပြောတဲ့အသံထဲမှာ အရေးကြီးပုံမပေါ်လှဘူး။ "သူဆေးရုံမှာ ရှိကောင်းရှိမယ်" လို့ပဲ ပြောခဲ့တာ။ အမှန်တကယ်ဆိုရင် "သူ ငါးဆိုင်မှာ ရှိရင်ရှိမယ်" လို့ ပြောသင့်ခဲ့တာလို့ ကျွန်တော်ထင်တယ်။ တခြားဖြစ်နိုင်ချေတွေကို စဉ်းစားကြည့်တော့လည်း စိတ်အနှောင့်အယှက်ဖြစ်စရာတွေချည်းပဲ။ အဲဒါနဲ့ကျွန်တော် အဆောင်ကိုပဲ ပြန်ခဲ့တယ်။ ပြီးတော့ ကုတင်ပေါ်မှာအိပ်ပြီး ဂျိုးဇက်ကွန်းရက်ဒ်ရဲ့ Lord Jim စာအုပ်ကို ဖတ်နေလိုက်တယ်။ အဲ့ဒီစာအုပ်ကို ကျွန်တော် နာကာဆာဝါဆီ

mgyoe.com

mgyoe.com SAMPLE BOOK

ကနေ ရထားတာပါ။ စာအုပ်ဖတ်ပြီးတော့ နာကာဆာဝါရဲ့ အခန်းကိုသွားပြီး စာအုပ် ပြန်ပေးလိုက်တယ်။

နာကာဆာဝါဟာ ထမင်းစားခန်းကို သွားခါနီးမို့လို့ ကျွန်တော်သူနဲ့ လိုက်ပြီး ညစာစားဖြစ်တယ်။

"ခင်ဗျားရဲ့ စာမေးပွဲဘယ်လိုလဲ" လို့ ကျွန်တော်မေးလိုက်တယ်။ ဩဂုတ်လတုန်းက နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ဒုတိယအဆင့်ဝန်ထမ်း ရွေးချယ်ရေး စာမေးပွဲ သူဖြေခဲ့ပါတယ်။

"ထုံးစံအတိုင်းပါပဲ" လို့ သူက ဘာမှမဖြစ်သလို ဖြေပါတယ်။ "မင်းဖြေရင်လည်း ကောင်းမှာပဲ။ အုပ်စုလိုက် ဆွေးနွေးမှုတွေ၊ အင်တာဗျူးတွေ …အဲဒီလို ပျင်းစရာတွေချည်းပါပဲ"

"လွယ်တယ်လို့ ပြောရမှာပေါ့။ အောင်စာရင်း ဘယ်တော့ ထွက်မှာလဲ" လို့ ကျွန်တော် မေးလိုက်ပါတယ်။

"အောက်တိုဘာ ပထမအပတ်မှာ ထွက်မှာပါ။ စာမေးပွဲအောင်ရင် မင်းကို ညစာပွဲကြီးတစ်ပွဲ ကျွေးမယ်"

"ဒါနဲ့ ဒုတိယအဆင့်မှာ တွေ့ခဲ့ရတဲ့ လူတွေက ဘယ်လိုတွေလဲ။ ခင်ဗျားလို စူပါစတားတွေပဲ နေမှာပေါ့"

"ခပ်ကြောင်ကြောင် မတွေးစမ်းပါနဲ့ကွ။ ငတုံး၊ ငအတွေချည်းပဲ။ ငတုံး၊ငအတွေ ဒါမှမဟုတ် သောက်သုံးမကျတဲ့ကောင်တွေ။ အဲဒီ ကောင်တွေထဲက ကိုးဆယ့်ငါးရာခိုင်နှုန်းက ဗြူရိုကရက်ဖြစ်ချင်နေတဲ့ ကောင်တွေချည်းပါပဲ။ ငါ နောက်နေတာ မဟုတ်ဘူး။ ဒီကောင်တွေ စာတောင်ဖတ်တတ်ရဲ့လား မသိဘူး"

"အဲဒါဆို ခင်ဗျားဘာဖြစ်လို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှာ အလုပ် လုပ်ချင်ရတာလဲ"

"အကြောင်းအချက်တွေက အများကြီးပါပဲ။ အချက်တစ်ချက်က နိုင်ငံခြားမှာ သွားအလုပ်လုပ်ချင်တာ။ အဓိက ကတော့ ငါရဲ့ အရည်အချင်းကို ငါစစ်ချင်တာ။ ငါ့ကိုယ်ငါ စမ်းသပ်ဖို့ အကြီးမားဆုံးနေရာက နိုင်ငံပဲ။ ငါဘယ်လောက်အမြင့်ထိ ရောက်နိုင်မလဲဆိုတာ သိချင်တယ်။ ခပ်တုံးတုံး ဗြူရိုကရက်ယန္တရားမှာ ငါ့ကိုယ်ငါစမ်းချင်တာ။ ငါပြောတာ မင်း နားလည်ရဲ့လား"

"ဂိမ်းဆော့သလိုပဲပေါ့"

mgyoe.com

mgyoe.com SAMPLE BOOK

''ဟုတ်တယ်။ ဂိမ်းပဲ။ ငါပါဝါရော ပိုက်ဆံရော မလိုချင်ဘူး။ ငါ တကယ်ပြောရဲပါတယ်။ ငါဟာ တစ်ကိုယ်ကောင်းသမား သောက်ပေါတော့ မဟုတ်ဘူး။ ငါက ရှင်ဘာသာအရ သူတော်စင်တစ်ဦးလည်း ဖြစ်ကောင်း ဖြစ်နိုင်တယ်။ ငါလုပ်ချင်တဲ့ တစ်ခုတည်းသောအရာက စူးစမ်းချင်တာပဲ။ ငါဟာ ကျယ်ပြောကြီးမားလှတဲ့ ကမ္ဘာကြီးထဲမှာ ဘယ်လောက်ထိ အရာရောက် နိုင်သလဲဆိုတာကို သိချင်တယ်။

''ခင်ဗျားဆီမှာ စံပြပုဂ္ဂိုဟ်ဆိုတာ မရှိဘူးလို့ ကျွန်တော်ထင်တယ်''

''တစ်ယောက်မှ မရှိဘူး။ ဘဝဆိုတာ စံပြပုဂ္ဂိုလ်မှ မလိုတာ။ ဘဝမှာ လိုအပ်တာက အပြုအမူစံတွေပဲလို့ ငါထင်တယ်''

''ဒါပေမဲ့ ဘဝမှာ နေထိုင်မှု အခြား နည်းလမ်းများစွာရှိတယ် မဟုတ်ဘူးလား'' လို့ ကျွန်တော်မေးမိတယ်။

''မင်း ငါ့နေမှုပုံစံကို ကြိုက်လို့လား''

''အဲဒါက တခြားကိစ္စပါ။ ကျွန်တော်ဟာ တိုကျိုတက္ကသိုလ်ကို မတက်နိုင်ဘူး။ ကျွန်တော် လိုချင်တဲ့ ကောင်မလေးတိုင်းနဲ့ ကျွန်တော် မအိပ်နိုင်ဘူး။ ကျွန်တော်ဟာ စကားပြောလည်းမကောင်းဘူး။ ဘယ်သူမှ ကျွန်တော့်ကို စိတ်မဝင်စားဘူး။ ကျွန်တော့်မှာ ချစ်သူရည်းစားလည်းမရှိဘူး။ ကျွန်တော်ဟာ ဒုတိယတန်းစား ပုဂ္ဂလိကကောလိပ်ကနေ ဘွဲ့အောင်ရပြီးတဲ့အခါ မှာလည်း ကျွန်တော်လိုချင်တဲ့ ဘဝလမ်းကြောင်းအတိုင်း လျှောက်နိုင်မှာ မဟုတ်ဘူး။ ခင်ဗျားနေတဲ့ ပုံစံအတိုင်းလည်း ကျွန်တော် လိုက်မနေနိုင်ဘူး''

''မင်းက ငါရဲ့ နေထိုင်ပုံကို မနာလိုဖြစ်နေတာလား''

''မဟုတ်ဘူး။ ကျွန်တော့်ရဲ့ နေမှုပုံစံနဲ့ ကျွန်တော်အသားကျနေပြီ။ တိုကျိုတက္ကသိုလ်ရော၊ နိုင်ငံခြားရေးဝန်ကြီးဌာနကိုရော ကျွန်တော် မဆဲဘူး။ ကျွန်တော် ခင်ဗျားကို မနာလိုဖြစ်တဲ့အကြောင်းတစ်ခုပဲ ရှိတယ်။ အဲဒါက ခင်ဗျားမှာ ဟတ်ဆုမိလို ကောင်မလေးချောချော ရှိနေတာကိုပဲ''

နာကာဆာဝါဟာ ပါးစပ်ပိတ်ပြီး အစားကိုပဲ ဆက်စားနေခဲ့တယ်။ ကျွန်တော်တို့ ညလယ်စာစားပြီးတဲ့အခါမှာတော့ သူက ကျွန်တော့်ကို ပြောတယ်။ ''ဟေ့ကောင် ..ဝါတာနာဘီရေ ...ငါ့မှာလည်း မင်းလို ခံစားမှုမျိုးရှိပါတယ်။ ငါတို့ဒီနေရာက ထွက်ခွာပြီး ဆယ်နှစ်ဖြစ်စေ၊ အနှစ်နှစ်ဆယ်ဖြစ်စေ ကြာလာတဲ့ အခါ ငါတို့ တစ်နေရာရာမှာ ပြန်ဆုံနိုင်ဦးမယ်။ ဘယ်လိုပဲ ပြောပြော ငါတို့ဟာ အဲဒီ့အချိန်မှာ ဆက်ဆံရေး ထပ်ရှိနေဦးမှာကိုပဲ ငါလိုချင်တယ်''

mgyoe.com

mgyoe.com

''ခင်ဗျားပြောတာ ဒစ်ကင်ရဲ့ ဝတ္ထုစာသားလိုပဲ'' လို့ ကျွန်တော် ပြုံးပြီး ပြောလိုက်တယ်။

''ဖြစ်နိုင်ပါတယ်။ ငါ့ စိတ်ကူးတွေဟာ များသောအားဖြင့် မှန်တတ်တယ်ကွ'' လို့ သူကလည်း ကျွန်တော့်ကို ပြုံးပြပြီး ပြန်ပြောပါတယ်။

ကျွန်တော်တို့ နှစ်ယောက်ညစာစားပြီးတဲ့အခါ ဘားဆိုင်တစ်ဆိုင်ကို ထွက်လာခဲ့ကြတယ်။ ကျွန်တော်တို့နှစ်ယောက် ညကိုးနာရီထိုးတဲ့ အချိန်ထိ အဲဒီဆိုင်မှာပဲ ရှိခဲ့တယ်။

''နာကာဆာဝါရေ ကျွန်တော့်ကို ပြောပြပါဦး။ ခင်ဗျားရဲ့ ဘဝမှာ အပြုအမူစံတွေက ဘယ်လိုလဲဆိုတာကို''

''ငါပြောရင် မင်း မရယ်နဲ့နော်'' လို့ သူက ပြောတယ်။

''ကျွန်တော် မရယ်ပါဘူး''

''အိုကေ ...ငါပြောမယ်။ ဘဝမှာ ငါပြုမူနေထိုင်ချင်တာက လူကြီးလူကောင်းတစ်ယောက်လို နေချင်တာပဲ''

ကျွန်တော် မရယ်ချင်ခဲ့ပါဘူး။ ဒါပေမဲ့ ခံပေါ်က ပြုတ်ကျမလိုတော့ ဖြစ်ခဲ့တယ်။ ''လူကြီးလူကောင်းတစ်ယောက် ဖြစ်ချင်တာ ဟုတ်လား။ လူကြီးလူကောင်းဟုတ်လား''

''ငါပြောတာကို မင်းကြားတယ် မဟုတ်လား''

''လူကြီးလူကောင်း တစ်ယောက်ဖြစ်တာ ဘာအဓိပ္ပါယ်ရှိလဲ။ လူကြီးလူကောင်းဆိုတာရဲ့ အဓိပ္ပါယ်ကို ရှင်းပြပါဦး''

''လူကြီးလူကောင်းဆိုတာက သူလုပ်ချင်တာကို မလုပ်ဘဲ၊ သူ လုပ်သင့်တာကို လုပ်တဲ့သူ''

''ကျွန်တော် မြင်ဖူးသမျှထဲမှာတော့ ခင်ဗျားဟာ ဘရုတ်သုတ်ခ အနိုင်ဆုံး လူပဲ''

''ငါ မြင်ဖူးသမျှထဲမှာတော့ မင်းဟာ လောကြီးထိုး အနိုင်ဆုံးလူပဲ'' လို့ သူက ပြောခဲ့တယ်။ ပြီးတော့ ကျွန်တော်တို့နှစ်ယောက်စလုံးအတွက် သူရှင်းသွားခဲ့တယ်။

♥ ♥ ♥

mgyoe.com

mgyoe.com

အဲဒီအပတ်တွင်းမှာပဲ ကျွန်တော်ဟာ ပြဇာတ်နဲ့ ပတ်သက်တဲ့ လက်ချာချိန်တွေ သွားတက်ဖြစ်ခဲ့တယ်။ ကျွန်တော်ဟာ မီဒိုရီကိုဘာယာရှီရဲ့ အရိပ်အယောင်တွေကို လုံးဝမတွေ့ခဲ့ဘူး။ ကျွန်တော် စာသင်ခန်းအတွင်း ဝင်ပြီးပြီးချင်းမှာပဲ တစ်ခန်းလုံးကို ဝေ့ဝိုက်ကြည့်မိခဲ့တယ်။ မီဒိုရီဟာ အခန်းထဲမှာ မရှိခဲ့ဘူး။ ကျွန်တော်ဟာ ထုံးစံအတိုင်း ပါမောက္ခအလာကို စောင့်ရင်းနဲ့ ရှေ့ဆုံးတန်းမှာ ကျွန်တော်ထိုင်နေကျခုံနေရာမှာ ထိုင်ရင်း နာအိုကိုဆီကို စာတစ်စောင်ရေး နေမိခဲ့တယ်။ ကျွန်တော့်စာထဲမှာ ကျွန်တော် နွေရာသီသွားခဲ့တဲ့ ခရီးစဉ်တွေအကြောင်း ကျွန်တော် ဖြတ်သန်းခဲ့တဲ့ မြို့တွေအကြောင်း၊ ကျွန်တော် ကြုံတွေ့ခဲ့တဲ့ လူတွေအကြောင်း ရေးခဲ့တဲ့ စာပါ။ "ငါ နင့်အကြောင်းကို ညတိုင်း စဉ်းစားမိခဲ့တယ်။ ခုချိန်မှာတော့ ငါ နင့်ရဲ့ ပုံရိပ်ကိုတောင် စိတ်ထဲမှာ မမြင်တော့ဘူး။ ငါနင့်ကို ဘယ်လောက်ထိ လိုအပ်ခဲ့သလဲဆိုတာကို အခုတော့ နားလည်ပါပြီ။ ငါ့ရဲ့ ကျောင်းအချိန်တွေဟာ မယုံကြည်နိုင်လောက်အောင် ငါ့ကို ပျင်းရိစေနေပြီ။ ဒါပေမဲ့ ငါ့ကိုယ်ငါ ချမှတ်ထားတဲ့ စည်းကမ်းတွေအရ ငါဟာ အတန်းချိန်တိုင်းကို မလွတ်တမ်း တက်နေနိုင်အောင် ကြိုးပမ်းနေဆဲပဲ။ ဖြစ်နိုင်မယ်ဆိုရင် နင့်ရဲ့ စိတ်အပန်းဖြေ ရိပ်သာကို ငါလာလည်ချင်ပါတယ်။ နင့်ကိုလည်း နာရီပေါင်းများစွာ တွေ့ချင်ပါသေးတယ်။ ပြီးတော့ ဖြစ်နိုင်မယ်ဆိုရင် နင်နဲ့ငါနဲ့ အရင်ကလျှောက်ခဲ့သလို နာရီပေါင်းများစွာ ဘေးချင်းယှဉ် လျှောက်ချင်ပါသေးတယ်။ ငါ့စာကို ပြန်နိုင်ဖို့ ကြိုးစားပါဦးဟာ။ စာတိုလေး တစ်ကြောင်းပဲဖြစ်ဖြစ် ငါစိတ်မဆိုးပါဘူး"

ကျွန်တော်ရေးတဲ့စာဟာ လေးမျက်နှာရှိခဲ့တယ်။ ကျွန်တော့် စာအိတ်ထဲထည့်၊ တံဆိပ်ခေါင်းကပ်ပြီး နာအိုကိုရဲ့ မိဘတွေ နေထိုင်ရာလိပ်စာဆီပို့ခဲ့တယ်။

ကျွန်တော် အဲဒီလို လုပ်နေစဉ်မှာပဲ ပါမောက္ခရောက်လာခဲ့တယ်။ သူ့ နဖူးပေါ်က ချွေးတွေကို သုတ်ရင်း သူဟာ ကျောင်းသားနာမည်စာရင်းကို ခေါ်ခဲ့တယ်။ သူဟာပိန်ပိန်သေးသေး၊ ဝမ်းနည်းနေတဲ့ ပုံစံနဲ့။ သူ လမ်းလျှောက်ရင် သတ္တုလမ်းလျှောက်တုတ်ကလေး ယူလာတတ်တယ်။ သူဟာ ရယ်စရာကောင်းတဲ့ပုံစံ ပေါက်ပေမယ့်လို့ သူ့အချိန်တွေဆို ကျွန်တော်တို့ လေးလေးစားစားလိုက်နာခဲ့ကြတယ်။ ဆရာက ရာသီဥတုဟာ ထုံးစံအတိုင်း ပူတယ်လို့ ပြောပြီးတဲ့နောက် ဆရာဟာ ယူရီပီဒီး ပြဇာတ်ထဲက "ဒယ်အိတ်မရှင်နာ"ဆိုတဲ့ စကားလုံးကို ရှင်းပြပါတယ်။ ပြီးတော့ "နတ်ဒေဝါ" ဆိုတဲ့ စကားလုံးရဲ့

mgyoe.com

mgyoe.com SAMPLE BOOK

အဝိပ္ပါယ်ဟာ ယူရိပီးဒီး ဒါမှမဟုတ် အာခီးလက်စ်၊ ဒါမှမဟုတ် ဆိုပိုကလီ ပြဇာတ်တွေထဲက အဓိပ္ပါယ်နဲ့မတူတဲ့အကြောင်းကို ရှင်းပြပါတယ်။ သူဟာ ဆယ့်ငါးမိနစ်တာအထိ မနားတမ်း ပြောခဲ့ပါတယ်။ အဲ့ဒီ အချိန်မှာ မီဒိုရီ အခန်းထဲ ဝင်လာခဲ့တယ်။ သူဟာ ထုံးစံအတိုင်း အပြာရင့်ရောင် အားကစား တီရှပ်ကို ဝတ်လာခဲ့တယ်။ ပြီးတော့ ထုံးစံအတိုင်းနေကာ မျက်မှန်ကြီးကို တပ်လာခဲ့တယ်။ ပြီးတော့ သူက ''ဆောရီး။ ကျွန်မနောက်ကျခဲ့တယ်''လို့ ပါမောက္ခကို အကြည့်မြန်မြန်ကြည့်ပြီး ပြောခဲ့တယ်။ ပြီးတော့ သူ ကျွန်တော်ရဲ့ ခုံဘေးကခုံမှာ လာထိုင်ခဲ့တယ်။ ပြီးတော့ သူ ကျွန်တော်ရဲ့ မှတ်စုစာအုပ်ကို ကျွန်တော့်ဆီ ပြန်ပေးခဲ့တယ်။ သူ့ရဲ့ ကျောပိုးအိတ်ထဲကနေ ထုတ်ပြီး ကျွန်တော့်ဆီကို ပြန်ပေးခဲ့တယ်။ ပြီးတော့ ကျွန်တော့်ကို စာရွက်တိုလေးပေးခဲ့တယ်။ ''ဗုဒ္ဓဟူးနေ့က ကိစ္စအတွက် ဆောရီးပါ။ အဲဒီအတွက် စိတ်ဆိုးနေလား''

နောက်တော့ ပါမောက္ခရောက်လာပြီး နာရီဝက်လောက်အကြာမှာ သူဟာ ဂရိခေတ်က ပြဇာတ်တွေနဲ့ ပတ်သက်တဲ့ ပုံကြမ်းတစ်ခုကို ဆွဲနေခဲ့ပါတယ်။ ပါမောက္ခပုံဆွဲနေစဉ်အချိန်မှာပဲ လူနှစ်ယောက် အခန်းထဲ ဝင်လာခဲ့ပါတယ်။ တစ်ယောက်က အရပ်ရှည်ရှည်၊ ပိန်ပိန်ပါးပါးနဲ့ ဖျော့တော့တော့ ပုံစံ နောက်တစ်ယောက်က လုံးလုံးပုပုနဲ့ သူ့ဝတ်စုံနဲ့ အဆီအငေါ်မတည့်တဲ့ ပုံစံနဲ့။ သူ့ရဲ့ မုတ်ဆိတ်မွေးတွေကလည်း သူနဲ့ဘယ်လိုမှ ကြည့်မလှခဲ့ဘူး။ အရပ်ရှည်ရှည်နဲ့ လူရဲ့ လက်ထဲမှာ လွှဲဆောင်စာ စာရွက်တွေ တပွေ့တပိုက်ပဲ။ အရပ်ပုပုနဲ့ လူဟာ ပါမောက္ခအနားကိုသွားပြီး ယဉ်ယဉ်ကျေးကျေး စကားပြော ခဲ့တယ်။ ပါမောက္ခရဲ့ ကျန်ရှိနေတဲ့ စာသင်ချိန်ကို နိုင်ငံရေး ဆွေးနွေးပွဲလုပ်ဖို့ အသုံးပြုချင်တဲ့အကြောင်း၊ ပါမောက္ခ ကိုယ်တိုင်လည်း ပါဝင်ပူးပေါင်းမယ်လို့ မျှော်လင့်တဲ့ အကြောင်းတွေပါ။ ''ကမ္ဘာကြီးမှာ အရေးပေါ် ဖြေရှင်းရမယ့် ပြဿနာတွေ တစ်ပုံတစ်ပင် ဖြစ်နေတယ်။ ဒီအချိန်မှာ ဂရိအလွမ်းဇာတ်တွေကို ဦးစားမပေးသင့်ဘူး''လို့လည်း ထပ်ပြောပြန်တယ်။ သူပြောပုံက ခွင့်တောင်း နေတာထက်ကြေညာချက်ထုတ်နေတဲ့ ပုံပေါက်နေတယ်။ ''ဂရိအလွမ်းဇာတ် တွေထက် ပိုအရေးကြီးတဲ့ ပြဿနာတွေ ကမ္ဘာကြီးမှာ ဖြစ်တာ၊ မဖြစ်တာကို ငါမသိဘူး။ ဒါပေမဲ့ ငါပြောမယ့်ဟာတွေကို မင်းတို့ဆက် နားမထောင်ချင် တော့ရင် ငါဆက်မပြောဖို့ဘဲ ရှိတော့တယ်'' ပါမောက္ခဟာ စားပွဲအစွန်းကို လှမ်းကိုင်ပြီး ကြမ်းပြင်ပေါ် ခြေထောက် ပြန်ချလိုက်တယ်။ သူ့ရဲ့ လက်ကိုင် တုတ်လေးကို ပြန်ကိုင်ပြီး စာသင်ခန်းထဲက ထွက်သွားတော့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

အရပ်ရှည်ရှည်နဲ့ လူက လက်ကမ်းစာရွက်တွေ လိုက်ဝေနေစဉ်မှာပဲ အရပ်ပုတဲ့လူဟာ စာသင်စင်မြင့်ပေါ် တက်လိုက်ပြီး ဟောပြောတော့တာပဲ။ လက်ကမ်းစာရွက်တွေထဲမှာ ကြွေးကြော်သံတွေ အပြည့်ပဲ။ ကျွန်တော်ကတော့ သူတို့ရဲ့စာသားတွေကို ဘယ်လိုမှ မခံစားမိဘူး။ ဒါပေမဲ့ သူတို့ရဲ့ အရေးအသား တွေဟာ အဆီအငေါ်မတည့်လှဘူး။ အဲဒီ အရေးအသားတွေကြောင့် သူတို့ အပေါ် ယုံကြည်မှု မဖြစ်သလို စိတ်ဝင်စားမှုလည်း မဖြစ်စေဘူး။ အရပ်ပုပုနဲ့ လူရဲ့ ဟောပြောမှုကလည်း ဆိုးရွားလှတယ်။ အသံသွား၊ အသံလာ တစ်မျိုးထဲကို မတူညီတဲ့ စကားလုံးတွေ သွတ်သွင်းပြီး ပြောနေတယ်။

" အခန်းထဲက ထွက်ရအောင် " လို့ မိဒိုရိက ပြောတယ်။

ကျွန်တော်ခေါင်းငြိမ့်ပြီး အခန်းထဲကထွက်လိုက်တယ်။ အရပ်ပုပုနဲ့ လူဟာ ကျွန်တော့်ကို လက်ညှိုးထိုးပြီး တစ်ခုခု လှမ်းပြောလိုက်ပုံပဲ။ ကျွန်တော်တော့ မကြားလိုက်ဘူး။ မိဒိုရိကတော့ သူ့ကို လက်ပြပြီး "နောက်မှတွေ့မယ်" လို့ ပြောလိုက်။

" ကျွန်မတို့ဟာ တော်လှန်းရေးဆန့်ကျင်သူတွေပဲလား " လို့ အပြင် ရောက်တော့ မိဒိုရိကမေးတယ်။" သူတို့သာ အနိုင်ရသွားရင် ကျွန်မတို့ ပုံတွေကို ဖုန်းရုံတွေမှာ လိုက်ကပ်ကြမလားမသိဘူး။ "

" ထားလိုက်ပါ။ နေ့လယ်စာ အရင်သွားစားရအောင် "

" ကောင်းတယ်။ ကျွန်မ ရှင့်ကို ဆိုင်တစ်ဆိုင်ပြချင်တယ်။ အချိန်ရတယ် မဟုတ်လား "

"ရပါတယ်။ အချိန်နှစ်နာရီအထိ ကျွန်တော် အားတယ်။ "

မိဒိုရိဟာ ဘတ်စ်ကားနဲ့ ကျွန်တော့်ကို ယိုဆူရာဆီကို ခေါ်သွား တယ်။ ကားဂိတ်နောက်မှာ နေ့လည်စာကိုဘူးနဲ့တစ်ခါထဲ ထည့်ရောင်းတဲ့ ဆိုင်ကို မိဒိုရိ ကျွန်တော့်ကို ခေါ်လာတယ်။ ကျွန်တော်တို့ ထိုင်ထိုင်ချင်းမှာပဲ စွတ်ပြုတ်တွေ လာချပေးတယ်။ ပြီးတော့ အနီရောင်ဘူးနဲ့ ထည့်ထားတဲ့ နေ့လယ်စာတွေ လာချပေးတယ်။ ကားစီးပြီး လာစားရတာနဲ့ တန်တယ်။

"တော်တော်ကောင်းတယ်" လို့ ကျွန်တော်ပြောလိုက်တယ်။

"ဈေးလည်းသက်သာတယ်။ အထက်တန်းကျောင်းသူ ဘဝထဲက ကျွန်မ ဒီမှာစားခဲ့တာ။ ကျွန်မ တက်ခဲ့တဲ့ကျောင်းက ဒီလမ်းထဲမှာပဲ။ ကျောင်းက စည်းကမ်းတင်းကျပ်တယ်။ ကျွန်မတို့ ခိုးထွက်ပြီး ဒီမှာ လာစားရ တယ်။ အပြင်ခိုးထွက်တာသိရင် ဒဏ်ပေးခံရတာတတ်တယ်"

mgyoe.com

မျက်မှန်ချွတ်လိုက်တော့ မိဒိုရီရဲ့ မျက်လုံးတွေဟာ အိပ်ချင်နေတဲ့ ပုံပေါက်နေတာ တွေ့ရတယ်။ ဘယ်ဘက်လက်မှာ ဝတ်ထားတဲ့ လက်ကောက်ကို သူ ဆော့နေတယ်။ သူမျက်လုံးကို လက်နဲ့ပွတ်နေတယ်။

"ပင်ပန်းနေလား" လို့ ကျွန်မ မေးလိုက်တယ်။

"အင်း … ကျွန်မ အိပ်ရေး မဝခဲ့ဘူး။ ဒါပေမယ့် အိုကေပါတယ်။ စိတ်မပူပါနဲ့။ ဟိုတစ်နေ့တုန်းက ကိစ္စအတွက် ကျွန်မတောင်းပန်ပါတယ်။ အရေးကြီးတဲ့ကိစ္စတစ်ခုပေါ်လာလို့ ကျွန်မအပြင်မထွက်နိုင်ခဲ့ဘူး။ အဲဒီနေ့က ဆိုင်ကိုဖုန်းဆက် ဖို့တော့ ကျွန်မစဉ်းစားမိသေးတယ်။ ဒါပေမယ့် ကျွန်မဆိုင်နာမည်မမှတ်မိခဲ့ဘူး။ ရှင့်အိမ်ဖုန်းလည်း ကျွန်မမသိဘူး။ အချိန် ကြာကြာစောင့်ခဲ့လား"

"ကိစ္စမရှိပါဘူး။ ကျွန်တော့်မှာ အချိန်တော်တော်ပိုနေပါတယ်"

"တော်တော်အချိန်ပိုနေတယ် ဟုတ်လား"

"ဟုတ်တယ်။ ကျွန်တော် ခင်ဗျား အိပ်ပျော်အောင် အကူအညီ ပေးချင်ပါတယ်"

မိဒိုရီက သူ့ပါးကို လက်နဲ့ကိုင်ပြီး ပြုံးပြတယ်။ "ရှင်ဟာ တော်တော် ကြင်နာတတ်တဲ့လူပဲ"

"မဟုတ်ပါဘူး။ အချိန်ကုန်ချင်တာပါ။ အဲဒီနေ့ ကျွန်တော် ခင်ဗျား အိမ်ကိုတောင် ဖုန်းဆက်ခဲ့ပါသေးတယ်။ ခင်ဗျား ဆေးရုံမှာလို့ လူတစ်ယောက်က ပြောတယ်။ တစ်ခုခုများဖြစ်လို့လား"

"ရှင် ကျွန်မ အိမ်ကို ဖုန်းခေါ်ခဲ့တယ် ဟုတ်လား" လို့ သူက မျက်မှောင်ကြုံ့ပြီးမေးတယ်။ "ကျွန်မ ဖုန်းနံပါတ်ကို ရှင် ဘယ်လိုသိတာလဲ"

"ကျောင်းသားရေးရာမှာ သွားကြည့်ခဲ့တာပါ။ လူတိုင်း လုပ်လို့ရတာပဲ"

သူခေါင်းကို နှစ်ခါပြန်ညိတ်ခဲ့တယ်။ ပြီးတော့ လက်ကောက်နဲ့ ပြန်ဆော့ပြန်တယ်။ "ကျွန်မ အဲဒီလို လုပ်လို့ရမယ်ဆိုတာ တစ်ခါမှ မစဉ်းစားမိခဲ့ဘူး။ ရှင့် ဖုန်းနံပါတ်ကိုလည်း အဲဒီမှာ သွားရှာရင် ရတာပေါ့။ ဆေးရုံအကြောင်းကိုတော့ နောက်တစ်ခေါက်ကျမှ ပြောပြတော့မယ်။ အခု မပြောချင်သေးလို့ပါ"

"ရပါတယ်။ ကျွန်တော် စပ်စုတာမဟုတ်ပါဘူး"

mgyoe.com

mgyoe.com SAMPLE BOOK

"ဟုတ်ပါတယ်။ ရှင်စပ်စုတာ မဟုတ်ပါဘူး။ လောလောဆယ် ကျွန်မ ပင်ပန်းနေလို့ မပြောချင်တာပါ။ မိုးရေထဲက မျောက်တစ်ကောင်လို ဖြစ်နေတယ်"

"အိမ်ပြန်ပြီး အိပ်လိုက်ပါလား"

"အခု မအိပ်သေးပါဘူး။ အပြင်ထွက်ရအောင်"

♥ ♥ ♥

လမ်းနည်းနည်းလျှောက်ပြီး သူတက်ခဲ့တဲ့ အထက်တန်းကျောင်းဘက် သူ ကျွန်တော့်ကို ခေါ်လာခဲ့တယ်။

ဘူတာကိုကျော်တော့ ကျွန်တော်နာအိုကိုနဲ့ မပြီးနိုင်မစီးနိုင် လမ်းတွေ လျှောက်ခဲ့တာကို ပြန်အမှတ်ရမိပါတယ်။ အရာအားလုံးက ဘူတာမှာ စခဲ့တာပဲ လေ။ ကျွန်တော် နာအိုကိုနဲ့ မေလရဲ့တနင်္ဂနွေနေ့မှာ မဆုံဖြစ်ခဲ့ရင် ကျွန်တော့် ဘဝဟာလည်း အခုဖြစ်နေတာတွေနဲ့ ကြီးကြီးမားမား ပြောင်းလဲမှုရှိမှာ မဟုတ်ဘူးလို့ တွေးမိပါတယ်။ မဟုတ်သေးဘူး။ ကျွန်တော် သူနဲ့သာမဆုံ ဖြစ်ခဲ့ရင် ဘာဆိုဘာမှ ပြောင်းလဲမှုရှိမှာ မဟုတ်ဘူးလို့လည်း တွေးမိပါတယ်။ ကျွန်တော်တို့ ရထားပေါ်မှာ ဆုံဖြစ်ဖို့အကြောင်းက ပါလာခဲ့လို့ ဆုံဖြစ်ခဲ့တာပေါ့။ ကျွန်တော်တို့နှစ်ယောက် ရထားပေါ်မှာ မဆုံခဲ့ရင်လည်း တခြားတစ်နေရာရာမှာ ကြုံဦးမှာပေါ့။ ဒီလိုတွေးမိဖို့ အခြေခံဘာမှမရှိပါဘူး။ ကျွန်တော် ခံစားမိရုံ သက်သက်ပါ။

မီဒိုရီကိုဘာယာရှိနဲ့ ကျွန်တော်တို့နှစ်ယောက် ပန်းခြံထဲက ခုံပေါ်မှာ ထိုင်ဖြစ်ကြတယ်။ သူတက်ခဲ့တဲ့ ကျောင်းအဆောက်အဦကို ကြည့်ရင်းနဲ့ပေါ့။ ကျောင်းနံရံတွေမှာ တိုက်ကပ်နွယ်တွေ ကပ်နေကြတယ်။ ခေါင်မိုးထောင့်စွန်း တွေမှာ ခိုကလေးတွေဟာ အတောင်တွေ အနားပေးထားပြီး တိုးဝှေ့ ပူးကပ် နေကြတယ်။ ကျောင်းကြီးက ရှေးလက်ရာကောင်းကောင်းကြီး တစ်ခုပဲ။ ကျောင်းဝင်းထဲမှာ ဝက်သစ်ချပင်ကြီးတစ်ပင် တွေ့ရတယ်။ ကျောင်းထဲက အဖြူရောင် မီးခိုးငွေ့တန်း တစ်တန်း တက်လာတာ တွေ့ရတယ်။

"ဒီမီးခိုးတွေဟာ ဘာတွေလဲဆိုတာ သိလား" မီဒိုရီက ရုတ်တရက် ထမေးတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

''မပြောတတ်ဘူး'' လို့ ကျွန်တော် ပြန်ဖြေလိုက်တယ်။

''အဲဒါ အမျိုးသမီးလစဉ်သုံးပုဝါတွေကို မီးရှို့နေတာ''

''နောက်နေတာမဟုတ်ပါဘူးနော်'' ကျွန်တော် ဘာပြန်ပြောရမယ် မှန်းတောင် မသိတော့ဘူး။

''အမျိုးသမီးလစဉ်သုံးပုဝါတွေ၊ အမျိုးသမီးသုံးပစ္စည်းတွေကို မီးရှို့နေတာ'' လို့ မီဒိုရီက ရယ်ပြီးပြောတယ်။ ''ဒီကျောင်းက မိန်းကလေး ကျောင်းလေ။ ညစောင့်အဖိုးကြီးက အဲဒါတွေကို အမှိုက်ပုံးတွေထဲက လိုက်စုပြီး အမှိုက်ရှို့တဲ့ မီးဖိုထဲ ထည့်လိုက်တာ။ အဲဒီကထွက်တဲ့ မီးခိုးတွေပေါ့''

''ဘယ်လို''

''ဟုတ်တယ်။ ကျွန်မကျောင်းတက်တုန်းက ပြတင်းပေါက်ကနေ ကြည့်နေခဲ့တတ်တဲ့ မီးခိုးတွေပေါ့။ ကျောင်းမှာ မိန်းကလေးတစ်ထောင်ကျော် ရှိတယ်။ မိန်းကလေးကိုးရာကျော် ရာသီလာနေချိန်မှာ ကျန်တဲ့ ငါးပုံတစ်ပုံဖြစ်တဲ့ မိန်းကလေး တစ်ရာ့ရှစ်ဆယ်ဟာ ရာသီလာခါနီးနေပြီ။ အဲဒီတော့ နေ့တိုင်း မိန်းကလေး တစ်ရာ့ရှစ်ဆယ်ဟာ အမျိုးသမီးသုံးပစ္စည်းတွေ သုံးနေရတယ်''

''ခင်ဗျားပြောတာ ဖြစ်နိုင်ပါတယ်။ ကျွန်တော်တော့ မတွက်တတ် ဘူး''

''ရှင်သာ အဲဒီ ပစ္စည်းတွေကို လိုက်သိမ်းပြီး မီးရှို့ရမယ်ဆိုရင် ဘယ်လိုခံစားမိမလဲ''

''ကျွန်တော်မပြောတတ်ဘူး'' ကျွန်တော်ပြန်ပြောခဲ့တယ်။ အစောင့် အဖိုးကြီး ဘယ်လိုခံစားရလဲဆိုတာကို ကျွန်တော် မခန့်မှန်းနိုင်ဘူး။ မီဒိုရီရဲ့ ကျွန်တော်ဟာ မီးခိုးတွေ ဆက်ကြည့်ဖြစ်နေတယ်။

''ကျွန်မ ဒီကျောင်းကို တက်ချင်ခဲ့တာမဟုတ်ဘူး'' လို့ မီဒိုရီဟာ ခေါင်းလေးခါပြီး ပြောတယ်။ ''ကျွန်မ ရိုးရိုးအထက်တန်းကျောင်းကိုပဲ တက်ချင်ခဲ့တာ။ ယောကျ်ားလေး၊ မိန်းကလေးတွေရောတက်ရတဲ့ ရိုးရိုး အထက်တန်း ကျောင်းမှာပဲ ဆယ်ကျော်သက်ဘဝကို ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းချင်ခဲ့တာ။ ဒါပေမဲ့ ကျွန်မမိဘတွေက ကျွန်မကို ဒီကျောင်းပဲ တက်စေချင်ခဲ့တယ်။ မူလတန်းကျောင်းမှာ အမှတ်ကောင်းကောင်းရခဲ့တော့ သူတို့က ဒီကျောင်းမှာပဲ တက်ခိုင်းကြတယ်။ ဆရာ၊ ဆရာမတွေကလည်း ဒီကျောင်းကို ပို့သင့်တယ်လို့ မိဘတွေကို တိုက်တွန်းခဲ့ကြတယ်။ အဲဒါနဲ့ပဲ ကျွန်မဒီကျောင်းကို ရောက်ခဲ့တာ။

mgyoe.com

mgyoe.com SAMPLE BOOK

ခြောက်နှစ်တောင် တက်ခဲ့ရတယ်။ ဘယ်တုန်းကမှ ဒီကျောင်းကို မကြိုက်ခဲ့ဘူး။ ကျွန်မ ဒီကျောင်းက ထွက်ဖို့ပဲ စဉ်းစားနေခဲ့တာ။ ကျွန်မ တစ်ရက်မှ ကျောင်းနောက်မကျခဲ့သလို တစ်ရက်မှလည်း ကျောင်း မပျက်ခဲ့ဘူး။ ဒီနေရာကိုပဲ မုန်းခဲ့တာ။ ကျွန်မ ပြောတာ သဘောပေါက်လား မသိဘူး''

''ဘာလဲဆိုတော့ ကျွန်မ ဒီနေရာကို အမုန်းကြီးမုန်းခဲ့တယ်။ ဒီမှာ တက်နေခဲ့ရတာကို ကျွန်မ မပျော်နိုင်ခဲ့ဘူး။ ကျွန်မရဲ့ အဆင့်တွေ လျော့ကျမှာကိုလည်း ကျွန်မ သိပ်ကြောက်ခဲ့တယ်။ တစ်ရက်တော့ ကျွန်မဟာ ကိုယ်အပူချိန် ၁၀၃ ဒီဂရီနဲ့ ကျောင်းရောက်ခဲ့တယ်။ ဆရာမက နေမကောင်းဘူးလား မေးတော့ ကျွန်မက ကောင်းပါတယ်လို့ ဖြေခဲ့တယ်။ အဲဒီတော့ ကျောင်းက ကျွန်မကို ကျောင်းတက် အမှန်ဆုံး ကျောင်းသူဆု ပေးခဲ့တယ်။ ဆုစာရွက်နဲ့အတူ ပြင်သစ်အဘိဓာန်တစ်အုပ်လည်း ပေးခဲ့တယ်။ အဲဒါကြောင့်လည်း ကျွန်မ အခု ဂျာမန်စာသင်နေတာ၊ ဒီကျောင်းကို ကျေးဇူးမတင်ချင်ဘူး''

''ဘာဖြစ်လို့ ဒီလောက်တောင်မုန်းရတာလဲ''

''ရှင်ရော ရှင့်ကျောင်းကို ကြိုက်လို့လား''

''ကြိုက်တော့မကြိုက်ဘူး။ ဒါပေမဲ့ မုန်းလည်းမမုန်းဘူး။ ကျွန်တော်ကတော့ ပုံမှန်အစိုးရအထက်တန်းကျောင်း တက်ခဲ့တယ်။ တခြားကျောင်းပြောင်းချင်တဲ့ ဆန္ဒမျိုးလည်း မရှိခဲ့ဘူး''

''ဒီကျောင်းက'' လို့ မိဒိုရိပြောရင်း သူ မျက်စေ့ထောင့်စွန်းကို လက်နဲ့ ပွတ်သက်နေတယ်။''ဘာမှမဟုတ်ပါဘူး။ အထက်တန်းလွှာ မိန်းကလေးတွေ ရှိတာကလွဲလို့ပေါ့။ ဒီကျောင်းမှာ တက်ကြတဲ့ မိန်းကလေးတိုင်းလိုလိုဟာ ချမ်းသာပြီးအထက်တန်းလွှာဖြစ်တဲ့ မိသားစုတွေကနေ ပေါက်ဖွားလာကြတာချည်းပဲ။ သူတို့တွေဟာ အသက်ရှင်ဖို့အတွက် ချမ်းသာဖို့လိုအပ်တယ်လို့ သဘောထားကြတဲ့လူတွေပေါ့။ ကျောင်းစရိတ်ကကြီးသလို၊ ဟိုကြေးသည်ကြေးတွေလည်း မကြာခဏ ပေးရတယ်။ ဈေးကြီးတဲ့ ကျောင်းခရီးစဉ်တွေကလည်း မကြာခဏ လုပ်တတ်ကြတယ်။ ကျွန်မတို့ တိုကျိုမြို့ကို သွားလည်တယ်ဆိုပါတော့။ ပထမတန်းစား တည်းခိုခန်းမှာမှ တည်းတယ်။ လက်ဖက်ရည်ဝိုင်းတွေ လုပ်ကြတယ်။ တစ်နှစ်မှာ တစ်ကြိမ်တိုကျိုမြို့က အကောင်းစား ဟိုတယ်ကို ခေါ်ပြီး စားသောက်ဝိုင်းတွေမှာ ပြုမူရမယ့် အလေ့အကျင့်တွေ သင်ပေးတယ်။ ရိုးရိုးသာမန် ဘယ်ကျောင်းမှ အဲဒီလို

mgyoe.com

mgyoe.com SAMPLE BOOK

မလုပ်တတ်ကြဘူး။ ကျွန်မတို့အတန်းထဲမှာ မိန်းကလေး တစ်ရာ့ခြောက်ဆယ် ရှိတယ်။ ကျွန်မ တစ်ယောက်ထဲ လူလတ်တန်းစား မိဘပေါက်ဖွားလာတဲ့ တိုရှိမာရပ်ကွက်မှာနေတာ၊ တစ်ယောက်ပဲ ရှိတယ်။ တစ်ခါတုန်းကတော့ ကျောင်းလူစာရင်းကို ကျွန်မ ယူကြည့်မိတယ်။ ကျန်တဲ့ ကျောင်းသူတွေ ဘယ်မှာနေလဲဆိုတာ သိအောင်လို့ပါ။ သူတို့အားလုံး လူချမ်းသာ ရပ်ကွက်တွေမှာနေကြတဲ့ လူတွေချည်းပဲ။ ကျွန်မအတွက် အဖော်မိန်းကလေး တစ်ယောက်တော့ ရှိခဲ့တယ်။ သူက လယ်သမားအများစုနေတဲ့ ချိဘာရပ်ကွက်က လာတာပါ။ ကျွန်မ သူ့ကို တော်တော်ခင်ခဲ့တယ်။ ကျွန်မကိုလည်း သူ့ အိမ်ကို တစ်ခါ ဖိတ်ခေါ်ခဲ့တယ်။ ခရီးဝေးတဲ့အတွက် သူကတော့ တောင်းပန်ရှာ ပါတယ်။ သူ့ အိမ်ကိုရောက်တော့ မယုံကြည်နိုင်လောက်အောင် ကျယ်ပြန့်တဲ့ မြေဧရိယာကို တွေ့ခဲ့ရတယ်။ ဆယ့်ငါးမိနစ်လောက် လမ်းလျှောက်မှ လျှောက်လို့ ကုန်မယ့် ပုံပဲ။ ခြံထဲမှာ အရမ်းလှတဲ့ ဥယျာဉ်တစ်ခုလည်း ရှိတယ်။ ပြီးတော့ ကားတစ်စီးစာလောက်ရှိတဲ့ ခွေးကြီးနှစ်ကောင်လည်း တွေ့ခဲ့ရတယ်။ သူတို့ အိမ်ကခွေး ကြီးတွေကို အမဲသားတုံးကြီးတွေ ကျွေးတယ်။ အဲဒီ ကောင်မလေး ဟာ ကျောင်းနောက်ကျရင် မာစီဒီးစီးပြီး လာလို့ရတယ်။ တက္ကစီ စီးလဲ ရတယ်။ သူ အပြင်ထွက်ရင် ဦးထုပ်၊ လက်အိတ်ဖြူ အကုန်အစုံရှိတယ်။ ဒါပေမဲ့ သူ့မှာ နိမ့်ကျတဲ့ စိတ်ကရှိနေတယ်။ ရှင်ယုံမှာ မဟုတ်ဘူး''

ကျွန်တော် ခေါင်းခါလိုက်တယ်။

''ကိတာအိုဆူကာတိုရှိမာလို ရပ်ကွက်မှာနေတဲ့ လူဆိုလို့ အတန်းထဲမှာ ကျွန်မတစ်ယောက်ပဲ ရှိခဲ့တယ်။ မိဘတွေရဲ့ အလုပ်အကိုင်က စာအုပ်ဆိုင်ပိုင်ရှင် ဆိုတော့ အားလုံးက ကျွန်မကို ချမ်းသာတယ်လို့ ထင်ကြတယ်။ 'နင် တော်တော် ကံကောင်းတာပဲ။ နင် ဖတ်ချင်တဲ့ စာအုပ်ကို ဖတ်လို့ရတာပေါ့' လို့လူတိုင်းက ပြောတတ်ကြတယ်။ လူတိုင်းက ကျွန်မ မိဘပိုင်တဲ့စာအုပ်ဆိုင်ဟာ ကီနိုကူနိယာ လို ဧရာမ စာအုပ်ဆိုင်ကြီးတစ်ဆိုင်လို့ ထင်ကြတယ်။ တကယ်တော့ ကိုတာယာရှိ စာအုပ်ဆိုင် သေးသေးကွေးကွေးလေးကို သူတို့ မခန့်မှန်းနိုင်ကြဘူး။ ဆိုင်ထဲကို ဝင်လိုက်တာနဲ့ မဂ္ဂဇင်းစာအုပ်တွေကလွဲလို့ တခြားဘာစာအုပ်ကိုမှ မတွေ့နိုင် ဘူး။ စာအုပ်အများစုဟာ အမျိုးသမီးဖတ်မဂ္ဂဇင်းတွေချည်းပဲ။ ရောင်းကောင်းတဲ့ မဂ္ဂဇင်းတွေကတော့ လိင် ကိစ္စနဲ့ ပတ်သက်တဲ့ နည်းနာနိသျှတွေ ဖော်ပြထားတဲ့ မဂ္ဂဇင်းတွေပေါ့။ အိမ်ရှင်မတွေဟာ အဲဒီမဂ္ဂဇင်းတွေဝယ်ပြီး မီးဖိုချောင်က

mgyoe.com SAMPLE BOOK

စားပွဲပေါ်မှာ ထိုင်ဖတ်ကြမယ်။ ညရောက်လို့သူတို့ ယောက်ျားတွေ ပြန်လာတဲ့ အခါမှာ အဲဒီ့ နည်းစနစ်အသစ်တွေကို စမ်းသပ် အသုံးပြုတတ်ကြတယ်။ တစ်နေကုန် သူတို့စိတ်ထဲမှာ အဲဒီအကြောင်းတွေကို စဉ်းစားနေခဲ့တယ်။ ကာတွန်း၊ မဂ္ဂဇင်းတွေဆိုရင်လည်း ရောင်းကောင်းတယ်။ မဂ္ဂဇင်း၊ ဆန်းဒေး၊ ဂျမ့်ပ်စတဲ့ မဂ္ဂဇင်းတွေဟာ ရောင်းကောင်းတယ်။ ပြီးတော့ အပတ်စဉ်ထုတ် ဂျာနယ်တွေလည်း ရောင်းတယ်။ ကျွန်မတို့ဆိုင်က အဓိကရောင်းတာကတော့ မဂ္ဂဇင်းတွေချည်းပါပဲ။ စာအုပ်အနည်း အကျဉ်းတော့ ရောင်းတယ်။ အဲဒါတွေ ကလည်း ဈေးပေါပေါ စာအုပ်တွေပါ။ လျှို့ဝှက်ဆန်းကြယ်တဲ့ စာအုပ်တွေ၊ အပျော်ဖတ် အချစ်ဝတ္ထုတွေပေါ့။ ပြီးတော့ ဘာလုပ်နည်း၊ ညာလုပ်နည်း စာအုပ်တွေပေါ့။ အနိုင်ရနည်း၊ ဘွန်ဗိုင်းစိုက်နည်း၊ မင်္ဂလာဆောင်မှာ စကား ပြောနည်း၊ လိင်ဆက်ဆံနည်း၊ ဆေးလိပ်ဖြတ်နည်း ...စတဲ့စာအုပ်တွေပေါ့။ ပြီးတော့ စာရေးကိရိယာတွေလည်း ရောင်းတယ်။ စစ်နဲ့ ငြိမ်းချမ်းရေး စာအုပ် မရှိဘူး။ ကင်ဇာဘူရိုအိုအဲရဲ့စာအုပ် မရှိဘူး။ လေလွင့်သူစာအုပ် မရှိဘူး။ ကိုဘာယာရှိ စာအုပ်ဆိုင်ဟာ အဲဒီလိုပဲ။ ကျွန်မ ကံကောင်းတယ်ဆိုတာ အဲဒါပဲ။ ကျွန်မ ကံကောင်းတယ်လို့ ရှင်ထင်လား''

''အဲဒီ့ စာအုပ်ဆိုင်မျိုးကို ကျွန်တော်မှန်းဆနိုင်ပါတယ်''

''ကျွန်မ ဆိုလိုတာကို ရှင်နားလည်မှာပါ။ အနီးအနား အိမ်တွေက လူတွေလာဝယ်တတ်တယ်။ တချို့လူတွေက နှစ်ပေါင်းများစွာကြာအောင် လာဝယ်တတ်ကြတယ်။ တချို့လူတွေကို အိမ်အရောက် လိုက်ပို့ပေးတယ်။ လုပ်ငန်းကတော့ ကောင်းတယ်။ မိသားစု လေးယောက် ကောင်းကောင်း စားလောက်တယ်။ အကြွေးမရှိဘူး။ သမီးနှစ်ယောက်ကို ကောလိပ် ပို့နိုင်တယ်။ အဲဒီလောက်ပါပဲ။ အပိုသုံးစရာတော့ မရှိဘူး။ သူတို့ ကျွန်မကို ဒီလို ကျောင်း ကြီးမျိုးကို မပို့သင့်ဘူး။ ကျောင်းက ပိုက်ဆံတောင်းတိုင်း ကျွန်မ စိတ်ညစ်တယ်။ သူငယ်ချင်းတွေနဲ့ မုန့်စားရင်လည်း ပိုက်ဆံမလောက်မှာကို အမြဲ ကြောက်နေခဲ့ ရတယ်။ သူတို့တွေဟာ ဈေးကြီးတဲ့ ဆိုင်တွေမှာမှ စားချင်ကြတယ်။ နေရ ထိုင်ရတာ စိတ်ပျက်စရာပဲ။ ရှင့် မိသားစုရော ချမ်းသာလား''

''ကျွန်တော့် မိသားစုလား။ မချမ်းသာပါဘူး။ ကျွန်တော့် မိဘတွေဟာ သာမန်အလုပ်သမား လူတန်းစားပါပဲ။ မချမ်းသာဘူး။ မဆင်းရဲဘူး။ တိုကျိုမြို့ က ပုဂ္ဂလိက ကောလိပ်ဆီ ကျွန်တော့်ကို ပို့ရတာ သူတို့အတွက် မလွယ်ဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

သူတို့ ကျွန်တော့်အတွက် ပိုက်ဆံများများ မပို့နိုင်ဘူး။ အဲဒီတော့ ကျွန်တော် အချိန်ပိုင်း အလုပ်လုပ်ရတယ်။ ကျွန်တော်တို့ မိသားစုဟာ ဥယျာဉ်သေးသေး ပါတဲ့ သာမန်အိမ်မှာနေတယ်။ တိုယိုတာကိုရိုလာကားပဲ စီးနိုင်တယ်''

''ရှင်ရဲ့ အလုပ်က ဘယ်လိုမျိုးလဲ''

''ကျွန်တော် ရှင်ဂျူကူဓာတ်ပြားအရောင်းဆိုင်မှာ တစ်ပတ်သုံးရက် အလုပ်လုပ်တယ်။ ကျွန်တော့် အလုပ်က လွယ်ပါတယ်။ ထိုင်ပြီး စောင့်ကြည့်ပေး နေရုံပါပဲ''

''နောက်နေတာတော့ မဟုတ်ပါဘူးနော်။ ရှင့်ပုံက ပိုက်ဆံအတွက် အလုပ်ကို ပင်ပင်ပန်းပန်းလုပ်ရတဲ့ ပုံမပေါ်ဘူး''

''ဟုတ်ပါတယ်။ ကျွန်တော် ပိုက်ဆံအတွက် အလုပ်ကို ပင်ပင်ပန်းပန်း မလုပ်ရပါဘူး။ ပိုက်ဆံတွေ တန်ချိန်လောက် ရှိနေလို့လည်း မဟုတ်ဘူး။ ကျွန်တော်က သာမန်လူတစ်ယောက်ပါပဲ''

''ကျွန်မရဲ့ အခန်းထဲက လူတွေအားလုံးက ချမ်းသာကြတယ်''လို့ မိဒိုရီက သူ့ လက်နှစ်ဖက်ကို ပွတ်ပြီး ပြောတယ်။ ''အဲဒါက ကျွန်မအတွက် ပြဿနာကြီး တစ်ခုဖြစ်ခဲ့တာပါ''

''ခုတော့ ခင်ဗျားဟာ လောကကြီးကို ပြဿနာမရှိပဲ ကြည့်လို့ ရပြီပေါ့။ ခင်ဗျားဖြစ်ချင်တာထက်တောင် ပိုနေပြီလို့ ပြောလို့ရတယ်''

''ကျွန်မကို ပြောပြပါဦး။ ချမ်းသာတဲ့အတွက် အကောင်းဆုံး အချက်က ဘာလဲဆိုတာကို''

''ကျွန်တော် မပြောတတ်ဘူး''

''ပိုက်ဆံမရှိဘူးလို့ ပြောနိုင်တဲ့အချက်လို့ ကျွန်မ ထင်တယ်။ ဥပမာ ဆိုပါတော့ ကျွန်မက အတန်းဖော်တစ်ယောက်ကို တစ်ခုခု လုပ်ဖို့ပြောတဲ့အခါ သူက ''ဆောရီးပဲ။ ငါ့မှာ ပိုက်ဆံမရှိဘူး'' လို့ ပြန်ပြောလိမ့်မယ်။ တကယ်လို့ ကျွန်မ အဲဒီလိုပြောရင် အခြေအနေက တစ်မျိုးပြောင်းပြန် ဖြစ်လိမ့်မယ်။ ကျွန်မက 'ငါ့မှာ ပိုက်ဆံမရှိဘူး' လို့ ပြောတာဟာ 'ငါ့မှာ ပိုက်ဆံမရှိဘူး' ဆိုတဲ့ အဓိပ္ပါယ်ပဲ။ ပြောရရင် အရမ်းချောတဲ့ ကောင်မလေးတစ်ယောက်က 'ငါဒီနေ့ မလှလို့ အပြင်မထွက်ချင်ဘူး' လို့ ပြောရင် အဆင်ပြေတယ်။ ဒါပေမဲ့ သူပြောသလိုမျိုး ရုပ်ဆိုးတဲ့ ကောင်မလေးတစ်ယောက်က ပြောရင်တော့

mgyoe.com

mgyoe.com SAMPLE BOOK

အားလုံး ပိုင်းရယ်လိမ့်မယ်။ အဲဒီလိုပဲပေါ့ ဒီကျောင်းမှာ ကျွန်မ ရရှိခဲ့တာက ခြောက်နှစ်တာ ကာလပတ်လုံးပဲ။ ပြီးခဲ့တဲ့ နှစ်က အထိပေါ့''

''အဲဒီ အခြေအနေကို ခင်ဗျား ဖြတ်ကျော်နိုင်ခဲ့ပါပြီ''

''ကျွန်မလည်း အဲဒီလိုထင်တာပဲ။ ကောလိပ်က စိတ်သက်သာရာရတဲ့ နေရာပါပဲ။ သာမန်လူတွေအများကြီးရှိတယ်''

သူ့ရဲ့အပြုံးကြောင့် သူ့နှုတ်ခမ်းလေး ကွေးညွတ်သွားတယ်။ သူ့ရဲ့ လက်နဲ့ ဆံပင်ကို ပွတ်နေသေးတယ်။

''ခင်ဗျားမှာ အလုပ်ရှိလား'' လို့ ကျွန်တော်မေးလိုက်တယ်။

''ရှိတယ်။ ကျွန်မ မြေပုံစာတိုလေးတွေ ရေးတယ်။ ရှင် သိတယ် မဟုတ်လား မြေပုံပါတဲ့ လက်ကမ်းစာစောင်လေးတွေပေါ်မှာ စာညွှန့်တိုတိုလေး တွေ ရေးထားတာကိုလေ။ ပတ်ဝန်းကျင်သာယာမှု၊ လူဦးရေနဲ့ စိတ်ဝင်စားစရာ အချက်ကလေးတွေရေးထားတဲ့ မြေပုံတွေ မြင်ဖူးမှာပေါ့။ ဒီနေရာဟာ ဘယ်လို သာယာတာ၊ ဒီနေရာမှာ ထူးခြားတဲ့ ပန်းတွေနဲ့ ငှက်တွေရှိတာ အဲဒါ မျိုးလေးတွေ ပေါ့။ အဲဒါမျိုးမြေပုံတွေမှာ ကျွန်မရေးတယ်။ အချိန်ပေးစရာမလိုဘူး။ အဲဒီလို စာရွက် စာအုပ်တစ်အုပ်လုံးကို ကျွန်မ စာကြည့်တိုက်ထဲမှာ စာအုပ်တွေကြည့်ပြီး တစ်ထိုင်ထဲ ပြန်ရေးနိုင်တယ်။ အဲဒီ့အလုပ်က လျှို့ဝှက်ချက်လေး နှစ်ခုထားဖို့ပဲ လိုတယ်။ အလုပ်တွေ အလိုလို ရောက်လာလိမ့်မယ်''

''ဘယ်လို လျှို့ဝှက်ချက်တွေလဲ''

''သူများ ရေးဖူးပြီးသားကို လိုက်မရေးမိဖို့ပဲ။ မြေပုံကုမ္ပဏီက လူတွေကရှင့်ကို စာပေပါရမီရှင်လေးလို့ ထင်ပြီး၊ ရှင့်အိမ်ကို အလုပ်တွေ ထပ်ထပ်ပြီး ပို့ကြလိမ့်မယ်။ ဥပမာအားဖြင့် တောင်ကြားတစ်ခုခုမှာ သူတို့ ဆည်တစ်ခုဆောက်လိုက်လို့ တစ်ရွာလုံး အတွက် လုံလောက်တဲ့ ရေရတယ်ပေါ့။ ဒါပေမဲ့ နွေဦးရာသီရောက်တိုင်း ငှက်ကလေးတွေဟာ ကန်ပေါ်ကို ပျံဝဲ ရောက်လာစမြဲပဲလို့ ထည့်ရေးပေးရမယ်။ ဇာတ်ကွက်သေးသေးလေး တစ်ခု ထည့်ရေးပေးရမယ်။ လူတိုင်းဇာတ်ကွက်ကို သဘောကျတယ်။ အဲဒါမှ အသက်ဝင်ပြီး စိတ်လှုပ်ရှားစရာကောင်းမှာ။ ပုံမှန်အချိန်ပိုင်း အလုပ်သမား တွေကတော့ ကျွန်မလို အလုပ်မျိုးကို ကြိုက်မှာမဟုတ်ဘူး။ ဒါပေမဲ့ ကျွန်မ အတွက်တော့ ရေးလို့ရတဲ့ ဝင်ငွေက လုံလောက်တယ်''

''ဟုတ်ပါတယ်။ ဒါပေမဲ့ ခင်ဗျား ဇာတ်ကွက်လေးတွေ ရှာနေရ မှာပေါ့''

mgyoe.com

mgyoe.com SAMPLE BOOK

''ဒါပေါ့'' လို့ မီဒိုရီက ခေါင်းလေးကို ယိမ်းပြီးပြောတယ်။ ''အဲဒါတွေကို လိုက်ရှာနေရင်တော့ တွေ့မှာပဲလေ။ စိတ်ထဲ မထည့်ထားရင်တော့ ဘယ်တော့မှ မရဘူးပေါ့''

''အို ...''

''အေးဆေးပါပဲ''လို့ မီဒိုရီက ဆိုတယ်။

သူက ကျွန်တော့်အဆောင်က အကြောင်းတွေကိုမေးတော့ ကျွန်တော်က ပုံမှန်ပြောနေကျဖြစ်တဲ့ အလံလွှင့်ပုံနဲ့ မုန်တိုင်းတပ်သားအကြောင်းကို ပြောပြတာပေါ့။ မုန်တိုင်းတပ်သားအကြောင်းပြောတော့ မီဒိုရီဟာ ခွက်ထိုးခွက်လန်ရယ်ပါတယ်။ မုန်တိုင်းတပ်သား အကြောင်းကြားရရင် ကမ္ဘာပေါ်မှာရှိသမျှ လူအားလုံး ရယ်တော့မလား မသိဘူး။ မီဒိုရီဟာ အဆောင်ကိုလည်း ရယ်စရာလိုပဲ ထင်နေပါတယ်။ အဆောင်ကတော့ ရယ်စရာမဟုတ်ပါဘူးလို့ သူ့ကို ပြောခဲ့ပါတယ်။ ညစ်ပတ်ပေရေနေတဲ့ အခန်းတွေထဲ အရက်သောက်သူတွေ၊ တစ်ကိုယ်တော် ဖြေဖျောက်မှုတွေ အကြောင်းပြောပြခဲ့တယ်။

''အဲဒီအထဲမှာ ရှင်ရောပါလား''

''ကမ္ဘာ့မြေမျက်နှာပြင်ပေါ်မှာ ရှိတဲ့လူ အားလုံးပါဝင်တယ်။ မိန်းကလေးတွေက ရာသီလာတတ်သလို ယောကျ်ားလေးတွေက ဖြေဖျောက်ကြတာပဲပေါ့'' လို့ ကျွန်တော် ပြောလိုက်တယ်။

''မိန်းကလေးတွေရော ပါလား။ ကျွန်မဆိုလိုတာ လိင်ကိစ္စ အဖော်တွေရော ခေါ်တတ်သလားလို့''

''အဲဒီလိုမျိုးတော့ မရဘူး။ ကျွန်တော့် အခန်းဘေးမှာနေတဲ့ ကီအိုကျောင်းသားတစ်ယောက်ဆိုရင် ချိန်းထားတဲ့ ကောင်မလေးနဲ့ သွားမတွေ့ခင် ဖြေဖျောက်တတ်တယ်။ အဲဒီလိုလုပ်တာဟာ သူ့ကို စိတ်သက်သာရစေတယ်တဲ့''

''ကျွန်မကတော့ အဲဒီ ကိစ္စတွေမသိဘူး။ ကျွန်မ မိန်းကလေး ကျောင်းမှာ အချိန်အတော်ကြာ နေခဲ့ရတာဆိုတော့လေ''

''အမျိုးသမီးမဂ္ဂဇင်း အချပ်ပို စာမျက်နှာတွေက ခင်ဗျားကို ဗဟုသုတပေးတာ မရှိဘူးလား''

''မရှိပါဘူး''လို့ သူက ရယ်ပြီး ပြောတယ်။ ''ဘာပဲပြောပြော ဝါတာနာဘီ လာမယ့် တနင်္ဂနွေနေ့ ရှင်အားလား''

''တနင်္ဂနွေနေ့တိုင်း ကျွန်တော် အားတယ်။ ညနေ ခြောက်နာရီကျမှ ကျွန်တော် အလုပ်ဆင်းရမှာ''